www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**Light** publishing house

15, Awba street, Tarmwe.

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၀၃၀၅၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၃၄၀၅၀၆

ပထမအကြိမ် အုပ်ရေ (၅၀၀)
တန်ဖိုး (၁၀၀)ကျပ်
၂၀၀၅ ဩဂုတ်၊

အတွင်းပုံနှိပ်သူ
ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက်
၃၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့၊

မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း (နေလရောင်ပုံနှိပ်တိုက်)
၃၄၆/ခ၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊

ထုတ်ဝေသူ
ဦးမောင်တလေး (သောကြာ စာအုပ်တိုက်)
၁၅၊ ဩဘာလမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊

နေခြည် (စာပေ) | မှ တစ်ပြည်လုံးသို့ ဖြန့်ချိသည်

ဖုန်း ၃၈၇၆၀၆

( စတင်ခြင်း )

ရောက်ပြီ၊ 'လက်ပံစု' ရွာသားဒီပဇော်သည် တိုက်လေယာဉ်တစင်းပမာ အရှိန်ပြင်းပြင်းပျံသန်းလာခဲ့ပြီး ရန်ကုန်မြို့တော်ကြီးကို ဆိုက်ရောက်လိုက်သည်နှင့် တောကျီးကန်းတစ်ကောင် ဖြစ်သွားရှာတော့သည်။ သူဝတ်ထားတဲ့ အင်္ကျီက အဖြူဆိုတော့ ကျီးကန်းဖြူပေါ့လေ။

"တောက်၊ ထွေးစိန်ဆီက ပထမဦးဆုံး ပြန်စာကိုတောင် ဒီလောက်ခဏခဏ ဖွင့်မဖတ်ခဲ့ဘူး" ဟုစိတ်ထဲမှ မကျေမနပ်ပြောမိသည်။ ရဲနိုင်နေသော အဆောင်လိပ်စာကို သူအကြိမ်တစ်ရာနီးနီးထုတ်ဖတ် နေရသောကြောင့်ဖြစ်သည်။ ထွေးစိန်ဆီက ပြန်စာကို ဒီလောက်ဖွင့်ဖတ်စရာမှ မလိုတာဟုတွေးမိပြန်ပြီး တစ်ယောက်တည်းပြုံးရပြန်သည်။ ထွေးစိန်ကိုပေးဖို့ သူရည်းစားစာရေးစဉ်က ဆယ်တန်းစာမေးပွဲ(၃)နာရီ စာဖြေသလောက် အားထုတ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွေးစိန်ဆီက ပြန်စာကတော့ အုကြောင်ကြောင် . . .

“ *တော်ကြိုက်ရင်လည်း ပြီးတာဘဲ*

ပုံ

*ထွေးစိန်* ” ဟူ၏။

စာရွက်လေးတစ်ရွက် ဖြန့်ကိုင်ပြီး ပြုံးစိစိဖြစ်နေသော ဒီပဇော်ကိုလွန်စွာ သဘောကောင်းဟန်တူသော တက္ကစီဆရာက သွားလိုရာခရီးလိုက်ပို့ ပါရစေဟု လောကွတ်ပျူငှာပြုလာပါသည်။ စဉ်းစားမနေတော့ပါ၊ ဈေးမေးဈေးဆစ်လုပ်ဖို့သာ ရှိတော့သည်။ ရန်ကုန်ကို မရောက်ဖူး၍မဟုတ်၊ လွန်ခဲ့သော သုံးနှစ်ကျော်က အလုပ်ကိစ္စဖြင့် တစ်ခေါက်ရောက်ခဲ့ဖူးသည်။ ရန်ကုန်ဆက်တင်က ယခုပြောင်းလဲနေပြီ။ ရန်ကုန်ရဲ့ ဒီဇိုင်းကအသစ်ဖြစ်နေပြီ။

“ လှည်းတန်းကို ဘယ်လောက်နဲ့ ပို့ပေးနိုင်မလဲ ”

“ ၁၅၀၀ ဘဲပေးပါ ညီလေးရာ၊ ညီလေးလည်း သွားနေကျဘဲမဟုတ်လား ”

ဒီပဇော်က၊ မဟုတ်ဘူးငြင်းလိုက်လျှင်လည်း တောသား မှန်း လူသိပေရော့မည်။ ခေါင်းတချက်ညိတ်လိုက်သည်နှင့် အရာရာ အဆင်ပြေသွားပါသည်။ ထို့နှယ်ပင် တောကျီးကန်းအဖြူတစ်ကောင်သည် ၁၅၀၀ကျပ်တိတိ ပေးငှားစားရသော တက္ကစီကား ပြတင်း တံခါးထက်မှာလက်တင်ပြီး အခန့်သားစီးနင်းလိုက်ပါလာခဲ့သည်။ တန်ပါပေသည်။ တက္ကစီကားဒရိုင်ဘာ၏ နှုတ်မှထုတ်လွှင့်လာသော ကမ္ဘာ့ဖလားဘောလုံး သတင်းကိုလည်း ဝါသနာမပါဘဲ ‘ အင်း ’ လိုက်လာရသေးသည်။ မပျင်းရတာပေါ့။

“ ဟာ . . . သွားပါပြီ ”



“ ဘာ မေ့ကျန်ခဲ့လို့လဲ ညီလေး ”

“ ခင်ဗျားတို့ ရန်ကုန်ကလူတွေ တော်တော်စည်းကမ်းမဲ့ပါလားဗျာ ”

“ အကိုက ရန်ကုန်က မဟုတ်ဘူးကွ မုံရွာကနေ ရန်ကုန်တက်ပြီး စီးပွားလှာရှာလာ ”

အရေးထဲမှ ကိုရွှေဒရိုင်ဘာက သူ့ကိုယ်သူကာကွယ်နေသေးသည်။ ဒီပဇော်တို့ကားကို ကပ်ရှောင်သွားသော ဘတ်(စ်)ကား တစ်စီးပေါ်မှ ထွေးချလိုက်သော အမည်မဲ့ကွမ်းတံတွေးက ဒီပဇော်ရဲ့ ရှပ်အင်္ကျီအဖြူလေးကို စွန်းညစ်သွားလေသည်။ ဒီပဇော်တော်တော်ဒေါသထွက်မိသော်လည်း ဘာမှမတတ်နိုင်၊ အဝတ်အစား အိတ်ကိုဖွင့်ပြီး အင်္ကျီတထည်ထုတ်လဲလိုက်ရသည်။

တက္ကစီဒရိုင်ဘာ၏ ကျေးဇူးဖြင့် သူငယ်ချင်းရဲနိုင်တို့ အဆောင်မဟာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရလေသည်။

အဆောင်ဟုသာဆိုသည် အဆောင်နှင့်မတူ၊ အရောင်အသွေးက မည်းညစ်ညစ်၊ ဂိုဒေါင်ကို အဆောင်လုပ်ထားတာလားဟု ဒီပဇော် တွေးမိသေးသည်။ လုံးဝလန်းဆန်းမှု မရှိ၊ အဆောင်ကိုမြင်မှ ရဲနိုင်၏ရုပ်သွင်ကို သတိပြုမိတော့သည်။ ရဲနိုင်မည်သော ‘လက်ပံစု’ ရွာသားကား- သေးသေးညှက်ညှက်၊ မျက်လုံးပြူးပြူး၊ အသားက မည်းကြုတ်ကြုတ်၊ မဆိုးပါဘူးရဲနိုင်က သူနှင့်လိုက်အောင် ဟာမိုနီဖြစ်အောင် အဆောင်ကိုရွေးချယ်ထားပေသည်ကိုး။

အဆောင်တံခါးကတော့ ဖွင့်ထားသည်။

လူရိပ်လူယောင်မမြင်

အဆောင်တံခါးဝမှာ ခေါင်းပြူပြီး ဒီပဇော်အကဲခတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ယောက်မှ မတွေ့၊ တိတ်ဆိတ်ငြိမ်သက်နေသည်။ လူမရှိဘဲတော့ တံခါးဖွင့်ထားမည်မထင်၊ တံခါးပေါက်နှင့် တည့်တည့် မျက်နှာချင်းဆိုင်နံရံထက်တွင် စည်းကမ်းချက်များရေးကပ်ထားသော သုံးထပ်သား ဆိုင်းဘုတ်ကိုတွေ့ရသည်။

ရှောမ

အဆောင်စည်းကမ်းချက်များ

(၁) အဆောင်တွင်းတွင် မူးယစ်သောက်စားခြင်းမပြုလုပ်ရ။

(၂) အဆောင်တွင်းတွင် လောင်းကစားမပြုလုပ်ရ။

(၃) ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အော်ဟစ်ဆူညံခြင်း မပြုလုပ်ရ။

(၄) လမကုန်မီ(၃)ရက်အတွင်း အဆောင်လခပေးချေရမည်။

ပုံ
ဘတုတ်
ရှာသက်ပန်အဆောင်မှူး

အဆောင်စည်းကမ်းချက်များကို ဒီပဇော်ဖတ်၍ မဆုံးခင်မှာပင် ညှိခန်းနံရံအတွင်းဘက်မှ အသံများဆူညံစွာထွက်ပေါ်လာသည်။

" ဟာကွာ စပိတ်တစ်လာရင် ဒေါင်းရမယ့်ဟာကို "

" ဟောဒီမှာ ထွေပြည့်အိမ်ပြည့်ပါဗျာ "

" ဖဲကို သေတာပါကွာ "



ဘယ်လိုလဲ ဘာလဲ။ ဒီပဇော် စဉ်းစားတွေဝေနေတုန်း နောက်မှ အသံတစ်သံပေါ်ထွက်လာ၍ လှည့်ကြည့်လိုက်သည်။

" ဟေ့လူကြီး အပေါက်ဝမှာရပ်ပြီး ဘာလုပ်နေတာတုန်း "

ဒီပဇော်ကို မျက်နှာထားတင်းတင်းဖြင့် မေးနေသူမှာ ၁၀နှစ် ၁၁နှစ်အရွယ်ချာတိတ်လေး တစ်ယောက်ဖြစ်သည်။

" ဒီလိုပါကွာ ဒီအဆောင်မှာ ဦးသူငယ်ချင်းရဲနိုင်ရှိမရှိ လာစုံစမ်းတာပါ "

" ခဏစောင့်ဦး "

ချာတိတ်က ညှိခန်းထဲဝင်သွားပြီး စာအုပ်ရှည်ကြီးတစ်အုပ်ကို လှန်ကြည့်သည်။ အိုက်တင်ကတော့ တာဝန်ရှိသူကြီးတစ်ယောက်လိုပါဘဲ။ အဆောင်နေသူများ၏ စာရင်းဇယားကိုစစ်ဆေးကြည့်ရှုနေပုံရသည်။

" ပန်းချီဆရာ ရဲနိုင်၊ ရှိတယ် ရှိတယ် ပန်းချီဆရာ ဦးရဲနိုင်မဟုတ်လား "

" ဟာ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်- သူ့ကိုခေါ်ပေးလို့ရမလား "

" အင်း . . . ရတော့ ရပါတယ် "

ချာတိတ်က စဉ်းစဉ်းစားစား အမူအရာဖြင့် စကားကိုခပ်ဆိုင်းဆိုင်းပြောသည်။ အောင်ချို့တို့ အကဲခတ်သလို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီးမှ စကားကိုဆက်သည်။

" ခေါ်ပေးခဆိုတာ ရှိတယ် "

" ထုံးစံအတိုင်း လုပ်ပါလေ "

" အင်း. . . ခေါ်ပေးခက ၅၀ကျပ်မယ် "

www.burmeseclassic.com

www.burmeseclassic.com



ဒီပဇော် အောင့်သက်သက်တော့ ဖြစ်ရလေ၏။ မတတ်နိုင် အဆောင်နာမည်က 'ရောမ'ကိုး၊ ရောမရောက်နေမှတော့ ရောမလို ကျင့်ရတော့မှာပေါ့။ သူတို့မြို့ကြီးရဲ့အထာ၊ သူတို့မြို့ကြီးရဲ့ စည်းကမ်းဖြစ်မှာကိုး၊ ဒီပဇော်အိတ်ကပ်ထဲမှ ပိုက်ဆံကိုထုတ်လိုက်သည်။ ထုတ်ယူလိုက်သော ပိုက်ဆံအားလုံးကို မွှေနှောက်ရှာဖွေကြည့်သည်။ မရှိ၊ ၅၀ကျပ်တန် တစ်ရွက်မျှမရှိ။ အသေးဆုံး ၁၀၀တန်သာတွေ့ရသည်။

" ရော့ကွာ ၅၀ပြန်အမ်း "

" ရတယ်၊ ပြီးမှ အမ်းမယ်နော်- ဦးရဲနိုင်ကို သွားခေါ်လိုက်ဦးမယ် "

မောင်မင်းကြီးသား အသံကချိုလို့၊ အသာတကြည် သွားခေါ်ပေးသည်ကိုဘဲ ကြံဖန်ကျေးဇူးတင်ရမလို ဖြစ်နေသည်။ အဆောင်၏ အတွင်းဘက်ကလည်း ဝိုင်းကောင်းနေပုံရသည်။ ကြေးခေါ်သံများ ပိုမိုကျယ်လောင်လာသည်။ ချာတိတ် အဆောင်အတွင်းဘက် ဝင်သွားသည်နှင့် ဘာရယ်မဟုတ်၊ စောစောကချာတိတ် လှန်ကြည့်သွားသော စာအုပ်ကိုဖွင့်ကြည့်မိသည်။

အဆောင်နေသူများစာရင်း

၁။ ကြည်မောင်မောင်ဦး ( စက်ရုံဝန်ထမ်း ) မှတ်ပုံတင်အမှတ် (---------)

၂။ ရဲနိုင် (ပန်းချီဆရာ) မှတ်ပုံတင်အမှတ် (-------)

၃။ ဖိုးလုံး (ကျူရှင်ဆရာ) မှတ်ပုံတင်အမှတ် (------)

နောက်စာမျက်နှာများကို လှန်ကြည့်မိသည်။ ၁ ၂ ၃ ၄ အစရှိသော ဂဏန်းများကို ဟိုပူးသည်ပူး တွက်ချက်ထားသည်များ



ကိုသာ တွေ့ရသည်။ ခွေးကောင်လေး၊ အဆောင်နေတဲ့သူကဖြင့် ၃ယောက်ထဲရှိတာကို၊ ကြီးကြီးကျယ်ကျယ်စာရင်းတွေ အင်းတွေကြည့်နေသေး၊ ဒေါသဖြစ်လို့မဆုံးသေး ညှော်ခန်းထဲသို့ ရဲနိုင်ဝင်လာသည်။

" ဟေ့ကောင်ကြီး၊ မင်းကွာ လာမယ်ဆိုလည်း စာလေးဘာလေးကြိုရေးရောပေါ့ "

" ဘာလဲ ဘူတာကြီးကို လာကြိုမလို့လား "

" မဟုတ်ဘူး ရှောင်နေရအောင်လို့ "

ရဲနိုင်၏ရွှတ်နောက်နောက် အပြောမှာနွေးထွေးမှုနှင့် အစစ်အမှန်များ စေးကပ်ပျော်ဝင်နေသော်လည်း ငယ်ပေါင်းကြီးဖော်တွေဖြစ်၍ လန်းဆန်းစွာရယ်မောလိုက်ကြသည်။

" ငါ ရွာကနေ အပြီးထွက်လာတာကွ၊ အကျိုးအကြောင်းတွေကတော့ နောက်မှပြောပြမယ်၊ ငါရန်ကုန်မှာ ဖြစ်အောင်ရပ်တည်မယ်၊ ငွေလည်း အသင့်အတင့်တော့ပါတယ်။ လောလောဆယ် မင်းနဲ့အတူ ဒီအဆောင်မှာ ငှားနေလို့ အဆင်ပြေနိုင်မလား "

" အဆင်ပြေရမှာပေါ့ကွာ၊ ဒီအဆောင်မှာက နေတဲ့သူသုံးယောက်တည်းရှိတာ၊ ဒီအောက်ထပ်မှာ ငါတို့နေကြတယ်၊ ဟိုအပေါ်ထပ်မှာက အဆောင်ရှင် ဦးတုတ်တို့သားအဖ နေကြတယ် "

ရဲနိုင်ပြောမှ သတိရသည်၊ လူခေါ်ပေးခ ၅၀တောင်းသွားသော ပေတူးတူးချာတိတ်။ ဒီပဇော်နှုတ်မှ ရေရွတ်မိသည်။

" အဆောင်ရှင် ဦးဘတုတ်ရဲ့သားဆိုတာ စောစောကလူခေါ်ပေးခ ၅၀တောင်းသွားတဲ့ချာတိတ်ဘဲ ဖြစ်ရမယ်၊ ငါ့ကို၅၀ပြန်တာ မအမ်းသေးဘူး "

www.burmeseclassic.com

www.burmeseclassic.com



" ဘာ. . လူခေါ်ပေးခ ၅၀ဟုတ်လား၊ မင်းတော့ဘိုပြုးနဲ့ တွေ့ပြီထင်တယ် "

" ဘိုပြုးလား ဘာလားတော့ မသိဘူး၊ မင်းကိုခေါ်ပေးခ ၅၀ကျတယ်ဆိုလို့ ငါ၁၀၀ပေးလိုက်တာ ပြန်လာမအမ်းသေးဘူး"

" မျှော်မနေနဲ့တော့၊ ဘိုပြုး-ပြတင်းပေါက်က ကျော်ဆင်းသွားကတည်းက မင်းကိုတစ်ခုခုပတ်လာပြီဆိုတာ ငါရိပ်မိတယ်"

" တော်တော် လူလည်ကျတဲ့ ချာတိတ်ကွာ "

အဆင်ပြေပါသည်၊ ဒီပဇော်အတွက် မည်သူမှမပေးရသောအဆောင်ဝင်ခ ၁၀၀ဖြင့် ဦးတုတ်အဆောင်မှာ နေဖြစ်သွားခဲ့ပါတော့သည်။

*





စုတ်ဖတ်ဖတ် မွဲခြောက်ခြောက်နိုင်လှပေသည်။ ဓါတ်ဆီနံ့နှင့်အကြော်အလှော်နံ့များကြားတွင် ဖြတ်သန်းစီးဆင်းနေသည့် ယမကာစမ်းချောင်းလေးများရှိသည်။ ထိုစမ်းချောင်းလေးထဲသို့လည်း ဖြတ်သန်းခဲ့ပြီးပြီ၊ မအေးမြသည့်အပြင် ပိုလို့ပင်ပူလောင်လာခဲ့ပါသည်။ ရေခဲသေတ္တာထဲသို့ ခေါင်းထိုးဝင်ပြီး ခေါင်းအေးခံခဲ့သူ ရှိမရှိသိချင်သည်။ ရှိလျှင်သေသလား ရှင်သလား၊ အဆင်ကော ပြေပါရဲ့လား။ သေလည်းမသေ အဆင်လည်းပြေမည်ဆိုလျှင် ခေါင်းထိုးဝင်ချင်နေသူတစ်ဦးရှိသည်။ သူကားကိုဗိုက် သူ့အမည်သူ ကြည်မောင်မောင်ဦးဟု အမြဲပြောတတ်သော ကိုကြည်ဦးခေါ် ကိုဗိုက်ဖြစ်ပါသည်။

<u>ရောမ</u>

အဆောင်စည်းကမ်းချက်များ

(၁) အဆောင်တွင်းတွင် မူးယစ်သောက်စားခြင်းမပြုလုပ်ရ၊

(၂) အဆောင်တွင်းတွင် လောင်းကစားမပြုလုပ်ရ၊

(၃) ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အော်ဟစ်ဆူညံခြင်း မပြုလုပ်ရ၊

(၄) လမကုန်မီ (၃)ရက်အတွင်း အဆောင်လခပေးချေရမည်။

ပုံ

ဘာတုတ်

ရှာသက်ပန်အဆောင်မှူး

www.burmeseclassic.com

www.burmeseclassic.com



## ဒုန်း . . . .

" ငါ့နာမည်ကြည်မောင်မောင်ဦးကွ. . . ငါ့ကိုဒါမျိုးလုပ်လို့မရဘူး "

အများက သူ့ကို ကိုဗိုက်ဟုခေါ်ကြသည်။ သူကတော့ သူ့ကိုယ်သူ ကြည်မောင်မောင်ဦးက တစ်ပြားသားမှ မလျှော့၊ ကိုဗိုက် အတိုင်းအတာလွန်အောင် ပေါက်ကွဲလာသည်။ ဘယ်အချိန်ကတည်းက မျက်စိနောက်နေမှန်းမသိရသော အဆောင်စည်းကမ်းချက်ရေးထားသည့် သင်ပုန်းကြီးကို လက်သီးဖြင့် ဆောင့်ထိုးသည်။ ညံသံဖြစ်သည်မို့ အသံကတော်တော် ကျယ်လောင်လှသည်။

သူတို့အဆောင်က နှစ်ထပ်အိမ်တစ်လုံးဖြစ်သည်။ အပေါ်ထပ်မှာ အဆောင်ပိုင်ရှင် ဦးဘတုတ်နှင့် သူ့သားငယ်လေးဘိုပြူ တို့နေကြသည်။ တခြားသူဆိုလျှင် ဦးဘတုတ်ကူ ယခုလိုငြိမ်ခံဖွယ်ရာ အကြောင်းမမြင်၊ ပြစ်မှုနှင့်မကာမိအောင် စီဒီအယ်လ်ဘမ်တစ်ခုစာလောက်တော့ ကောင်းကောင်းကြီး ဩဝါဒပေးမှာ မလွဲပေ။ အခုပြစ်မှု ကျူးလွန်နေသူက ကိုဗိုက်လေ။

ကိုဗိုက်ခေါ် ကိုကြည်မောင်မောင်ဦးက ကုမ္ပဏီတစ်ခုရဲ့ ကြီးကြပ်ရေးမှူး၊ အဆောင်နေသူအားလုံးထဲမှာ အသက်အကြီးဆုံး၊ လစာအမြင့်ဆုံး။ ရေလျှံတဲ့သူ၊ လျှံသာလျှံသည် မဖိတ်မစင်ဆိုတဲ့ လူမျိုး၊ ဦးဘတုတ် အရေးပေါ်ငွေလိုတိုင်း ကိုဗိုက်ကအတိုးနှင့် ချေးနေကျ။ ကောက်ညှင်းကို သာကူမုန့်ထည့်ပေါင်းသလောက် ...းနဲ့သော ကိုဗိုက်ကို ဦးဘတုတ်အပါအဝင် အဆောင်နေသူ



အားလုံးက အားကိုးနေကြရသည်။

ဒီနေ့အတွက်တော့ ကိုဗိုက်ကောင်းကောင်း ပညာအပေးခံလိုက်ရရှာသည်။ ဒါကလည်း ကိုဗိုက်ဆီက ပိုက်ဆံချေးမရ၍ ရဲနိုင်ဆိုတဲ့ကောင် လက်စွမ်းပြလိုက်ခြင်းသာဖြစ်မည်ဟု အားလုံးက ကောက်ချက်ချကြပါသည်။

မနက်ခင်းက ရဲနိုင်တစ်ယောက် ကိုဗိုက်ဆီမှာ ပိုက်ဆံကပ်ချေးနေသည်။

" အကိုကြီးဗိုက် အဲလေ အကိုကြီးကြည်မောင်မောင်ဦး အဟဲ "

" ဘာ အဟဲလဲ "

ရဲနိုင် မျက်နှာချိုသွေးလာပြီဆိုကတည်းက ကိုဗိုက်က ကျေညတ်နေပြီးသား။ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီ ရေးပြီးရပ်တည်နေသော ရဲနိုင်က အမြဲတမ်းငွေပျက်နေတဲ့ကောင်၊ မဂ္ဂဇင်းသရုပ်ဖော်ပန်းချီရေးစားနေသည်ဟုသာဆိုသည် ရဲနိုင်မှာ ဆော့ဖ်ပင်(န်)အနီတစ်ချောင်း အနက်တစ်ချောင်းသာပိုင်သည်။ A4ဆိုဒ် စာရွက်အဖြူဆိုတောင် နှစ်ရွက်ချင်း သုံးရွက်ချင်းဝယ်သုံးနေရတာမျိုး။

" အကိုကြီးဆီက ကျွန်တော်ဒီလယူထားတာ ၃၀၀တည်းနော် "

" ဒီအေး ဟုတ်တယ်၊ ဘာလဲ အခုဆပ်တော့မလို့လား...ပေါ့ "

ရော အရင်းပါဆိုတော့ ၃၆၀ကဲပေး " ခြင်ထောင်

" အကိုကြီးကလည်း လောလိုက်တာ လမှမကုန်စ ဖိုးလုံး...ဟာကွာ "

...နေထိုင်သော

" ဂါဖြင့်လည်း ဘာလို့လေကုန်ခံပြီး မေး—

www.burmeseclassic.com

www.burmeseclassic.com



ရခိုင်ခမျှာ ကတုံးရိတ်ခံလိုက်ရသော မျောက်တစ်ကောင်လို ပြောင်ဖြီးဖြီးလေး ဖြစ်သွား၏။ ဘာမှ မှုတ်တုံ့မပြန်ရဲတာကို။ ငွေ ၂၀၀လောက်ကလည်း အရေးပေါ် လိုနေတယ်လေ။

" ဒါက ဒီလိုရှိပါတယ်၊ ကိုကြည်မောင်မောင်ဦးရဲ့ငွေသုံးရာကျပ်တိတိကို လကုန်တဲ့နေ့မှာ အတိအကျ အကျေအလည်ပေးဆပ်ရန်ရည်ရွယ်ထားပြီး ဖြစ်ပါတယ် " သို့ပေမယ့် ဆိုစေကာမူယခု လတ်တလော ယာယီဒုက္ခအားဖြင့်မှာ "

" တော်စမ်းကွာ နားကြားပြင်းကပ်တယ်၊ အစည်းအဝေးလေသံနဲ့ လာလုပ်မနေနဲ့ ပြောမယ့်ဟာကို တည့်တည့်ပြော "

ရခိုင်နှုတ်ဆွံ့သွားရသည်။

ကိုဗိုက်ကိုကြည့်ရသည်မှာ တစုံတရာကို စိတ်လောနေပုံရသည်။ ကိုဗိုက်က နာရီတကြည့်ကြည့်။

" ပြောစရာရှိရင် မြန်မြန်ပြော ငါသွားစရာရှိတယ် "

" အဟီး အားတော့နာပါတယ် အကိုကြီးဆီက ကျွန်တော်ယူထားတာ ၃၀၀ဆိုတော့ မှတ်လို့လည်း ကောင်းသွားအောင် ၂၀၀လောက်ထပ်ချေးဗျာ၊ ၅၀၀ဆိုတော့ ပြန်ဆပ်ရင်အတိုးက ၁၀၀တောင်ရမှာ၊ မဟုတ်ဘူးလားဗျာ နော် . . . နော် "

ရခိုင်က ကိုယ့်စကားကိုယ် ထောက်ခံရင်း ကိုဗိုက်ကို

...သားသည်။ မရ။

ကြီးကြပ်ရေး... မဟုတ်ဘူး မင်းတို့ဟာ လွန်လွန်းတယ်၊ ဒီနေ့အတွက်

လစာအမြင့်ဆုံး ...မချေးဘူး "

လူမျိုး၊ ဦးဘ... ကိုဗိုက်က အပြုတ်ငြင်းပြီး အကျီတစ်ထည်ကို ကျကျ...

...ချေးနေကျ။ ...နေသည်။ ရခိုင်လည်း ရှက်ကိုးရှက်ကန်းဖြင့် ...

...းနဲသော ...



ယက်လှန် စာဖတ်နေသော ဒီပဇော်ကုတင်ထက် တင်ပါးလွှဲဝင်ထိုင်လိုက်သည်။ စားပွဲခုံထောင့်စွန်းမှာ တင်ထားသော ဆေးပေါ့လိပ်အတိုကို ကောက်ယူမီးညှိလိုက်သည်။

" ဟေ့ကောင် ရခိုင် မင်းပါသာ ကျောက်ခဲကိုရေညှစ်လို့ မရတာနဲ့ ငါ့ဆေးပေါ့လိပ်တိုကို ရန်မရှာနဲ့ "

" တစ်ဖွာ နှစ်ဖွာထဲပါကွာ "

" ငါ့မှာမှ ထပ်ဝယ်စရာ ပိုက်ဆံမရှိလို့ ဒါလေးကို ခြွေတာပြီးသောက်နေရတာ "

" နှမျောစရာမရှိ ရှာကြံနှမျောနေပြန်ပြီ "

ရခိုင်အသံက အတန်ငယ် ကျယ်သွားသည်။ ခေါင်းကိုကျယ်ရီထည့်ပြီး ဆံပင်ပုံဖော်နေသော ကိုဗိုက်က စူးစူးရဲရဲလှည့်ကြည့်သည်။

" ဟေ့ကောင် မင်းဘာပြောတာလဲ "

" မဟုတ်ပါဘူး ကျွန်တော်ဘာမှ မပြောပါဘူး "

" ဘာလဲ မင်းက ငါ့ကိုအကန်းမှတ်နေလို့လား၊ ငါဒီလော အကောင်လိုက် မိနေတာကို မင်းက ပုတ်သင်ညိုပါလို့ ငြင်းချင်သေးလို့လား "

ကိုဗိုက်က အပေါ်စီးလေသံဖြင့်ပြောပြီး ကြော့ကြော့မော့မော့ကြီး အဆောင်ထဲမှ လှမ်းထွက်သွားတော့သည်။

" ဟူး . . . တော်ပါသေးရဲ့ ထွက်သွားပေလို့သာပေါ့ "

ဒီပဇော်ကရခိုင် အဖြစ်ကိုကြည့်ပြီးရယ်သည်။ ခြင်ထောင်ထဲမှာထိုင်ပြီး ပုတီးစိပ်နေသော ကျွန်ရှင်အဘရာပေါက်စ ဖိုးလုံးက ခြင်ထောင်ကိုမပြီး ခေါင်းပြူကြည့်လိုက်သည်။ သူတို့နေထိုင်သော

www.burmeseclassic.com

www.burmeseclassic.com



အဆောင်မှာက အခန်းဖွဲ့မရှိ၊ ဟောလ်ဖြစ်နေ၍ တစ်ယောက်နှင့်တစ်ယောက် ရောထွေးပတ်သက်နေသည်။

" ဟေ့ကောင်တွေ စောစောစီးစီး ဘာတွေစကားများနေကြတာလဲ၊ ဒီမှာ ပုတီးကိုဖြောင့်ဖြောင့် စိတ်လို့မရတော့ဘူး "

" ပုတီးစိပ်တဲ့လူက သူများပြောသမျှကို နားစွင့်နေမှတော့ ဘယ်သမာဓိရမှာလဲ "

ဒီပဇော်စကားကြောင့် ဖိုးလုံးက ခြင်ထောင်အပြင်ဘက် ထွက်ထိုင်လိုက်သည်။

" မင်းစကားပြောတာကို ဆင်ခြင်ပြောနော် "

" တော်ကြစမ်းပါကွာ ဒီမှာငွေ၂၀၀ချေးမရလို့ ညစ်နေရတဲ့ထဲ "

ရဲနိုင်ကြားဝင်ဖြန်ဖြေရင်း ညည်းညည်းညူညူ ပြောလိုက်သည်။ ဖိုးလုံးကပြုံးစိစိလုပ်နေသည်။

" ဟေ့ကောင် ဖိုးလုံးမင်းက ဘာပြုံးတာလဲ "

" အဟဲ မင်းတို့ညံ့တာကို ပြုံးတာဟေ့၊ ဗိုက်ကြီးဆီက ငွေကို မင်းကို့မလေ့လာဘဲ သွားချေးတာကိုး၊ ဘယ်ရပါ့မလဲ၊ အခု ဗိုက်ကြီးဘယ်သွားတယ်ဆိုတာ မင်းတို့သိလား "

" ဘယ်သိမလဲ "

" ဒီနေ့တနင်္ဂနွေနေ့လေကွာ၊ ဗိုက်ကြီးကြွေနေတဲ့ ကုမ္ပဏီဝန်ထမ်းကောင်မလေးနဲ့ လှည်းတန်းဈေးနားက 'LUCKY PLACE' စားသောက်ဆိုင်မှာ ဒီနေ့၁၀နာရီမှာ တွေ့ဖို့ချိန်းထားတယ်တဲ့၊ မနေ့ညက ဗိုက်ကြီးငါ့ကို ကပ်ကြွားသွားတယ် "

ရဲနိုင်မျက်နှာက ဝံပုလွေနှင့် တော်တော်တူသွားသည်။



ရဲနိုင် လက်ဖျောက်တစ်ချက်တီးလိုက်၏။

" တွေ့မယ် "

ရဲနိုင်က ဖျာအောက်ဖွက်ထားသော တစ်ရာတန်လေးကို ယူလိုက်ပြီး အဆောင်ထဲမှ ထွက်သွားသည်။ ရဲနိုင်က အဆောင်ရှင် ဗိုက်ကြီး တူတော်သားလေး ဘိုပြုးကိုဘာတွေ တိုးတိုးကပ်ပြောနေသည် ဆိုတော့ ဖိုးလုံးနှင့်ဒီပဇော်တို့ မသိလိုက်ကြရပါပေ။

*

ကိုဗိုက်လက်မှာ ပတ်ထားသော နာရီကိုမြှောက်ကြည့်လိုက်သည်။ ၁၀နာရီထိုးဖို့ မိနစ်၂၀ခန့်ပင်လိုသေးသည်။ ကိုယ်က စောရောက်နေတော့ ချစ်သူအပေါ် ပိုမိုလေးနက်ရာ ကျတာပေါ့ဟု တွေးရင်းကျောထဲမှာ ပုရွက်ဆိတ်အကောင် ၁၀၀လောက်ဝင်သွားသလို ခံစားလိုက်ရသည်။ ကိုဗိုက်အတွက် အသက်၂၅နှစ်ရောက်မှ တဲ့သိလို့ ခလုပ်တိုက်မိသော အချစ်ဦးကလေး။

ကိုဗိုက်ငြိတွယ်မိသော ကောင်မလေးနာမည်က ကဗျာ ဖြစ်လှသည်၊ လဝန်းငယ်---တဲ့၊ ကိုဗိုက်ထက် ငါးနှစ်ကျော်ကျော် ငယ်မည်ထင်သည်။ နာမည်က ကဗျာဆန်သလောက် လူက ကဗျာမဆန်။ အထက်အညာ မြို့တမြို့ကနေ ရန်ကုန်တက်လာပြီး ကိုဗိုက်တို့ ကုမ္ပဏီမှာ အလုပ်ဝင်ခြင်းဖြစ်သည်။ အသားအရေ ညိုစိမ့်စိမ့်၊ အရပ်က ထောင်ထောင်မောင်းမောင်း၊ အတူယှဉ်တွဲ လျှောက်လျှင် ကိုဗိုက်ကကင်တိုတို ဗိုက်ရွှဲရွှဲမို့ ခေါင်းတလုံးစာလောက် ပိုမြင့်သည်ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိစ္စမရှိ၊ အချစ်က အရှည်အတို ကိစ္စနှင့်သိပ်မဆိုင်ဟု ကိုဗိုက်ကခံယူထားသည်။ ငွေကြေးအကုန်အကျနည်းစေရန် စိတ်ကူးဖြင့် ကိုဗိုက်က ပန်းခြံထဲမှာတွေ့ဆုံကြရန်ချိန်းဆိုကြည့်သည်။ လဝန်းငယ်က ထိုအဆိုကိုပယ်ချသည်။ စားသောက်ဆိုင်တစ်ဆိုင်မှာပဲ စားရင်းသောက်ရင်း စကားပြောကြမည်ဟု အမိန့်တော်ချမှတ်လိုက်သည်။ အကုန်အကျခံရပေတော့မပေါ့၊ ချစ်တာကိုး။

ကိုဗိုက် ပျော်ရွှင်ခြင်းခြေလှမ်းများဖြင့် စားသောက်ဆိုင်လေးထဲသို့ လှမ်းဝင်ခဲ့သည်။ ဆိုင်ထဲမှာ လူတော်တော်ကိုရှင်းနေသည်။ လဝန်းငယ်က ထောင့်စားပွဲလေးမှာ ရောက်နှင့်နေလေပြီ။ ဝီရိယကောင်းလှချည်လားချည်လား ချစ်သူရယ်။

လဝန်းငယ်ရှေ့မှာ ပန်ကန်းပြားအလွတ်တစ်ချပ်နှင့် ကုန်လုကုန်ခင် ဖျော်ရည်တစ်ခွက်ကို တွေ့ရတော့ ကိုဗိုက်အနည်းငယ်ပင်တွန့် သွားမိသေးသည်။

" ငယ်! ငယ်ကကိုယ့်ထက်စောရောက်နေတယ်နော် "

" ဘာလို့ စောရမှာလဲ ၁၀နာရီ ၁၅တောင်ရှိနေပြီဟာကို "

လဝန်းငယ်က နှုတ်ခမ်းကိုစူဖူးဖူးလေးလုပ်ပြီး လက်မှာပတ်ထားသောနာရီကို ကိုဗိုက်ရှေ့ထိုးပြသည်။ ဟုတ်ပါ့ ၁၀နာရီ ၁၅မိနစ်၊ ကိုဗိုက်ကကိုယ့်နာရီ ကိုယ်ပြန်ကြည့်လိုက်မိသေးသည်။ ၁၀နာရီထိုးဖို့ ၁၅မိနစ်အတိလိုနေသေးသည်။ ဘယ်သူ့နာရီမှားနေပြီလဲ၊ ကောင်တာနောက်မှ နာရီကိုလှမ်းကြည့်လိုက်သည်။ ၁၀ နာရီတိတိ။ ကိုဗိုက်ဦးနှောက်ခြောက်သွားသည်။



" ငယ် ဘာထပ်မှာဦးမလဲ မှာလေ "

" တော်ပါပြီ ကိုကြည်မောင်မောင်ဦးကိုစောင့်ရင်း ဆာလာတာနဲ့ ခေါက်ဆွဲကြော်တစ်ပွဲနဲ့ ဖျော်ရည်တစ်ခွက်မှာသောက်ထားပြီးပြီလေ၊ ကိုကြည်မောင်မောင်ဦးဘဲမှာပါ "

" ငယ်ကလည်းကွာ မနေ့ကပြောတော့ ကိုကိုလို့ခေါ်မယ်ဆို ခေါ်နော်ကိုကိုလို့ "

" ဟာ ဆရာက ကျွန်တော့်နာမည်ကို ဘယ်လိုလုပ်သိနေတာလဲ "

အနီးကိုရောက်လာသော စားပွဲထိုးလေးက ဝမ်းသာအားရပြောလိုက်သည်။ ကိုဗိုက် တော်တော်တင်းသွားသည်။

" ဟော့ကောင် မင်းနာမည်ကိုသိတယ်လို့ ငါဘယ်တုန်းကပြောမိလို့လဲ "

" ဟင် . . . စောစောကဘဲ ဆရာက ကိုကို ကိုကိုနဲ့ခေါ်လို့ ကျွန်တော်လာတာလေ၊ ကဲပြော ဆရာဘာမှာမလဲ "

" ဘာမှ မမှာဘူးဟေ့ . . . မမှာဘူး "

ကိုဗိုက်အာကြောင့် ယခုလိုဒေါသဖြစ်သွားသည်ကို မောင်ကိုကိုအမည်ရှင် စားပွဲထိုးလေးခင်မျာ သွေးရိုးသားရိုးပင် မသိတာအမှန်ပင်၊ လဝန်းငယ်ကတော့ လက်ကိုင်ပုဝါလေး ပါးစပ်မှာအုပ်ပြီး တခိခိဖြင့် ရယ်နေပါသည်။

" ငယ် ရယ်မနေနဲ့ကွာ ခေါ်လေစောစောကလို "

ကိုဗိုက်က စကားကိုထိန်းပြောရင်း ကျောမလုံ၊ စားပွဲထိုးကိုကို တိုလှည့်ကြည့်လိုက်မိသေးသည်။ လဝန်းငယ် ထပ်ရယ်နေပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



" ကိုကို ကလေ သိပ်ရယ်စရာကောင်းတာပဲ "

အဲဒီလို လဝန်းငယ်က ပြောလိုက်တော့မှ ကိုဗိုက်ခမျာ ရေခဲတိုက်ထဲ အရှင်လတ်လတ်ဝင်သွားမိသလို တကိုယ်လုံး အေးစိမ့်သွားရပါသည်။

" ကိုကိုကလေ ငယ့်ကိုဘယ်လောက်ချစ်တယ်ဆိုတာ ကိုကို့ဖာသာကိုကိုတောင် မကိုကိုတတ်အဲ မပြောတတ်တော့ပါဘူး ကိုကိုတကယ်ပြောတာပါကွာ "

ထိုနေ့က အချိန်ခဏလေးအတွင်းမှာပဲ ကိုဗိုက်ပါးစပ်က 'ကိုကို' များဖေါင်းပွ သွားတော့သည်။

" ငယ် ကိုကို့ကိုတကယ်ချစ်ရဲ့လားဟင် "

" ပြောပြီးပြီပဲ ကိုကိုရယ် တစ်ယောက်အကြောင်းကို တစ်ယောက်ဘာမှ မလေ့လာရသေးပဲနဲ့ ချစ်တယ်လို့ အဖြေပေးမိတာကိုပဲ လုံလောက်နေပြီပဲဟာ "

" ဒါတော့ ငယ်ရယ် ကိုယ့်ချစ်သူဆီက ချစ်တယ်ဆိုတဲ့စကားကို ဘယ်သူမဆို အချိန်တိုင်းမှာ ကြားချင်နေကြမှာပေါ့ တကယ်ဆိုတော့ နှလုံးသားချင်း မိတ်ဖွဲ့မိကြတဲ့အခါ၊ အသိုင်းအဝိုင်း ပတ်ဝန်းကျင်ဆိုတဲ့ နံရံပါးပါးလေးတွေဟာ အလိုလျှောက်ပြိုကျပျက်စီးသွားရတဲ့ အရာတွေပါငယ် "

ကိုဗိုက်က ဥာဏ်ရူပတစ်ပုဒ်ကိုဖွဲ့သလို၊ စကားလုံးလှလှနုနုလေးတွေကို သီကာမှာသီဖေါက်အလှဆင်နေသည်။ ထိုစဉ် ကိုဗိုက်နောက်က ကလေးတစ်ယောက်အသံ ထွက်ပေါ်လာသည်။

" အဖေ၊ ကျွန်တော်ဖြင့် လိုက်ရှာလိုက်ရတာဗျာ၊ အမေက မှာလိုက်တယ် အိမ်မှာသွားတိုက်ဆေးဗူးနဲ့ ဆပ်ပြာကုန်နေပြီတဲ့၊



အဲဒါ လှည်းတန်းဈေးက တစ်ခါတည်းဝင်ဝယ်ခဲ့ပါတဲ့ "

ဘိုပြူး၊ ဦးဘတုတ်သားလေး ဘိုပြူးက ကိုဗိုက်မျက်နှာကို စေ့စေ့ကြီးကြည့်ပြီးရုပ်တည်ဖြင့် ပြောချင်တာပြောကာ ချာကနဲ လှည့်ထွက်သွားသည်။ လဝန်းငယ် ထိုင်နေရာမှ ဝုန်းကနဲထရပ်လိုက်သည်။ ဒေါသကြောင့် သူမမျက်နှာတပြင်လုံး နီမြန်းနေသည်။

" ဟင် ရှင် ရှင် လူယုတ်မာ၊ အိမ်ထောင်ရှိလျက်နဲ့ သူများသမီးပျိုလေးကို ဖျက်ဆီးဖို့ တမင်ကြံစည်တဲ့လူ ကဲဟယ် "

လဝန်းငယ်က ဆိုင်ထဲမှ မြန်ဆန်လွန်းသောခြေလှမ်းများဖြင့် လှမ်းထွက်ပြေးသွားလေတော့သည်။

ကောင်တာမှာ ထိုင်နေသောပုဂ္ဂိုလ်က ကိုဗိုက်ကိုလှမ်းကြည့်နေမိတာကို အားနာသွားပြီး ယောင်တိယောင်နဖြင့် ရီမုတ်ကိုကောက်နှိပ်လိုက်သည်။ ဆောင်းဘောက်နှစ်ခုမှ စိုင်းစိုင်းခမ်းလှိုင်သီချင်းက ဒိုင်ဗင်ထိုးထွက်လာသည်။

" အားလုံးကို ရှုပ်နေတာပဲ----- သေပြီဆရာ "

" သေပြီ ဘိုပြူး မင်းကြောင့်ငါ အသည်းရောအရှက်ပါ တွဲပြီဟ "

အဲဒီလိုနည်းနဲ့ ကိုဗိုက်တစ်ယောက် ဒေါသဖြစ်ပေါက်ကွဲ အရှက်တကွဲ အကျိုးနည်းနဲ့ အရက်တွေသောက်ပြီး အဆောင်ကို ပြန်လာခဲ့ရှာတာပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com



ညကအရက်အရှိန်ကြောင့် ကိုဗိုက်ခမျာ ကုမ္ပဏီကိုသွား ရန်ပင်သတိဖြင့် မထနိုင်တော့ဘဲ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မော ကျနေသည်။ ဖိုးလုံး၏ ဘုရားရှိခိုးသံကြီးက ခုနစ်အိမ်ကြားရှစ်အိမ် ကြား ဆူညံစွာထွက်ပေါ်လျက်ရှိသည်။

" ပြု ပြုသမျှ ကုသလကြောင့် ကြားကြသမျှ သတ္တဝါဝေ နေယျ အပေါင်းတို့ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်သော်ဝ်"

တူဝေဝေ . . .

အိပ်တဲ့သူက အိပ်၊ ဘုရားရှိခိုးသူက ရှိခိုးနေတဲ့ အချိန်မှာ တဖက်အိမ်မှ ကြက်သားသည် ဒေါ်အာကျယ်(သူတို့အဆောင်မှ ဝိုင်းပေးထားသော အမည်) ရဲ့ နံနက်ချိန်ခါ တေးသံသာများထ အဆက်မပြတ် ထွက်ပေါ်လာပါတော့သည်။

" ဟဲ့ အကောင်ချက်ကြီး၊ ဘယ်အချိန်ရှိပြီတုန်း၊ ထတော့ လေ ဟိုဘက်အဆောင်က လုံးတောင် မင်္ဂလာယူနေပြီ အဆေ ကောင် ညကျတော့ ငတ်ကြီးတကျ အရက်ကိုမြိုဆို့ပြီး မနက်ထ တော့ အချိန်မီ ဟင်းစားပေါ်မပေးနိုင်တာ ဘယ်လောက်ကြာပြီလဲ တယ်လေ ငါမပြောလိုက်ချင်ဘူး "

" အစ်မရာ ငါနိုးနေပါပြီဟာ၊ ခဏလေးပါ "

" ခဏလေးလုပ်မနေနဲ့ နင်လုပ်နေပုံနဲ့ ဘယ်အချိန်သွား ရောင်းစားရမှာတုန်း "

သိပ်မကြာလိုက်ပါချေ၊ ဒေါ်အာကျယ်ရဲ့ မောင်ချက်ကြ ဆက်စွမ်းပြနေပြီမို့ ကြက်များ၏ မရဏတေးသံ တကီကီတဖေ ကော်ကို ငရဲပွက်သည်နှယ် ကြားရပါတော့သည်။



" အကုသိုလ်တွေ အကုသိုလ်တွေ "

ဖိုးလုံးက သံဝေဂဆန်ဆန် ညည်းတွားရင်း တရေးပြန် အိပ်ပျော်ရေးအတွက် စောင်ကိုခေါင်းမြီးခြုံပြီး အိပ်ဖို့အားထုတ်နေ ပါသည်။

စောစောစီးစီး အိပ်ရာမှထပြီး ကုတ်ကုတ်ကပ်ကပ် အား ထုတ်နေသူက ရဲနိုင်။ ကိုဗိုက်သွားတိုက်ဆေးဗူးကို အသာလစ်ယူ လာပြီး နို့ဆီခွက်အစုတ်တစ်ခုထဲကို အကုန်အစင် ညှစ်ချနေသည်။ ရဲနိုင်လုပ်သမျှကို ဒီပဇော်က ဘေးမှထိုင်ကြည့်ပြီး အားပေးအား မြှောက်လုပ်သလိုလို၊ ဝေဖန်သလိုလို လုပ်နေသည်။

" ရဲနိုင်ရာ မင်းကို ကိုဗိုက်က တစ်ခါတလေလေး ပိုက်ဆံ မချေးတဲ့ဟာကို အငြိုးတကြီးနှိပ်စက်နေတာတော့ မကောင်းဘူး ထင်ပါတယ်၊ အင်းလေ ပြောမယ့်သာပြောရတာ ကိုဗိုက်ကလည်း ကိုဗိုက်ပါပဲ "

ဒီပဇော်စကားက ဟိုလိုလို ဒီလိုလို၊ ရဲနိုင်က သူလုပ်ချင်ရာ ကို ဆက်လုပ်နေသည်။

" ဒီ ငနဲကြီး ကြွားတာကို မခံချင်လွန်းလို့ပါကွာ "

ပြီးခဲ့သော တစ်ရက်နှစ်ရက်က ကိုဗိုက်နိုင်ငံခြားဖြစ်သွား တိုက်ဆေးဗူး အသစ်တစ်ဗူးဝယ်လာသည်။ သူဝယ်လာသောသွား တိုက်ဆေးဗူးက မြန်မာနိုင်ငံလုပ် သွားတိုက်ဆေးဗူးများလိုမဟုတ်၊ သွားတိုက်သည့်အခါ လိမ္မော်ရနံ့လေးက တသင်းသင်း မွှေးပျံ့နေ သည်ဟူ၏။

ရဲနိုင်က သွားတိုက်ဆေးဗူးကို ဖင်မှဖွင့်ပြီး ကော်ပျော့သီး များထိုးထည့်သည်။ ထည့်ပြီးသည်နှင့် မူလအတိုင်းပြန်ပိတ်၏။ ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ဝိစ္စပြီးပြီမို့ ကိုဗိုက်သွားတိုက်ဆေးဗူးထည့်သည့် ပလပ်စတစ်ခြင်းလေးထဲကို ဟန်မပျက်ပြန်ထည့်ထားလိုက်သည်။ ဖိုးလုံးခမျာဇွတ်ပြန်အိပ်လို့မရနိုင်၊ ကြက်သားသည်ဒေါ်အာကျယ်၏ လောင်မီးက အပြင်းအထန် ကူးစက်နေတော့သည်။

" ဟဲ့ အသေကောင် ချက်ကြီး၊ ဆိုက္ကားထုတ်ပြီး ဈေးကိုလိုက်ပို့တော့လေ၊ ဘာကိစ္စ ပြန်အိပ်နေရတာတုန်း "

" ခြော် ဒုက္ခ ဒုက္ခ စောစောစီးစီး မင်္ဂလာ မရှိလိုက်တာနော် "

ဖိုးလုံးက ငုတ်တုတ်ထထိုင်ရင်း ညည်းသည်။ ရဲနိုင်နှင့်ဒီပဇော်တို့ ပြုံးစိစိလုပ်နေကြသည်ကို ဖိုးလုံးက မသင်္ကာ၍မေးသည်။

" မင်းတို့နှစ်ကောင် အစောကြီးထပြီး ဘာမကောင်းကြံနေကြတာလဲ "

" ဘာမှ မကြံရပါဘူးကွာ၊ ကိုဗိုက် အကြွားသန်တာကို ပြောဖြစ်ကြလို့ ပြုံးတာပါ "

" သူက ဘာကြွားလို့လဲ "

ရဲနိုင်က ဖိုးလုံးရဲ့ မေးခွန်းကိုမဖြေဘဲ ဒီပဇော်ကို မေးငေါ့ပြလိုက်သည်။ ဒီပဇော်က ဖိုးလုံးကိုခပ်တွန်းတွန်းလေးရှင်းပြသည်။

" မင်းလည်းကြားမှာပေါ့ ကိုဗိုက်က သူ့သွားတိုက်ဆေးဗူးကိုညွှန်းတာလေ ငါတို့တော့ သူပြောတာကို မယုံပေါင် "

" အေး ဟုတ်တယ်၊ ငါလည်း သိပ်တော့မယုံဘူး၊ မင်းတို့ပြောမှပဲ သွားတိုက်ဆေးဗူးကိစ္စကိုပြန်ပြီး သတိရတော့တယ်၊ ဒီမနက်တော့ တစ်ခါတိုက်လောက် တောင်းတိုက်ကြည့်ရမယ် "

ဖိုးလုံးက သွေးရိုးသားရိုး ပြောခြင်းဖြစ်သည်။ ဖိုးလုံးမခံချင်



အောင် ရဲနိုင်က နှိုးဆွထားခဲ့သေးသည်။

" ဘယ်တုန်းကများ သူ့ပစ္စည်းကို အလွယ်တကူမျှ သုံးဖူးလို့လဲ၊ စမ်းချင်လည်းဝမ်းကြည့်ပေါ့လေ၊ ဒီပဇော် ငါတို့လက်ဖက်ရည်ဆိုင် ချီတက်ကြမယ် "

ရဲနိုင်နှင့်ဒီပဇော်တို့ လက်ဖက်ရည်ဆိုင် ထွက်သွားကြသည်။ ဖိုးလုံးခမျာမှာသာ သွားတိုက်ဆေးကိစ္စကို လိပ်ခဲတင်းတင်းဖြစ်ကျန်နေခဲ့သည်။ သိပ်မကြာခင် ကိုဗိုက်စိတ်လက်မကြည်မသာဖြင့် အိပ်ရာမှ နိုးထလာသည်။ ဖိုးလုံးက အခြေအနေကို မသုံးသပ်ဘဲ ကောက်ခါငင်ကာပြောလိုက်သည်။

" ကိုဗိုက ကျုပ်သတိရတုန်း နည်းနည်းတောင်းစမ်းပါရစေ၊ ခင်ဗျားရဲ့ နိုင်ငံခြားဖြစ်လိမ္မော်ရနံ့ သွားတိုက်ဆေး တစ်ခါတိုက်လောက်ပေးစမ်းပါ "

" ကျက်သရေမရှိ ကျက်သရာမရှိကွာ မျက်စိနှစ်လုံးမှဖွင့်မယ် မကြံသေးဘူး၊ တောင်းမယ့်ရမ်းမယ့်သူကို လာတွေ့နေရတယ်လို့၊ မပေးနိုင်ဘူးဟေ့ မပေးနိုင်ဘူး၊ သုံးချင်ရင် ကိုယ့်ဖာသာဝယ်သုံး "

ကိုဗိုက်က ဒေါသတကြီးပြောပြီး သွားတိုက်တံပေါ်ကို သွားတိုက်ဆေးညှစ်ပုံပြီး ရေကန်ရှိရာဆီကို ထွက်လာခဲ့သည်။ သွားတိုက်တော့ အမြှုပ်ကမထွက်၊ ခါတိုင်းလို လိမ္မော်ရနံ့မရဘဲ ငှက်ပျောသီးနံ့ကြီးက စိတ်ကိုကသိကအောက် ဖြစ်သွားရ၏။

" တွေ့မယ် ဒါ ဖိုးလုံးလက်ချက်ဆိုတာ သေကိုသေချာတယ် "

ကိုဗိုက်က အဆောင်ထဲကို ဝုန်းကနဲ ဒိုင်းကနဲပြန်ဝင်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

" ဟော့ကောင် ဖိုး ပုံး မင်းကငါ့ကို စိန်ခေါ်တဲ့သဘောပေါ့လေ "

" ခင်ဗျားကိုကျုပ်က ဘယ်တုန်းက စိန်ခေါ်မိလို့လဲ သွားတိုက်ဆေး တစ်ခါတိုက်လောက်တောင်းတာ မပေးချင်လည်းနေပေါ့၊ ဒီလောက်တင်းမာနေစရာ မလိုပါဘူး "

" တင်းရမယ်ကွ တင်းရမယ်၊ မင်းငါ့သွားတိုက်ဆေးဗူးကို ဘာလုပ်ထားတာလဲ "

" မဟုတ်က ဟုတ်ကတွေ လာမစွပ်စွဲနဲ့နော်၊ စောစောစီး အကုသိုလ်မဖြစ်ချင်လို့ ငြိမ်နေတာ၊ သတ္တိကြောင်တဲ့ကောင်ထင်မနေနဲ့ "

ကိုဗိုက်က ဖိုးလုံးစကားကြောင့် ဒေါသငယ်ထိပ်ရောက်သွားပြီး သွားတိုက်ဆေးဗူးကိုကောက်ယူကာ ဖိုးလုံးခေါင်းပေါ်ကို ညှစ်ချလိုက်သည်။ ရုတ်တရက်မို့ ဖိုးလုံးခံလိုက်ရသည်။

" ခင်ဗျား ဒါဘာလုပ်တာလဲ၊ ခင်ဗျားတရားလွန်နေပြီနော် "

ဖိုးလုံးက ပြောပြောဆိုဆိုဖြင့် ကိုဗိုက်ကို နပန်းဝင်လုံးပစ်သည်။ အုန်းအုန်းဒိုင်းဒိုင်း အသံများကြား၍ ဦးဘတုတ်အိမ်ပေါ်ထပ်မှ အောက်သို့ပြေးဆင်းလာပြီး ဝင်ဆွဲရင်း ဖိုးလုံးခေါင်းပေါ်မှ ငှက်ပျောသီးဖတ်များကို ကိုင်မိသွားသည်။

" ဟ --- ဘာတွေတုန်း ဝေ့ ဖိုး "

ဦးဘတုတ် အန်လိုက်သော အန်ဖတ်များက ဖိုးလုံးနှင့်ကိုဗိုက်တို့ အပေါ်ပေပွသွားပြီး ရန်ပွဲက အလိုလိုရပ်စဲသွားလေသည်။



သုံးယောက်လုံး ရေတွင်းရှိရာဆီကို သူ့ထက်ငါဦးအောင် ပြေးသွားကြလေသည်။

*

ရဲနိုင်နှင့်ဒီပဇော်တို့ အဆောင်မှာ မည်သို့ဖြစ်ကျန်ခဲ့သည်တိုမသိ၊ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ဟိုအကြောင်း ဒီအကြောင်းလျှောက်ပြောနေဖြစ်ကြသည်။

" ဒီပဇော် မင်းရန်ကုန်မှာ အလုပ်လည်းရ နေသားလည်းကျနေပြီ "

" ရည်းစားတစ်ယောက်တောင်လောက်လောက်လားလား ရနေပြီ ဆိုတာကိုလည်း ထည့်ပြောဦးလေကွာ "

" အချင်းချင်းတွေ လာလုပ်မနေစမ်းနဲ့၊ မင်းရွာမှာဘာကြောင့် မနေချင်တော့တာဆိုတာရယ် ရန်ကုန်ကို ဦးတည်ပြီးထွက်လာခဲ့ရတဲ့ အကြောင်းရယ်ကို ပြောမပြသေးဘူးနော် "

" အဟီး "

ဒီပဇော်က အဟီးကနဲ တစ်ချက်ရယ်လိုက်သည်။ မလုံမလဲ ရယ်သောရယ်သံဖြစ်၏။ ထိုရယ်သံက ရဲနိုင်ရဲ့သိချင်စိတ်ကို ဆွပေးလိုက်သလို ဖြစ်သွားသည်။

" ဟော့ကောင် ငါပြောတဲ့စကားထဲမှာ ဘာရယ်စရာပါလို့လဲ၊ ပြောမယ့်ဟာကို ပြောလေကွာ "

" မင်းစကားကို ရယ်တာမဟုတ်ပါဘူးကွာ၊ ငါ့အဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ငါစဉ်းစားမိလို့ပါ ”

ဒီပဇော်က ရွာမှာဖြစ်ပျက်ကြုံတွေ့ ခဲ့ရသော အောက်မေ့ဖွယ်များကို တမ်းတရင်ခုန်စွာပြန်လည် ပြောပြပါသည်။

အညာ ‘ လက်ပံစု ’ ရွာလေးမှာ ဒီပဇော်ဦးလေးက လူရည်တတ်၊ ဒီပဇော် ရှစ်တန်းကျောင်းသား အရွယ်လောက်ကတည်းက မိဘများဆုံးပါးသွားကြသည်မို့ ဦးလေး(အမေ့မောင်)ကပင် ဒီပဇော်ကို ဆက်လက်စောင့်ရှောက်ခဲ့သည်။ ဦးလေးက ရွာမှာတော့အမြဲမနေ၊ ဟိုမြို့ဒီမြို့ကူးပြီး အရောင်းအဝယ်လုပ်သည်။ လျင်သည်၊ လည်သည်၊ စီးပွားတောင့်တင်းသည်။ ဒီပဇော်ကို ပညာရေးကောင်းအောင်ကြိုးစားခိုင်းသည်။ ဒီပဇော်အတွက် ငွေမပြတ်တမ်းထောက်ပံ့ထား၏။

“ ဦးလေးလည်း ကျွန်တော့်ကိုငဲ့ပြီး မိန်းမမယူတော့ဘူးလား၊ ကျွန်တော်လည်းဘွဲ့ရတော့မှာပဲဟာ၊ ကြိုက်တာတွေ့ရင်ယူနော်၊ ကျွန်တော်လည်း ဘွဲ့ရပြီးတာနဲ့ အလုပ်တစ်ခုခုဝင်လုပ်မှာပါ”

ထိုသို့ ဒီပဇော်တိုက်တွန်းခဲ့ဖူးသည်။ ဦးလေးက ဟက်ဟက်ပက်ပက် ရယ်ပါသည်။ ဒီပဇော်ကျောကို ပွတ်ပြီးဦးလေးကပြော၏။

“ ဒီမှာငါ့တူ၊ တစ်နေရာတည်းမှာ မိန်းမတစ်ယောက်ကိုပေါင်းသင်းပြီး၊ အဲ့ဒီနေရာတစ်ခုမှာ ထိုင်စီးပွားရှာနေရတာလောက်ပျင်းစရာကောင်းတာ မရှိဘူးကွ ”

နောက်တော့မှ ဒီပဇော်သဘောပေါက်သည်။ ဦးလေးကခရောက်လေရာအရပ်မှာ အိမ်ထောင်ကျတတ်သောသူဖြစ်သည်။ ဦးလေးပြောပြပုံ အရဆိုလျှင်မြို့၅မြို့မှာ မိန်းမ၅ယောက်ရှိသည်။ ဘိုမျှမက ထပ်ဖြိုးလိုက်နိုင်သေးသည်ဟူ၏။ ဤသို့ဤနှယ် အစွမ်း



ထက်လှပါသော ဦးလေးပါပေ။

တစ်ရက် ဦးလေးမရှိသည့်အခိုက် ရွာလူကြီး ဦးဖန်သီးနှင့်အတူကော့ပျံလန်နေအောင် ဝတ်စားဆင်ယင်ထားသော မိန်းမတစ်ယောက် ဒီမဇော်နေထိုင်သော ဦးလေးအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါသည်။

“ ဟေ့ ဒီပဇော်၊ မင်းဦးလေး မင်းစိန်တစ်ယောက်ကောမြင်ပါလား အိမ်မှာရှိရဲ့လား ”

ဦးဖန်သီးက အိမ်ထဲဝင်လာရင်း လှမ်းမေးလိုက်သည်။ ဦးလေးက အရွယ်ရောက်ကတည်းက ရွာမှာအနေနည်းသူမို့ ရွာကသူတွေက ဦးလေးကိုရွာမှာ ရှိနေမနေကိုပင် သိပ်သတိမထားမိတတ်ကြ။

“ မရှိဘူး ဦးလေးဖန်သီး မန္တလေးသွားဦးမယ် ဆိုပြီးထွက်သွားတာ ၃ရက်လောက်တောင်ရှိပြီ၊ ဘာကိစ္စရှိလို့လဲ ”

“ ဟောဒီမှာ မိတ္ထီလာမှာနေတဲ့ သူ့မိန်းမလိုက်လာတယ်၊ ရွာကို တစ်ခေါက်မှ မရောက်ဘူးဘဲမေးစမ်းလာရတာတဲ့ကွာ ”

ဦးဖန်သီးက ကရုဏာသက်စွာ မိတ်ဆက်ပေးသည်။ ထိုပျံလန်လန် မိန်းမက သက်ပြင်းမောကြီး တစ်ချက်ချလိုက်သည်။

“ ဟင်း ကိုမင်းစိန်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ သူ့အချင့်အတိုင်း ဒီဆိုဟိုရောက်တော့တာဘဲ၊ ပြောတော့ ရွာကတူလေးဒီ ခဏပြန်ဦးမယ်၊ မင်းနောက်ကလိုက်ချင်လည်း လိုက်လာခဲ့တဲ့အခုသူက မန္တလေးရောက်နေပြီ ”

ဒီပဇော်က လက်မှနာရီကိုကြည့်လိုက်တော့ မန္တလေးသို့ထွက်သွားလျှင် အချိန်အများကြီးရနိုင်သေးသည်။ ဒီပဇော်က အကြံ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။

" ကျွန်တော့်ဆီမှာ မန္တလေးက လိပ်စာရှိတယ်၊ အမကြီး လိုက်ချင် လိုက်သွားပါလား "

" မလိုက်တော့ပါဘူးကွယ် ဒီမှာတစ်ညအိပ်ပြီး မိတ္ထီလာကိုပဲ ပြန်တာကောင်းပါတယ် "

တော်သေးသည်။ ဒီပဇော်အကြံပေးပြီးမှ ကိုယ့်အမှားကိုယ်သိလိုက်သည်။ မန္တလေးကို ထိုမိန်းမလိုက်သွားလို့မဖြစ်၊ မန္တလေးက မိန်းမနှင့်တွေ့ပြီး ပြဿနာတွေ ဖြစ်ကုန်လျှင်အခက်။ ထိုမိန်းမအမည်မှာ ခင်သူဇာနွယ်ဟူ၏။ ဝတ်ပုံစားပုံကလက်သော်လည်း မိန်းမကောင်းပီသပုံရသည်။ မီးဖိုချောင်ကို သူမကဝင်ကာ ညနေစာကို ကောင်းမွန်စွာ စီမံချက်ပြုတ်ပေးသည်။ အညာရွာတို့ထုံးစံအတိုင်း တခြားမြို့ရွာက ဧည့်သည်ရောက်နေသည်ဆို၍ အိမ်ကိုဟင်းလာပေးကြရင်း စပ်စုကြလေတော့သည်။ ရွာကမိန်းမများနှင့်ခင်သူဇာနွယ်က တစ်ညနေခင်းအတွင်းမှာပင် တော်တော်အဖွဲ့ကျသွားသည်။

ညနေခင်း ရွာထဲကို ဒီပဇော်ထွက်လည်သောအခါ တော်တော်များများက ဝိုင်းမေးကြသည်။

" ဒီပဇော် မင်းတို့အိမ်မှာ မိတ္ထီလာက မင်းဦးလေးမိန်းမ ရောက်နေတယ်ဆို "

" အင်း . . . ဟုတ်ချင်လည်း ဟုတ်မှာပေါ့ဗျာ "

" ဟ . . . ဘာလဲဟ မင်းစကားကြီးက "

" ဒီလိုလေဗျာ ကျုပ်ဦးလေးက ရောက်လေရာအရပ်မှာ အိမ်ထောင်ကျတတ်တဲ့ သူဆိုတော့ အိမ်မှာရောက်နေတဲ့ အမျိုး



သမီးက ဦးလေးမိန်းမဆိုတာ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လို့ပြောတာ "

ထိုစဉ်က ဒီပဇော်သွေးရိုးသားရိုး ပြောလိုက်သောစကားက ရွာထဲမှာ သတင်းထူးကြီးတစ်ရပ်အဖြစ် ပျံ့နှံ့သွားလေတော့သည်။ ရောက်လေရာမှာ အိမ်ထောင်ကျတတ်တဲ့ ကိုမင်းစိန်။ -

နောက်တစ်နေ့ မနက်စာ စားပြီးချိန်ရောက်တော့ ဧည့်သည်အမျိုးသမီးက သူပါလာတဲ့ ခရီးဆောင်အိတ်ထဲပစ္စည်းတွေ ထည့်သိမ်းလေသည်။ ကိုမင်းစိန် ပြန်လာမှ ပြန်တောင်းယူလိုက်ဟု ဆိုကာ ဒီပဇော်ထံမှ ငွေတစ်သောင်း လိုရမယ်ရဆောင်သွားချင်လို့ပါပြော၍ ပေးလိုက်ရသည်။ ဒီပဇော်ကိုကောင်းကောင်းမွန်မွန် နှုတ်ဆက်ပြီးပြန်သွား၏။ ကိုမင်းစိန် မိတ္ထီလာကိုပြန်တဲ့အခါ ဒီပဇော်ကို လိုက်လည်ဖို့ပင် ဖိတ်သွားလေသေးသည်။ မဆိုးပါဘူး။

နောက်နှစ်ရက်လောက်နေတော့ ကိုမင်းစိန်ရွာကိုပြန်ရောက်လာသည်။ ရွာလူကြီး ဦးဖန်သီးအပါအဝင် ရွာထဲမှစပ်စုလိုသူများ အိမ်ကို စုရောက်လာကြ၏။

" မောင်မင်းစိန်တို့ကတော့ တကယ်ကို ဒိုင်လျှိုတတ်တာကိုး၊ တမြို့တရွာမှာ အိမ်ထောင်ကျတာကိုတောင် ရွာကလူတွေကို အသိမပေးဘူး "

ဦးဖန်သီးက ထိုသို့စကားစလိုက်သည်နှင့် ကိုမင်းစိန်ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်ရသလို ဖြစ်သွားလေသည်။ ကိုမင်းစိန်က ဒီပဇော်ဘက်လှည့်ပြီး မဲသည်။

" ဟေ့ကောင် ဒီပဇော် မင်းရွာထဲကလူတွေကို ဘာတွေ လျှောက်ပြောထားတာလဲ "

www.burmeseclassic.com

www.burmeseclassic.com



" ကျွန်တော်ပြောလို့ သိတာမဟုတ်ဘူးဗျ ဟိုက လိုက်လာလို့သိတာ "

" ဘယ်က လိုက်လာလို့တုန်း "

" မိတ္ထီလာက ဦးလေးမိန်းမ ဒေါ်ခင်သူဇာနွယ်ဆိုတာ ရွာကိုလိုက်လာတယ်လေ "

" ဗုဒ္ဓေါ "

ကိုမင်းစိန် မျက်စိမျက်ဆံပြူးသွားသည်။ ဦးဖန်သီးက ရယ်သွမ်းသွေးရင်း စကားထောင်လိုက်၏။

" အဟင်း ဟင်း ဟင်း အခုမှတော့ ဖုံးလို့ဖိလို့မရတော့ပါဘူး မောင်မင်းစိန်ရယ် "

" ဟာ မဟုတ်ဘူး ဘယ်ကသာ ကျုပ်မှာမိတ္ထီလာကမိန်းမရှိရမှာလဲ၊ ဒီပဇော် မင်းပြောတဲ့နာမည်မျိုး ငါကြားတောင်မကြားဖူးဘူး "

ကိုမင်းစိန်တကယ်ပင် မိတ္ထီလာမှာမိန်းမ မရှိပါ။ တစ်ခုခုတော့ လွဲနေပြီဆိုတာကို ကိုမင်းစိန်သိလိုက်ပြီ။ မျက်မှောင်တချက်ကျုတ်စဉ်းစားပြီး ဒီပဇော်ကိုမေးသည်။

" နေပါဦး အဲဒီမိန်းမက ဒီကနေ ဘာကြောင့် ဘယ်လိုပြန်သွားတာလဲ "

" အလုပ်ကိစ္စတွေ ရှိသေးလို့ ပြန်နှင့်မယ်တဲ့ ဦးလေးပြန်အလာကို မစောင့်တော့ဘူးတဲ့၊ ကျွန်တော့်ဆီကတောင် ငွေတစ်သောင်း တောင်းသွားလို့ ပေးလိုက်ရသေးတယ် "

ဒီပဇော် စကားဆုံးသည်နှင့် ကိုမင်းစိန်က သူ့နဖူးသူလက်ဝါးဖြင့် ရိုက်လိုက်သည်။



" သေချာပြီ သေချာပြီ အဲဒီမိန်းမက တစ်နေရာရာကနေ ငါ့အကြောင်းသိလို့ ရွာကိုလာလိမ်သွားတာကွ ငွေတစ်သောင်းတော့ ဆုံးပါပြီကွာ "

ငွေတစ်သောင်း အလိမ်ခံလိုက်ရသည်က သိပ်ပြဿနာမရှိ၊ ထိုကိစ္စဖြစ်ပြီးနောက်ပိုင်း ရွာထဲမှာ မသေချာတဲ့ကိစ္စတစ်ခုတွေ့တိုင်း " ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ကိုမင်းစိန်ရယ် " ဆိုသောစကားက တွင်ကျယ်လာပါတော့သည်။

" အရီးလေးဒေါ်မြ မနေ့က တင်ဆောင် မိန်းမခိုးသွားလို့ဆို "

" ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ကိုမင်းစိန်ရယ် "

" ကိုတင်သိန်း ကိုဖိုးထိန် နွားရောင်းမယ်ဆိုတာ ကြားမိလား "

" ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ကိုမင်းစိန်ရယ် "

အဲဒီလို။ ကြာတော့ ကိုမင်းစိန်တစ်ယောက် ရှက်လာလို့ထင်ပါရဲ့၊ ရွာကို လုံးဝပြန်မလာတော့ဘူး။ အစပိုင်းတော့ ဒီပဇော်တို့ ရောက်လေရာ အရပ်က ငွေလှမ်းထောက်ပံ့သေးသည်။ ဒီပဇော်အဲ့ဘက်ကျောင်းမှာ အလုပ်ဝင်နေပြီဆိုကတည်းက ကိုမင်းစိန်နှင့်အဆက်အသွယ် ပြတ်တောက်သွားလိုက်တာ ယနေ့အထိ။ ဒီပဇော်သည်း ကိုမင်းစိန်ကို တွေ့ချင်သည့်တိုင် ရွာကိုမခွာနိုင်သေး။ ရွာမှာက ဒီပဇော်ချစ်ရပါသော ထွေးစိန်ဆိုသည့် မိန်းမချောလေးကနေတာကိုး။ စိန်နှစ်စိန်မှာ ထွေးစိန်ဘက်သာ နေခဲ့ပါသေးသည်ဟုဆိုသော်။

*

www.burmeseclassic.com

www.burmeseclassic.com



ဒီပဇော်နှင့် ထွေးစိန်တို့မှာ ငယ်ကျွမ်းဆွေတွေဟုဆိုရမည်။ မိဘချင်းကလည်း တော်တော်ရင်းနှီးကြပါသည်။ ဒီပဇော်ထက် ထွေးစိန်က ပါစ်နှစ်ကျော်ကျော်လောက်ကြီး မည်ထင်သည်။ သို့သော် ငယ်စဉ်ကတည်းက ကစားဖော် ကစားဖက်တွေမို့ ရွယ်တူ တန်းတူတွေလိုပင် ဖြစ်နေခဲ့သည်။

ထွေးစိန့်မိဘများက ချမ်းသာသော တောင်သူကြီးတွေ။ သားသမီး လေးယောက်မှာ ထွေးစိန်က အကြီးဆုံးဖြစ်သည်။ တအိမ်လုံးတာဝန်ကို ထွေးစိန်က သိမ်းကျုံးလုပ်ရသည်။ ထွေးစိန်တော်သည်ဟု ပြောရမည်။ အလုပ်တွေ ဒီလောက်များသည့်ကြားထဲက ဆယ်တန်းကို အောင်မြင်အောင် ဖြေဆိုနိုင်လိုက်သေးသည်။

ထွေးစိန်ဆယ်တန်းအောင်မြင်တော့ ဒီပဇော်နှင့်ထွေးစိန်တို့ ရှေ့ရေးကို စိတ်ကူးတွေယဉ်ခဲ့ကြသေးသည်။ အခုတော့ စိတ်ကူးတွေက လက်တွေ့ဖြစ်မလာတော့ပါ။ လွမ်းစရာတော့ကောင်းလှပါသည်။

" ထွေးစိန် နင့်ဆယ်တန်းအောင်သွားပြီနော်၊ တက္ကသိုလ်သွားတက်မှာလားဟင် "

" ငါအဝေးသင် တက္ကသိုလ်ပဲတက်မယ်၊ တက္ကသိုလ်သွားဖို့ မဖြစ်နိုင်ပါဘူးဟာ "

" ဟာ --- ဘာလို့မဖြစ်နိုင်ရမှာလဲ၊ နင်တို့အိမ်က တတ်နိုင်



သားပဲ "

" ဟင့်အင်း အဲဒါကြောင့်မဟုတ်ဘူး၊ ငါတက္ကသိုလ်သွားတက်ရင် အိမ်အလုပ်တွေလည်း လုပ်မယ့်သူမရှိဘူး၊ ပြီးတော့ ငါ့မောင်အငယ်ဆုံးလေးကို ဘယ်သူနို့တိုက်မလဲ "

" ဗုဒ္ဓေါ "

ထွေးစိန်စကားကြောင့် ဒီပဇော်မျက်လုံးပြူးသွားသည်။

" ဟဲ့ ဘာလို့ နင်ကဘုရားတ ရတာလဲ "

" ဟို အခု အခုကော နင့်မောင်လေးကို နင်နို့တိုက်နေရတာလား "

" အေးလေ ဟုတ်သားပဲ "

" မဖြစ်နိုင်ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး "

" ဟောတော် ဟုတ်ပါတယ် ဆိုနေ "

ဒီပဇော် အတွေးချော်နေသလို ထွေးစိန်ကလည်း သူပြောသော စကားအဓိပ္ပါယ်ကို သူရှင်းအောင်မပြောတတ်။ ဒီပဇော်ခေါင်းကိုသာ တွင်တွင်ခါရမ်းနေသည်။ ထွေးစိန်စိတ်မရှည်နိုင်တော့ ဘာမပြောညာမပြောနှင့် ရုတ်တရက်ထထွက်သွားသည်။ ဘာမှန်းမသိ၍ ဒီပဇော်ငြိမ်ပြီးထိုင်နေခဲ့သည်။ ထွေးစိန်က လက်ထဲမှာနို့ဗူးလေးမှာ နို့အပြည့်ထည့်ကိုင်လာပြီး ဒီပဇော်ပါးစပ်ထဲ ရာဘာနို့သီး ခေါင်းလေးကို ဇွတ်ထိုးထည့်သည်။

" ဒီလောက်တောင် မယုံတဲ့ကောင် စို့နင်ကိုယ်တိုင်စို့ "

အဲဒီလို၊ ပြန်တွေးမိတော့လည်း လွမ်းစရာပေါ့လေ။ ခုတော့ တာက ထွေးစိန်အဖေ၊ ထွေးစိန်အမေဦးအာဏာက အာဒေါင်အာရင်းသန်ပြီး တော်တော်လေလုံးထွားတဲ့သူ၊ သူတို့က ချမ်းသာတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူတွေဆိုတော့ ဘယ်သူကမှ ဘာမှမပြောကြပါဘူးလေ။ လေလုံးထွားသလောက်လည်း တကယ်လုပ်ပြနိုင်တာတွေက ရှိတာကိုး။ တခါတလေတော့ ခွကျတာတွေ ရှိတာပေါ့။

တစ်ခါကလည်း ဘက်ထရီအိုးနဲ့ လျှပ်စစ်အားသွင်းစက်တွဲထားတဲ့ 'အင်ဗာတာ' ဆိုတာကြီး ဝယ်လာသည်။ သူလေလုံးထွားပုံက ဘယ်လိုကြီးမှန်းမသိ။

" ဒါ အင်ဗာတာလို့ခေါ်တယ်၊ လျှပ်စစ်မရှိပေမယ့် ဒါကြီးရှိရင် တအိမ်လုံးလင်းထိန်နေအောင် ထွန်းလို့ရတယ်ဗျ "

" ဖြစ်မှဖြစ်ရလေ ဦးအာတာရယ်၊ ဒီဘက်ထရီအိုးထဲကိုအားသွင်းဖို့ အတွက်ကျတော့ လျှပ်စစ်ဓါတ်အားကို ခင်ဗျားက အမြဲတမ်းဘယ်က ရမှာလဲ "

" ဟာ . . . ဟုတ်သားပဲ "

ရွာကကျောင်းဆရာလေးက ရှင်းပြတော့မှ ဦးအာတာ သဘောပေါက်သွားသည်။ သူ့အမှားကို ရပ်တန်းကမရပ်၊ အင်ဗာတာထဲကို လျှပ်စစ်အားသွင်းဖို့ဆိုပြီး မီးစက်တစ်လုံးထပ်ဝယ်လာသည်။ ညတိုင်းဆို မီးစက်မောင်း အင်ဗာတာချိတ်၊ အင်ဗာတာက နေမှ မီးချောင်းတွေထွန်း၊ ရှုပ်စရာမရှိတာကို အဲ့ဒီလိုရှုပ်တဲ့ဦးအာတာပါ။

ထွေးစိန်တက္ကသိုလ်လေးနှစ် ပြီးဆုံးသွားလို့ မြို့ကိုဘွဲ့သွားယူတဲ့နေ့က ဒီပဇော်ရင်အခွန်ရဆုံး ဖြစ်ခဲ့သည်။ ထွေးစိန်တို့တမိသားစုလုံး ဘုစုခရုပါမကျန် မြို့ကိုတစ်ရက်ကြိုတင်သွားကြသည်။ ရွာကတည်းက ' တစ်သက်မှတစ်ခါ ဘယ်လောက်ကုန်ကုန် ' ဆိုတဲ့စကားကို ဦးအာတာကြွေးဝါးသွားခဲ့သည်ကိုတော့ ဒီပဇော်သိသည်။



" ထွေးစိန်တို့ မိသားစု ဘွဲ့ယူပြီးပြန်လာပြီတဲ့ "

ဘယ်သူအော်သွားမှန်းမသိ။ ထိုသတင်းကိုကြားတော့ ဒီပဇော်အိမ်ထဲက အိမ်ပြင်ထွက်လာခဲ့သည်။ ရွာလည်လမ်းမှာ လူတွေအုံခဲဆူညံနေသည်။ ကြည့်လိုက်တော့ ရှေ့ဆုံးက ဦးအာတာကငွေဖလားကြီးကိုပိုက်ပြီး ပိုက်ဆံတွေကျဲလာလိုက်တာ၊ ဦးအာတာနောက်က သူ့မိန်းမ၊ ဝတ်စားထားကြပုံတွေက ကုန်းဘောင်ခေတ်ရွှေစလွယ်ရ သူဌေးနှင့် သူဌေးကတော်ပုံစံမျိုး။ သူတို့နောက်မှာမှဘွဲ့ဝတ်စုံကြီးကို အကျအနဝတ်ပြီး လမ်းလျှောက်လာသောထွေးစိန်။ ဓါတ်ပုံ၊ ဗီဒီယိုတွေကလည်း ရှေ့ကတမျိုး နောက်ကတမျိုး။ ကောင်းရော။

ရှက်လိုက်သည့်ဖြစ်ခြင်း။ ဒီပဇော်ခင်မျာမှာ ဇောချွေးတွေပိုးပိုးပေါက်ပေါက်ကျအောင် ရှက်တာ။ နောက်တစ်နေ့မှာပဲ ဘယ်သူ့ကိုမှ အသိမပေးဘဲ ရွာမှဒီပဇော်အပြီးအပိုင်ထွက်ခွာလာခဲ့ပါတော့ သည်။ ထွေးစိန် အသည်းကွဲလို့ကျန်ခဲ့မှာကိုတော့ အားနာပါတယ်။

" အဲ့ဒီလိုနဲ့ မင်းတို့ တူဝရီးတွေ အရှက်ကွဲပြီး ရွာကိုစွန့်ခဲ့တယ် ဆိုပါတော့ "

ရဲနိုင်က ဒီပဇော်တို့ အဖြစ်အပျက်များကို နားထောင်ပြီးရယ်မောရင်း မေးလိုက်သည်။ ဒီပဇော်က ခေါင်းညိတ်ပြသည်။

" ကဲ အဆောင်ကို ပြန်ကြဦးစို့ ကိုပိုက်နဲ့ဖိုးလုံးတို့ ဘာတွေဖြစ်ကျန်ခဲ့မယ် မသိဘူး "

ရဲနိုင်နှင့် ဒီပဇော်တို့အဆောင်ကို ပြန်ခဲ့ကြလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ကိုဗိုက်နှင့်ဖိုးလုံးတို့ နပန်းသတ်သည်အထိ ပြဿနာကြီးသွားရသည်ကိုသိတော့ ရဲနိုင်နှင့်ဒီပဇော်တို့ စိတ်မကောင်းဖြစ်ကြရသည်။ မိမိတို့လုပ်မိပါသည်ဟု ကိုဗိုက်ကိုရဲနိုင်နှင့် ဒီပဇော်တို့က ဝန်ခံလိုက်ကြသည်။ ကိုဗိုက်ကလည်း ဖိုးလုံးကို တောင်းပန်သည်။ ဖိုးလုံးကလည်း တရားရှိသူပီသစွာပင် ခွင့်လွှတ်သည်။ ယခင်ကလိုပင် ချစ်ချစ်ခင်ခင် နေထိုင်ကြရန် ဦးဘဇာတ်က ဆုံးမဩဝါဒပေးသည်။ ယင်းသို့ဖြင့်ပင် ချစ်ကြည်ရေးဖဲဝိုင်း ပြန်လုပ်နိုင်ခဲ့ကြသည်။

" ဟေ့ငကောင် ဖိုးလုံး၊ မင်း ဒိုင်လျှိုထားတဲ့ အခြေအနေလေး ဘယ်အဆင့်ရောက်နေပြီလဲ "

ဒီပဇော်က ဖဲချပ်ကို အရသာခံပွတ်ကြည့်နေရင်းက ဖိုးလုံးကိုတောက်လိုက်သည်။ ဖိုးလုံးက မိမိကိုယ်ကိုလုံလှပြီ မှတ်ထားသည့်ကိစ္စကို ဒီပဇော်ဖော်ကောင်လုပ်လာသည်မို့ ပျာသွားေ၏။

" ဘာမှ ငါလျှိုမထားပါဘူးကွာ "

" လုပ်မနေစမ်းပါနဲ့ကွာ၊ အချင်းချင်းတွေပဲဟာ ကူညီနိုင်တာကို ကူညီလို့ရတာပေါ့ "

ရဲနိုင်ကပါ အတည်ကြီးဝင်ထောက်လိုက်သည်မို့ ဖိုးလုံးမှာ အနည်းငယ်တော့ ဖြုံသွားသည်။ အမှန်အတိုင်းဝန်မခံလို့ ဒီနှစ်ကောင့်ကြားဝင်ဖွမှာကိုလည်း ကြောက်ရသေးသည်မို့ ဖိုးလုံးမှာ အဖြောင့်ကွယ် ကွယ်လိုက်မိသည်။

" ဘာမှမဟုတ်ပါဘူးကွာ စကျွံရှုပေန သံဝါသအဆင့်ပဲ



ရှိပါသေးတယ် "

" ငါတို့မသိအောင် နေ့တိုင်းလက်ဖက်ရည်ဆိုင်ကနေ ထိုင်ကြွေနေတာတောင် ဘယ်လောက်ကြာနေပြီလဲ ဖိုးလုံးရာ "

အတိအကျကြီးပါလား၊ ဖိုးလုံးပြောင်ဖွင့်ပြောမှ သက်သာရာရမည့် အခြေအနေဆိုတာကို သဘောပေါက်သွားလေပြီ။

" ငါ့အစွမ်းအစလည်း မင်းတို့သိသားပဲကွာ၊ အဝေးကနေ လှမ်းကြည့် ပြုံးပြအဆင့်ပဲ လုပ်ရဲသေးတာပါ "

" တောက် ဖဲက ဒီလောက်သေနေမှတော့ ဆက်မကစားချင်တော့ဘူးဟေ့ "

ကိုဗိုက်က ပွဲဖျက်လိုက်သည်မို့ ဖဲဝိုင်းက သူ့အလိုလိုပျက်သွားသည်။ ကျန်တဲ့သူများက ကိုဗိုက်ပဲ ငွေထုတ်ပေးပြီး ကစားနေကြရသည်မို့ ဘယ်သူမှ အတွန့်မတက်ရဲကြ။

" ပွဲပျက်ပြီဆိုမှတော့ ဖိုးလုံးကိစ္စကိုပဲ ဆက်ဆွေးနွေးကြတာပေါ့၊ လုပ်စမ်းပါဦး မင်းကောင်မလေးနာမည်က ဘယ်သူတဲ့လဲ "

" ရတနာမိုး "

" ဟာ . . . နာမည်ကြီးကလဲ တမျိုးကြီးပါလား "

ဒီပဇော်က ဝေဖန်သည်၊ ဖိုးလုံးက ပြုံးဖြဲဖြဲလေးလုပ်နေရင်း စကားကိုဆက်သည်။

" ကောင်မလေး နာမည်မဟုတ်ပါဘူးကွာ သူရောင်းတဲ့ ထီဆိုင်နာမည်ကို အစွဲပြုပြီး ငါဖာသာရင်ခုန်သံနဲ့ ခေါ်နေတဲ့နာမည်ပါ "

" ဟာကွာ မင်းဟာလည်း မဟုတ်သေးပါဘူး "

" မဟုတ်သေးဘူးဆိုတာကိုတော့ ငါ့ဖာသာလဲသိတယ်၊

www.burmeseclassic.com



" ဇာတ်လမ်းကို ဘယ်လိုစရမယ်ဆိုတာ မသိလို့မင်းတို့ဆီက အကြံဉာဏ်လေး ဘာလေးတောင်းမယ် စိတ်ကူးနေတာ "

ဖိုးလုံးလည်း မထူးတော့ဘူးဟု သဘောထားကာ အားလုံးရှေ့မှာ ဝန်ခံလိုက်ရသည်။ ဦးဘတုတ်က မကြီးမငယ်နှင့် ဝင်အကြံပေးနေသေးသည်။

" မေတ္တာစာတွေ ဘာတွေသီကုံးပြီးပေးပေါ့ "

" ဘိုးတော်ဘုရားလက်ထက်လောက်က နည်းတွေလာပြောမနေနဲ့ ခင်ဗျားဖာသာ ကြက်သားသည်ဒေါ်အာကျယ်ကိုသွားပေးချေ "

" အဲ့ဒါမှ ကြက်သားခုတ်တဲ့ ဓားမစာမိသွားမှာ "

ကိုပိုက်စကားကြောင့် ဦးဘတုတ်မှာ ယောင်ရမ်းပြီးလည်ပင်းကိုပွတ်နေမိသည်။ ရဲနိုင်က အတည်ပေါက်အကြံပေးသည်။

" ငါ အကြံရပြီ ဖိုးလုံးမင်းထီသွားထိုးကွာ "

" ထီထိုးရအောင် ငါ့မှာမှ အပိုငွေမရှိတာ အဆောင်လခမပြည့်သေးလို့ စိတ်ညစ်နေရတာကွ "

" ဒီလအဆောင်လခ နောက်ချန်ပေးပေါ့ ဖိုးလုံးရယ်၊ ဒီကိစ္စမျိုးဆို ဦးလေးက ကူညီချင်နေတာ "

ဦးဘတုတ်က သဘောကောင်းပေးနေ၍ ဖိုးလုံးအားတက်သွားသည်။

" အဲ့ဒီလိုဆိုရင်တော့ ထီတစ်စောင်လောက် သွားထိုးရမယ် "

" ညံ့ပါ့ ဖိုးလုံးရာ ကောင်မလေးကို ချဉ်းကပ်ဖို့ ထီထိုးမယ့်ဟာကို တစ်စောင်တည်းသွားထိုးရင် မင်းကိုဟိုက အထင်သေးသွားမှာပေါ့ "



ဒီပဇော်ကထောက်ပြသည်။ ဖိုးလုံးကလက်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြသည်။

" ထီထိုးတာတော့ဟုတ်ပါပြီ၊ ပြီးတော့ ငါကဘာဆက်လုပ်ရမှာလဲ "

" ဒါက လွယ်ပါတယ်၊ ငါ့ဆီမှာကင်မရာတစ်လုံးရှိတယ်၊ မင်းကိုယ်မင်း မဂ္ဂဇင်းမျက်နှာဖုံးဓါတ်ပုံဆရာလို့ သဘောထားလိုက်၊ မဂ္ဂဇင်းမျက်နှာဖုံးမှာ အသုံးပြုဖို့ဓါတ်ပုံရိုက်ချင်ပါတယ်ဆိုပြီး ပန်းခြံတစ်ခုမှာချိန်းကွာ "

ရဲနိုင်ပေးသောအကြံကို ဖိုးလုံးအတန်ငယ်စဉ်းစားပြီး မယုံမရဲမေးသည်။

" ကောင်မလေးက လာပါ့မလား "

" စမ်းကြည့်လိုက် အဲ့ဒီနည်းနဲ့ အဆင်မပြေတော့လည်း နောက်တနည်းပေါ့ကွာ "

" ရဲနိုင်ပေးတဲ့ အကြံကောင်းတယ်၊ အရှုံးမရှိဘူး ဖိုးလုံး စမ်းကြည့်သင့်တယ် "

" အေးပေါ့လေ၊ အားလုံးက ဝိုင်းဝန်းအားပေးနေကြမှတော့ စမ်းကြည့်ရမှာပေါ့ "

" အောင်မြင်ပါစေ "

ဦးဘတုတ်က ဝမ်းသာအားရကြီး ဆုပေးလိုက်သည်။ ဖိုးလုံးလည်းတော်တော် အားရှိသွားရပါသည်။

" ဟော့ကောင်တွေ ဖြစ်မယ်မထင်ဘူးကွ၊ ငါ ဒူးရှေ့အရမ်းတုန်ပြီး ရေငတ်သလိုလို ဟိုလေဝမ်းသွားချင်သလိုလိုဖြစ်နေပြီ "

www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ဖက်မှာ ဖိုးလုံးပစ်မှတ် ထိဆိုင်ကလေးတည်ရှိနေပြီး လမ်းရဲ့အခြားတစ်ဖက်မှာတော့ ဖိုးလုံးတို့အုပ်စုစတည်းချ အစီအစဉ်ဆွဲရမည့် လက်ဘက်ရည်ဆိုင်လေးရှိနေသည်။ လက်ဖက်ရည်ဆိုင်လေးထဲကို ဝင်မိလျှင်ဝင်မိခြင်းမှာပင် ထိဆိုင်ဖက်ကိုပင် ဖိုးလုံးလှည့်မကြည့်ရဲတော့ဘဲ နတ်ပူးသလိုလို စုန်းပူးသလိုလို ဖြစ်နေသည်။ ကိုဗိုက်က အားပေးစကားဆိုပါသည်။

" ရောမရောက်ရင် ရောမလိုကျင့်ရမယ် ဆိုတဲ့စကားကို မင်းမေ့သွားပြီလားဖိုးလုံး၊ ငါတို့အားလုံးဟာ ရောမအဆောင်မှာ နေတဲ့ သူတွေလေကွာ "

" ဘာဆိုင်လို့တုန်း "

ကိုဗိုက်စကားကို ရဲနိုင်က ဝင်ဘုတောလိုက်သည်။ ကိုဗိုက် အနည်းငယ်တင်းသွားသည်။ ချက်ချင်းပင် စကားကိုချေပရင်း အတည်ပြုသည်။

" သိပ်ဆိုင်တာပေါ့ ရောမအဆောင်မှာ နေတဲ့သူတိုင်းဟာ မိန်းကလေးကိစ္စနဲ့ ပတ်သက်ရင်သူရသတ္တိ အပြည့်ရှိရမယ်လေ၊ မဟုတ်ဘူးလားကွာ ဒီပဇော် "

ကိုဗိုက်က ဒီပဇော်ကို စစ်ကူတောင်းသည့်သဘောဖြင့် တိုင်တည်လိုက်သည်။ ဒီပဇော်က ခပ်ငေါ့ငေါ့ထောက်ခံသည်။

" ဟုတ် သိပ်ဟုတ်၊ ကိုဗိုက်သတ္တိကောင်းလွန်းလို့ LUCKY PLACE စားသောက်ဆိုင်ထဲမှာ အချီကြီးခံလိုက်ရတာ "

ဒီပဇော်အပြောကြောင့် ကိုဗိုက်တရှုံ့ရှုံ့နှာမှုတ်လေတော့သည်။ ကိုဗိုက်တစခန်းပြန်ထလာလျှင် မြားဦးက သူ့ဘက်လှည့်လာမည်ဆိုး၍ ရဲနိုင်က စကားလမ်းကြောင်း ပြောင်းပေးလိုက်သည်။



" ဖိုးလုံး မင်းရင်ခုန်သံတွေ သိပ်မြန်နေလို့ပါကွာ၊ အကြောက်ပြေသွားပြီး ချစ်ခွန်အားတွေ ပြည့်လာအောင် လက်ဖက်ရည်လေး မုန့်လေးမှာကြရအောင် "

" အဲ့ဒါကမှ တကယ့်ကိုဘလိုင်းကြီး "

ကိုဗိုက်က အခွင့်သာတုန်း ရဲနိုင်ကိုပြန်ချေသည်။ လက်ဖက်ရည်၊ စီးကရက်၊ မုန့်တို့ကိုတော့ တယောက်မှငြင်းပယ်သူမရှိ၊ ထိဆိုင်လေးဆီသို့ ဖိုးလုံး မသိမသာခိုးကြည့်မိသည်၊ ဆိုင်လေးအတွင်းဘက်မှာ အလင်းရောင် အားနည်းနေသဖြင့် ဘာမှသဲသဲကွဲကွဲ မမြင်ရ ဖိုးလုံးကို အကဲခတ်မိသော ဒီပဇော်က ချွန်မိအောင်ချွန်လိုက်သေးသည်။

" ဖိုးလုံး မင်းကောင်မလေးက ဒီဘက်ကိုလှမ်းကြည့်ပြီး ပြုံးပြနေတယ်ကွ၊ ဒါအခွင့်ရေးပဲ သွား သွား ဝင်လုံးပေတော့ "

" ဟာကွာ ဝင်လုံးလို့ ကောင်မလေးက လန့်အော်ရင်ငါ အကြီးအကျယ် နာသွားမှာပေါ့၊ မလုပ်ရဲပါဘူး "

" ညံ့ပါကွာ ငါဆိုလိုတာက ကောင်မလေးဆီမှာ ထိထိုးရင်း ငါတို့သင်ပေးထားတဲ့ အတိုင်းစကားဝင်ရောဖို့ ပြောတာ၊ ကဲ. . . ထ၊ သွားတော့ "

အားလုံးက ဝိုင်းတိုက်တွန်းတော့မှ ဖိုးလုံးခမျာ ကြောက်ကြောက်လန့်လန့်ဖြင့်ပင် တားလမ်းတစ်ဖက်ရှိ ထိဆိုင်လေးဆီထသွားလေတော့သည်။

ဒီလောက် အရှက်အကြောက်ကြီးတဲ့ ဖိုးလုံးမှာကောင်မလေးရှေ့ရောက်မှ ဘယ်ကဘယ်လိုခွန်အားတွေ ရှိသွားမှန်းမသိ၊ ကောင်မလေး၏ ဖော်ရွေမှုကြောင့်လည်း ပါမည်ထင်သည်။ ထိဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာရှေ့သို့ ဖိုးလုံးရပ်မိသည်နှင့် ကောင်မလေးရဲ့ ပဋိသန္ဓာရ နှုတ်ခွန်းချိုချိုလေးက နှစ်လိုဖွယ်ထွက်ပေါ်လာသည်။

" အက္ခရာစုံ နံပတ်စုံ နှစ်သက်ရာကို ရွေးချယ်နိုင်ပါတယ် ရှင် "

" ထိလည်းအားပေးမှာပါ၊ ဒီကညီမကိုလည်း အကူအညီလေးတစ်ခုတောင်းစရာရှိနေလို့ပါ "

" ကျွန်မ ဘာများကူညီရမှာပါလိမ့် "

အခြေအနေကမဆိုး၊ ကောင်မလေး အပြုံးက ဖိုးလုံးကို နှုတ်လျှာသွက်လက်စေပါသည်။

" ဒီလိုပါညီမရယ် အကိုက ရွှေကုံ့ကော်မဂ္ဂဇင်းရဲ့ ပင်တိုင်မျက်နှာဖုံးဓါတ်ပုံဆရာ တစ်ယောက်ပါ၊ ညီမရဲ့မျက်နှာလှလှလေးကို မဂ္ဂဇင်းမျက်နှာဖုံးအဖြစ် အကိုဓါတ်ပုံရိုက်ပြီးတင်ပေးချင်လို့ပါ၊ အဲဒါအတွက် ညီမအကူအညီပေးစေချင်ပါတယ် "

" အဟိ ဓါတ်ပုံရိုက်တာကို ကျွန်မဝါသနာတော့ပါတယ်၊ အဟိ အဟိ ဒါပေမယ့်ရှက်စရာကြီး "

ဘာကြောင့်မှန်းမသိ၊ ကောင်မလေးက တဟိ ဟိရယ်ရင်းပြောနေသည်။ ဖိုးလုံးအတွက် အားတက်စရာ၊ အတင့်ရဲချင်စရာပေါ့။

" အို ညီမကလည်းကွယ်၊ ကိုယ့်မျက်နှာလေးချောလို့ လှလို့ ဓါတ်ပုံရိုက်ချင်ပါတယ်ဆိုတာကို ဘာလို့ရှက်ရမှာလဲ "

" ဘယ်မှာ ဘယ်တော့ရိုက်မှာလဲ "

" မနက်ဖြန်တနင်္ဂနွေဆိုတော့ တစ်နေကုန်အတို အချိန်ပေးရိုက်လို့ရတယ်၊ မြေပဒေသာကျွန်းကို ညီမလာခဲ့ဝါလား အကို



သေချာစီစဉ်ထားမယ်လေ "

" ကောင်းပြီလေ ကျွန်မ ၁၀နာရီလောက် ရောက်အောင် လာခဲ့ပါ့မယ် "

" အိုကေ "

ဖိုးလုံး ထခုန်မိမတတ်ပျော်သွားသည်။ တကယ်စမိပြီဆိုတော့လည်း ဇာတ်လမ်းကဘာအခက်အခဲမှ မရှိလောက်အောင် ချောမွေ့လှပါဘိခြင်း။ ထိုနေ့က လက်ဘက်ရည်ဆိုင်မှာထိုင်နေသော အပေါင်းအသင်းများရှိရာကို ဖိုးလုံးရင်ကော့ပြီး ဝင်ထိုင်လိုက်သည်။

ကောင်မလေးရောင်းသော ထီဆိုင်နှင့် ဖိုးလုံးထိုင်နေကျ လက်ဘက်ရည်ဆိုင်က လမ်းဟိုဘက်သည်ဘက်၊ အဆောင်နေဖော် အပေါင်းအသင်းများကလည်း အခြေအနေကို စိတ်ဝင်တစားခဲစောင့်ဆိုင်း နားထောင်နေကြသည်။

" အခြေနေလေးတင်ပြစမ်းပါဦး၊ မြူးလာပုံထောက်တော့ တော်တော်အဆင်ပြေခဲ့ပုံရတယ် "

" ပြေသမှ ဟိုဘက်ကိုတောင် လွန်နေသေး "

မည်သို့ပင်ဆိုစေ ထိုနေ့က လက်ဘက်ရည်တစ်ဝိုင်းအတွက် ဖိုးလုံးနှမျောတွန့်တိုခြင်းကင်းစွာ အကုန်ကျခံလိုက်ပါသည်။ ခင်လာရှိလှပေသကိုး။

ထိုအရာသည် အိပ်မက်တစ်ခုသာ မဟုတ်ခဲ့ပါလျှင်၊ လွန်စွာခန်းနားလှပလွန်းသော ကဗျာတစ်ပုဒ်၊ သို့မဟုတ် သိစိတ်အလျဉ်ရေးနည်းနှင့် ရေးထားသော ဝတ္ထုစာသားတစ်ပိုဒ်၊ သို့မဟုတ် ဒမ္မိရဆန်သော ပီ့စ်မော်ဒန်ပါဖော်မစ် ပန်းချီကားတစ်ချပ်သာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဖြစ်နိုင်သည်။ မဖြစ်ကောင်းလျှင်လည်း မဖြစ်နိုင်ပါ။

ဖိုးလုံးသည် အိပ်မက်ထဲမှာပင် တစ်ခါတရံမျှ မဝတ်ဘူးသော ဂျင်းဘောင်းဘီနှင့် တီရှပ်သန့်သန့်လေးကို အိပ်မက်ထဲမှာ ကြော့ကြော့မော့မော့ ဝတ်ဆင်ထားပါသည်။

ကောင်မလေးက ဇာဝတ်ရုံလေးကို ကျကျနနခြုံရုံထားသည်၊ ဇာဝတ်ရုံမှာ လွန်စွာပါးလျားလွန်းလှသော်လည်း အိပ်မက်ထဲမှာ ကောင်မလေးခန္ဓာကိုယ်လေးကို မမြင်ရ၊ လုံးဝ လုံးဝကိုမမြင်ရ၊ အိပ်မက်ပါဆိုနေမှ။

ဖိုးလုံးက ဒယ်ဂျီတယ်ကင်မရာဖြင့် ကောင်မလေးကို ချိန်ရွယ်ပြီး ခလုတ်တစ်ခုကို နှိပ်ချလိုက်သည်။ ခလုတ်မှားနှိပ်လိုက်မိသည်လား ကင်မရာနှင့် ရောင်ခြည်လက်နက် မှားယွင်းသွားသည်လား မဆိုနိုင်၊ ကင်မရာ၏ မှန်ဘီလူးပေါက်မှ ရောင်ခြည်တန်းလေးတစ်ခု လင်းကနဲ ထွက်ပေါ်ကာကောင်မလေး ဘဝပြောင်းသွားသည်။ (တမလွန်ကို မဟုတ်ပါ )

" ဟာ လိပ်ပြာကလေး ဖြစ်သွားပြီ "

ဖိုးလုံးက တအံ့တသြ ဆိုလိုက်သည်။ ရဲနိုင်က ဟောလိဝုဒ်မင်းသားတစ်ယောက်လို ပုခုံးကိုတွန့်ပြီး သေချာကြည့်ပြောသည်။

" ဘယ်က လိပ်ပြာကလေးရမှာလဲ အပြာရောင်လိပ်ကလေးပါ "

" မော်ဒန်လိပ်ထင်တယ် "

တစ်ယောက်တစ်ပေါက် ဝိုင်းပြောသည်။ ဖိုးလုံးမှာတော့ ကိုယ်တစ်ဖက်သပ် ချစ်နေမိသော ကောင်မလေးတစ်ယောက် လူစင်စစ်က လိပ်ဖြစ်သွားသည်ကိုသာ စိတ်မကောင်းဖြစ်နေမိသည်။



" ရဲနိုင် မင်းကင်မရာနဲ့ ငါ့ကိုရိုက်ပေးစမ်းကွာ "

" ဘာဖြစ်လို့လဲ "

" ငါချစ်တဲ့သူ လိပ်မလေးဖြစ်သွားမှတော့ ငါလည်းလိပ်ထီးပဲ ဖြစ်သင့်တယ် "

" စဉ်းစားပါဦး သူငယ်ချင်းရာ လူကြားလို့မကောင်းပါဘူး "

ကိုဗိုက်၊ ဦးတုတ်၊ ဒီပဇော်နှင့်ဘိုပြူးတို့၏ လှောင်ရယ်သံကြီးများက ခြောက်ခြားဖွယ်ပေါ်ထွက်လာသည်။ ဖိုးလုံးနားမလည်နိုင်စွာ ကြောင်အမ်းအမ်း ဖြစ်နေဆဲမှာပင် ရဲနိုင်လက်ထဲကရောင်ခြည် ကင်မရာမှ လင်းကနဲတချက်လက်သွားသည်။ ဖိုးလုံးလည်း ကိုယ့်ဖာသာ ဘာဖြစ်သွားမှန်းမသိ။

ကောင်မလေးက ဖိုးလုံးရှေ့မှာ လူပြန်ဖြစ်နေပြီး ချာကနဲလှည့်ထွက်ပြေးသွားတော့သည်။ ဘာတွေဖြစ်ကုန်ပြီလဲ၊ ဖိုးလုံးအိပ်ဆော်မှ လန့်နိုးလာတော့ ဂယောင်ခြောက်ခြားကြီးဖြစ်နေ၏။

အိပ်မက်ဆိုမှတော့ တစ်ခါတလေ အူကြောင်ကြောင်နိုင်တာပေါ့လေ။

ဖိုးလုံးပြန်အိပ်လို့မရတော့ပါ။

" ဟာ. . . ဒီနေ့ တယ်ထူးခြားလှပါကလား ဖိုးလုံး ဘုရားရှိခိုးသံတောင် မကြားရပါလား "

ဒီပဇော်က အိပ်ရာကဲစောထရင်း ဖိုးလုံးကုတင်ဘက်ကို လှမ်းကြည့်ပြောလိုက်သည်။ အဝတ်သစ် အစားသစ်များကို ဝတ်ဆင်ထားသော ဖိုးလုံးက အဆောင်ထဲလှမ်းဝင်လာရင်း ဒီပဇော်စကားကို ကြားသွားဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဒီနေ့ ဘုရားတက်တယ်လေကွာ၊ စောစောစီးစီး ကုသိုလ်ယူပြီး ပြန်လာတာပေါ့ "

" ကောင်မလေးနဲ့ ချိန်းထားတဲ့ကိစ္စ ချောချောမွေ့မွေ့ ဖြစ်ပါစေလို့ ဘုရားသွားဆုတောင်းတာ မဟုတ်လား "

ရဲနိုင်က အကြောင်းသိမို့ ဝင်ထောက်လိုက်သည်။ တဆက်တည်း ကိုဗိုက်ဘက်ကို လှည့်ပြီးလှမ်းမေးသည်။

" ကိုဗိုက် မြေပဒေသာကျွန်းကို ခင်ဗျားလည်း လိုက်မယ် မဟုတ်လား "

" လိုက်အားပေးရမှာပေါ့ကွာ "

" မင်းတို့အားလုံးကို ငါကြိုမှာထားမယ်နော်၊ ကောင်မလေးရှေ့မှာ ကြွန်မြေပျက်အောင်တော့ မလုပ်ကြနဲ့ "

" စိတ်ချစမ်းပါကွာ ငါတို့က မီးထိုးမှန်ထိုး အားကိုးရတဲ့ အပေါင်းအသင်းတွေဆိုတာကို မင်းသဘောပေါက် "

ဥနာရီထိုးတော့ ဖိုးလုံး၊ ရဲနိုင်၊ ဒီပဇော်နှင့်ကိုဗိုက်တို့ အဆောင်ထဲမှ စတင်ထွက်ခွာခဲ့ကြသည်။ ဦးဘတုတ်က လှမ်းအားပေးလိုက်သေးသည်။

" အောင်မြင်ပါစေ "

" ဦးဘတုတ်တော်တော်ကို ကျက်သရေရှိတဲ့စကားပါပဲဗျာ "

ဖိုးလုံးမြူးနေသည်။ မြေပဒေသာ ကျွန်းကို ရောက်တော့ ဖိုးလုံးရင်ခုန်သံများ အရှိန်ကိုမြန်နေပြီ။ ကောင်မလေးရယ် အမြန်ဆုံးသာလှမ်းလာခဲ့ပါတော့ပေါ့။ ဥနာရီခွဲ၊ ကောင်မလေးက မလာသေး၊ အပေါင်းအသင်းများကပင် ကူပြီးမျှော်ပေးနေကြရပြီ၊ လာ



သင့်ပြီ ရောက်လာသင့်ပြီ။

ကောင်မလေးက ရောက်လာမယ့်လာတော့ ဖိုးလုံးနောက်ကျောဘက်မှ ရပ်ပြီးအသံပြုသည်။ ဖိုးလုံးရင်ခုန်သံများပြောင်းဆန်တုန်တော့သည်။

" စောင့်နေရတာ ကြာသွားပြီလား "

သေပြီ။ ကောင်မလေးကို ဖိုးလုံးလှည့်ကြည့်လိုက်သည်။ ဗိုက်ဖုံးအင်္ကျီအောက်မှာ လေးငါးလလောက်ရှိနေပြီဖြစ်သော ဗိုက်ခုံးခုံးလေး မို့မို့မောက်မောက်နှင့်၊ သွားပြီ သွားပြီအပေါင်းအသင်းများ မျက်နှာကို ဖိုးလုံးလှည့်မကြည့်ရဲတော့။ အရေးထဲမှ ကောင်မလေးက အလိုက်ကမ်းဆိုးမသိ လောဆော်နေသေးသည်။

" မျက်နှာလေးပဲရိုက်နော်၊ ဘယ်နေရာမှာရိုက်မှာလဲ "

" ဟုတ် ဟုတ်ကဲ့ ဒီ ဒီနေရာမှာပဲ ရိုက်ပါမယ် "

ပြီး ပြီးရောသဘောထားကာ ကယောင်ကတမ်းဖြင့် လက်ထဲမှ ကင်မရာခလုတ်ကို တချောက်ချောက်ရိုက်ပစ်လိုက်ပြီး ဖိုးလုံးအလောတကော နှုတ်ဆက်လိုက်သည်။

" ကျွန်တော် အရေးပေါ်သွားစရာကိစ္စသိပ် အရေးကြီးနေလို့ သွားခွင့်ပြုပါဦးနော် "

ဖိုးလုံး အပြေးတပိုင်းခြေလှမ်းများဖြင့် အပြင်ကို လှမ်းထွက်လိုက်သည်။ [illegible]က်ကျောဘက်မှ အပေါင်းအသင်းများရယ်သံများက ခပ်အုပ်အုပ်ထွက်ပေါ်လာသည်။

" ဖိုးလုံး ငါတို့ကိုစောင့်ဦးလေကွာ "

ဖိုးလုံးက မည်သူ့ကိုမှ မစောင့်တော့ပါ၊ လမ်းမဘေးအရောက်မှာ တုံ့နှေးနှေးမောင်းလာသော ဘတ်(စ်)ကားတစီးအထက်

www.burmeseclassic.com

www.burmeseclassic.com



သို့ပြေးတက်လိုက်သည်။ ကားက ချောင်ချိနေသည်။ လွတ်နေသော နေရာတစ်ခုမှာ ဖိုးလုံးဝင်ထိုင်လိုက်သည်။ ရောက်ချင်ရာကိုသာ ရောက်သွားပါစေတော့၊ အနီးမှာထိုင်နေသော မိန်းမကြီးတစ်ဦးကို ဖိုးလုံးမေးလိုက်၏။

" ဒီကားက ဘယ်အထိသွားတဲ့ကားလဲ "

မိန်းမကြီးက မှန်မှာကပ်ထားသော စာရွက်လေးကို လက်ညှိုးထိုးပြသည်။ စာလုံးတွေက ပြောင်းပြန်ပေါ်နေသည်။

ဦးထွန်း
အသက် (၈၉) နှစ်

ကားက ဘယ်မှတ်တိုင်မှာမှ မရပ်၊ ထိနေက ဖိုးလုံးတစ်ယောက် မိမိမသိသော ရွာပနကို လိုက်လံပို့ဆောင်လိုက်ရပါသည်။ ရက်စက်ပါ့မေ့ ကောင်မလေးရယ်။

*



" ဒီပဇော်မှာ ရေရာတဲ့ အလုပ်အကိုင်ရှိတယ်၊ သေချာတဲ့ ချစ်သူတစ်ယောက်ရှိတယ်၊ သေချာရေရာတဲ့ အစီအစဉ်တွေနဲ့ နေထိုင်တတ်တာကလွဲလို့ ရောမသားတွေနဲ့ ကြမ်းတပြေးထဲနေပါတယ်ကွာ "

ဒီပဇော်က သူ့ကိုယ်သူ ဂုဏ်တင်ပြီးပြောလိုက်သည်။ ဘယ်သူကမှ စိတ်မဝင်စား။ ဒီပဇော်က အမျိုးသမီးအထည်ချုပ်စက်ရုံတစ်ခုက မကြွင်းနစ်တစ်ဦး၊ သူ့စက်ရုံကထွက်သော အမျိုးသမီးသုံး အထည်များကို လစ်လျှင်လစ်သလို ယူလာပြီး မင်သေသေဖြင့် လက်ဆောင်ပေးလာသည်ကို သူတို့တဆောင်လုံး ဘိုပြူးပင်မကြဲ အားလုံးခံထားကြရပြီးဖြစ်သည်။

မနေ့ကပင် ဦးဘတုတ်သားလေး ဘိုပြူးအတွက်ဟုဆိုကာ အမျိုးသမီးအတွင်းခံဘောင်းဘီ အနီလေးကို ခပ်တည်တည်ဖြင့် လက်ဆောင်ပေးသည်။ ဘိုပြူးက ကလေးဆိုတော့ ဘယ်သိမှာလဲ၊ လက်ဆောင်ရသည့် ဘောင်းဘီအသစ်စက်စက်လေးကို ဂုဏ်ယူဝံ့ကြွားစွာဝတ်ပြီး ရပ်ကွက်ထဲလျှောက်သွားသည်။ မည်သူက ရှင်းပြလိုက်သည်မသိ၊ ဘိုပြူးတော်တော်တင်းပြီး ပြန်လာသည်။ ဘိုပြူးပြန်ရောက်သည့်အချိန်မှာ ဒီပဇော်က အလုပ်သွားလေပြီ။

ဒီပဇော် အဝတ်အစားသန့်သန့်လေးများကို လဲလှယ်ဝတ်ဆင်ကာ ခေါင်းကိုအကျအန ဖြီးသင်နေသည်။ ကိုဗိုက်က လှမ်းစပ်စုလိုက်သည်။

" ဒါက ဘယ်ကိုစကြောဖြန့်ဦးမလို့လဲ "

www.burmeseclassic.com

www.burmeseclassic.com



" ဒိတ်ထားတယ်လေ ချစ်သူလေးနဲ့ သွားကြည့်နူးမယ်၊ ရောမထဲမှာနေရတာ လူပျို့စော်သိပ်နံ့တာပဲ "

" နံ့တာ မနံ့တာ အသာထား၊ မင်းခေါင်းအုံးအောက်မှာ ပိုက်ဆံတွေ ဘာတွေများထားသလား "

" မထားပါဘူး၊ ဘာဖြစ်လို့လဲ "

ကိုဗိုက်က ပြောသင့်မပြောသင့် စဉ်းစားပြီးမှ ချောင်းတချက်ဟန့်လိုက်ကာ လူကြီးပီသသော လေသံဖြင့်ပြောသည်။

" မနေ့ညနေက မင်းခေါင်းအုံးနားမှာ ဘိုပြူးကိုမယောင်မလည်လုပ်နေတာ မြင်လို့ပြောတာပါကွာ "

ကိုဗိုက်စကားဆုံးသည်နှင့် ဒီပဇော်ပျာပျာသလဲ ခေါင်းအုံးကို လှန်ချလိုက်သည်။ သွားပြီ၊ ခေါင်းအုံးအောက်မှာ တမင်ရည်ရွယ်ပြီးထားသော မိန်းကလေးဝတ် အတွင်းခံဘောင်းဘီ အနီကလေး၊ ဘိုပြူး၊ ဓါးဘိုပြူးလက်ချက်။ ဒီပဇော်မှာ ဖြီးသင်ပြီးစ ဦးခေါင်းထက်မှ ဆံပင်များကို ကျွတ်ထွက်မတတ်ထိုးဖွ ကုတ်ဖွာလိုက်သည်။ အချိန်ကိုကြည့်လိုက်တော့ ချိန်းဆိုထားသည့်အချိန်က နီးကပ်နေလေပြီ။

ခေါင်းကိုကတိုက်ကရိုက် ပြန်ဖြီးသင်ပြီးထွက်ခဲ့ရသည်။ ပြန်လာတော့မှ တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပစ်ရပေတော့မည်။ ရက်စက်ပါပေ့ ဘိုပြူးရယ်။

ချိန်းဆိုထားသည့်နေရာကို ရောက်တော့ ချစ်သူမိမိလှိုင်က ရောက်နှင့်နေပြီ။ နှုတ်ခမ်းနီနီဖူးဖူးလေးပေါ်မှာ မကျေနပ်မှုက စိုစွတ်နေသည်။ ဒီပဇော်အတွက်တော့ ဒါမျိုးလေးတွေက ဖျောဖျောမှိန်မှိန်လေးပါ၊ နည်းနည်းတော့ချော့ရတာပေါ့။



" ဟေး ကိုဇော် မဆိုစလောက်လေးနောက်ကျသွားတာကို စိတ်ကောက်နေပြန်ပြီလား "

" ဘာ မဆိုစလောက်လေး နောက်ကျတာလဲ၊ ဒီမှာကြည့်ဦး စောင့်နေရတာနာရီဝက်တောင် ရှိနေပြီ၊ အချိန်ကိုဘယ်တော့မှ မလေးစားဘူး "

" ချစ်ကလည်းကွာ ကိုဇော်က အချိန်ကို မလေးစားဘဲနေမလား အခုဟာက အက်ဆီးဒင့်တွေကြုံလာရလို့ပါ "

" ဟင် ကိုဇော်အက်ဆီးဒင့် ဖြစ်လာတယ် ဟုတ်လား "

ဒီလိုလေး ဖိန့်လိုက်တာနဲ့ သိတယ်မဟုတ်လား၊ ကောင်မလေးမျက်နှာမှာ စိုးရိမ်မှုအရောင်ချက်ချင်း ပြောင်းသွားတာပေါ့။

" ကိုဇော်ပြောတဲ့ အက်ဆီးဒင့် ဆိုတာက စိုးရိမ်စရာမဟုတ်ပါဘူးမိရယ်၊ ဒီကိုအလာ နည်းနည်းနောက်ကျမှာစိုးလို့ ကကားစီးပါတယ်၊ ဖြတ်လာတဲ့ တက္ကစီတိုင်းမှာက ခရီးသည်ပါနေတယ်၊ တားလို့ရတဲ့ တစ်စီးကျပြန်တော့ လမ်းမှာခဏ ခဏထိုးရပ်သွားပြန်ရော၊ ကားကကောင်းသွားပြန်တော့လည်း မီးပွိုင့်တွေက ခဏခဏမိနေသေးတယ်၊ မီးပွိုင့်က လွတ်လို့နည်းနည်းပဲ မောင်းရသေးတယ် သံလမ်းကူးမယ့်နေရာမှာ ရထားကြီးက ရှန်တိန်လုပ်နေတာ ကြုံရပြန်ရောလေ "

ပြောရင်းနှင့် ဒီပဇော်မျက်နှာပြိတီတီဖြစ်လာသည်။ မိမိလှိုင်က ရိပ်မိသွားပြီး ဒီပဇော်ဈောကို လက်သီးလေးဖြင့် အဆက်မပြတ် မနာအောင်ထုသည်။

" တော်ပါတော့ ဒီမှာ နာလှပြီ "

" ဟွန်း ဒီကဖြင့် အဟုတ်မှတ်လို့ စိုးရိမ်လိုက်ရတာ "

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရဲ့ ရယ်မောသံလေးများက ဘုရားရင်ပြင်ရှေ့က လမ်းပေါ်မှာကျကျန်ခဲ့လေသည်။ ချစ်သူဟျော်ရွှင် အောင်ထားတတ်ခြင်းကို က အရည်အချင်းတစ်ခုဟု ဒီပဇော်က ခံယူပါသည်။

ဒီပဇော်က ဘိုပြူးလုပ်ပုံကို ပြောပြတော့ ဒီပဇော်ရဲ့ချစ်သူ မိမိလှိုင်က မျက်စိပေါက်လေးနှစ်ဘက် ကျဉ်းသွားအောင်ရယ်ပါသည်။ ထိုနေ့က မိမိလှိုင်နှင့်ဒီပဇော်တို့ မှလကချိန်းဆိုထားသည့်အတိုင်း ဘုရားပေါ်တက်ဖြစ်ခဲ့ကြသည်။ မိမိလှိုင်၏ မွေးနေ့ဖြစ်၍ မွေးနေ့ထောင့်မှာ မိမိလှိုင်ပုတီးစိပ်သည်ကို ဒီပဇော်စိတ်ရှည်လက်ရှည်ထိုင်စောင့်ပေးရသေးသည်။ မိုးအုံ့ဆိုင်းသောနေ့ဖြစ်၍ နေသာထိုင်သာရှိသည်။ ဘုရားရင်ပြင်ကဆင်းတော့ မိမိလှိုင်ကမေးသည်။

" ကိုဇော် ဘယ်လိုဆုတောင်းခဲ့လဲဟင် "

" ဆင်ဖြစ်ရင်လည်း တစ်ကိုင်းတည်းနားပါရစေလို့ ဆုတောင်းတယ် "

" ဟယ် မဟုတ်တာ၊ ငှက်ဖြစ်ရင်လည်း တစ်ကိုင်းတည်းနားပါရစေသာ ကြားဖူးပါတယ် "

" ရှည်နေမှာစိုးလို့ ပေါင်းဆုတောင်းလိုက်တာ "

လူတစ်ယောက်က သူတို့နှစ်ယောက်ကို ပြုံးကြည့်သွားသည်။

" ကိုဇော့်အသံလားဟင် ဟိုလူကပြုံးပြသွားတယ် "

" ဟင့်အင် ကိုဇော်က မိန့်သိတဲ့လူမှတ်နေတာ၊ ဘာမှမဟုတ်ပါဘူး ရှေ့သွားနောက်လိုက် ညီတာကိုကြည့်ပြီး အားကျသွားတာ ထင်ပါရဲ့ကွာ "



ဒီပဇော်က တိုယ့်စကားကိုယ်သဘောကျပြီးရယ်သည်။

" ကိုဇော် မိတို့ အအေးဝင်သောက်ရအောင် "

" သောက်လေ "

သူတို့နှစ်ယောက် အအေးဆိုင်လေးထဲကို လှမ်းဝင်လိုက်ကြသည်။ ဆိုင်ထဲက လူတွေကလည်း သူတို့စုံတွဲကိုကြည့်ပြီး ပြုံးစိစိဖြစ်ကုန်ကြသည်။ စားပွဲထိုးလေးက သူတို့ရှေ့လာရပ်သည်။

" အဟဲ ကျွန်တော်တို့ ဆိုင်ထဲကို ဖိနပ်ချွတ်ဝင်စရာမလိုပါဘူးခင်ဗျာ "

" ဟိုက် . . . ဗုဒ္ဓေါ "

ထိုတော့မှ ဒီပဇော်ရော မိမိလှိုင်ပါသတိထားမိလိုက်သည်။ ဘုရားရင်ပြင်ပေါ်က ဆင်းလာကတည်းက ဖိနပ်တွေ ပြန်စီးဖို့မေ့ပြီးလက်မှာ ကိုင်လာခဲ့မိကြသည်။ စားပွဲထိုးလေးအပြောကြောင့် ဆိုင်ထဲမှာရှိနေသူများထံမှ ခပ်အုပ်အုပ်ရယ်သံများထွက်ပေါ်လာသည်။

မိမိလှိုင်က အရှက်ကြီးပြီး ဆိုင်ထဲမှ ချာကနဲလှည့်ထွက်ပြေးသည်။ ဒီပဇော်လည်း မိမိလှိုင့်နောက်ကို အပြေးတပိုင်းလိုက်သွားရလေတော့သည်။

ရှက်လိုက်သည့်ဖြစ်ခြင်းလေ။

ဒါတောင် ဒီပဇော်ဆိုတဲ့ကောင်က သေချာရေရာတဲ့ အစီအစဉ်တွေနဲ့ နေထိုင်တာနော်။

" ရှာဖွေလေလေ တွေ့ရှိလေလေ ဆိုပါတော့ကွာ "

လက်ဖက်ရည်ဆိုင် ကောင်တာမှာထိုင်နေသော ကောင်မလေးကို အားမနာပါးမနာငေးရင်း ရဲနိုင်က ဒီပဇော်နှင့်ကိုဗိုက်

www.burmeseclassic.com

www.burmeseclassic.com



ကိုပြောလိုက်သည်။ သူတို့ထိုင်နေသော "နံ့သာရွှေရည်" လက်ဖက်ရည်ဆိုင်မှာ ရဲနိုင်အသစ်တွေ့ရှိလာသောဆိုင်ဖြစ်၏။ ရဲနိုင်ပြောသည့်အတိုင်းပင် ကောင်တာမှာ ငွေသိမ်းသောကောင်မလေးက တော်တော်လှသည်။

" ဒီတစ်ခါလည်း ဗျူဟာသုံးဦးမှာပဲလား "

ရဲနိုင်၏ လက်သုံးစကားဖြစ်သော ဗျူဟာကို ဒီပဇော်က ကြုံတုန်းဝင်ထောက်လိုက်သည်။ ဒီပဇော် ထွန့်ကနဲဖြစ်သွားသည်။ အကြောင်းရှိပါသည်။

သူတို့ အဆောင်လမ်းတစ်လျှောက်မှာက ဘာသင်တန်း ညာသင်တန်းနှင့် သင်တန်းပေါင်းစုံရှိသည်။ သင်တန်းလာတက်သော ကောင်မလေးချောချောတွေ့တိုင်း ရဲနိုင်က ဗျူဟာသုံးပြီး ချဉ်းကပ်စမြဲ၊ တစ်ယောက်နှင့်မှလည်း အဆင်ပြေလိုက်ရသည်မရှိ။

" မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်တဲ့နေရာမှာ ဘလိုင်းချဉ်းကပ်လို့ မရဘူးကွ၊ ဗျူဟာလိုတယ်၊ ငါ့ဗျူဟာကို မင်းတို့လက်တွေ့ပြမယ် "

ထိုသို့ပြောပြီး ရဲနိုင်လက်တွေ့ပြခဲ့ဖူးသည်။

" ကိုဗိုက် ခင်ဗျားလည်းစိတ်ဝင်စားတယ် မဟုတ်လား၊ ကျွန်တော့်ကိုငွေ ၅၀၀လောက် ခဏချေးဗျာ နာရီဝက်လောက်ပဲကြာမှာပါ "

" မင်းဗျူဟာက ၅၀၀တန်မတန် မသိသေးဘဲနဲ့ ငါအရဲစွန့်ပြီး မချေးနိုင်ဘူး "

" ဒီလိုဗျာ ကျွန်တော်သဘောကျနေတဲ့ သင်တန်းသူလေးတစ်ယောက်ရှိတယ်၊ သူ့ရှေ့က ဖြတ်လျှောက်ရင်း ပိုက်ဆံအိတ်ကျ



ကျန်ခဲ့ဟန်ဆောင်မယ်၊ အဲ့ဒီအခါ သူကကောက်ပြီး လိုက်ပေး၊ ကျွန်တော်က ကျေးဇူးတင်ကြောင်းပြောပြီး မိတ်ဖွဲ့မယ်၊ အအေးဆိုင်ကို ဖိတ်ခေါ်မယ်- ကဲဘယ်လိုလဲ ယုံကြည်ပြီမဟုတ်လား "

ကိုဗိုက်က မယုံတဝက် ယုံတဝက်ဖြင့် ငွေ၅၀၀ထုတ်ချေးလိုက်သည်။ ရဲနိုင်က အကျအနဝတ်စားပြီး ပိုက်ဆံအိတ်ထဲကို ကိုဗိုက်ထုတ်ချေးသော ငွေ၅၀၀ကိုထိုးထည့်ပြီး အပြင်ထွက်သည်။ ဒီပဇော်၊ ဖိုးလုံးနှင့်ကိုဗိုက်တို့ သုံးဦးလည်း ပညာယူရန်အလို့ငှာ ရဲနိုင်နှင့်မလှမ်းမကမ်းမှ လိုက်သွားကြသည်။

သင်တန်းဆင်းချိန်ရောက်တော့ ကောင်မလေးတစ်ယောက်ရှေ့မှ ရဲနိုင်ဖြတ်လျှောက်သည်။ လူရှင်းသည့်နေရာအရောက်တွင် ရဲနိုင်က ပိုက်ဆံအိတ်ကို မသိမသာချထားခဲ့သည်။ ကောင်မလေးက ပိုက်ဆံအိတ်ကို မမြင်ခင်မှာပင် တချိန်လုံးစောင့်ကြည့်နေသော ဘိုပြူးဖျတ်ခနဲပြေးဝင်ကာ ပိုက်ဆံအိတ်ကို ကောက်ယူလိုက်သည်။ ရဲနိုင်က မသိမသာ ငဲ့စောင်းကြည့်ရင်းဘိုပြူးကို မြင်တော့ ဗျာသွားသည်။

" ဟေ့ကောင် ဘိုပြူး မင်း မင်း ဒါဘာလုပ်တာလဲ "

" ပိုက်ဆံအိတ်ပါ။ လမ်းပေါ်မှာ ကျနေတာတွေ့လို့ ကောက်ယူတာလေဗျာ "

၁၀နှစ်သာရှိသေးသော ဘိုပြူးက ပါးလိုက်တာမှ လှစ်နေတာပဲ၊ စောစောကရဲနိုင်တို့ပြောနေသော စကားများကို ချောင်းနားထောင်နေပြီး အကြောင်ဝင်ရိုက်ခြင်းဖြစ်သည်။

" အဲ့ဒါ ငါ့ပိုက်ဆံအိတ်ကွ "

" ခင်ဗျားပြောတိုင်း ကျုပ်ကယုံရမှာလား "

www.burmeseclassic.com

www.burmeseclassic.com



ရဲနိုင်ဦးနှောက်ခြောက်သွားရသည်။ ဒီအတိုင်းတောင်းနေရုံနှင့်တော့ ဘိုပြူးကပေးမည့်ပုံမပေါ်။

" ငါ့ပိုက်ဆံအိတ်ဆိုတာ တဆောင်လုံးသိပါတယ်ကွာ၊ ပြန်ပေးနော် ဦးဦးမင့်ကို မုန့်ဝယ်ကျွေးပါ့မယ် "

" ပိုက်ဆံအိတ်ထဲမှာ ၅၀၀တောင်ပါတာပဲ၊ ကိုယ့်ဖာသာမုန့်ဝယ်စားမှာပေါ့၊ သွားမယ် "

" ဟာ ဟေ့ကောင် ဘိုပြူး၊ အဲ့ဒီလိုတော့ မရက်စက်ပါနဲ့ကွာ၊ ပိုက်ဆံအိတ်ကို ပြန်ပေးပါ "

ရဲနိုင်ခမျာ ငိုမဲ့မဲ့နှင့်တောင်းပန်နေတော့မှ ဘိုပြူးကသနားသွားပုံရသည်။

" ရေအဆုံးကုန်းတဝက်ပေါ့ဗျာ ခင်ဗျားကို ပိုက်ဆံအိတ်နဲ့ငွေ ၂၅၀ပြန်ပေးမယ်၊ အဲ့ဒါကိုမှ မကျေနပ်သေးဘူးဆိုရင်လည်း မတတ်နိုင်ဘူး "

" အေးပါကွာ တစ်ဝက်ပြန်ရရင်လည်း မနည်းပါဘူး ကျေးဇူးကြီးလှပါပေတယ် ဘိုပြူးခွေးမသားလေးရယ် "

ထိုကဲ့သို့ ဗျူဟာမြောက်ခဲ့သော ရဲနိုင်ပါပေ။ ယခုလည်း မည်သည့် ဗျူဟာရရှိသည်လည်းမသိ၊ ကောင်တာရှိရာဆီသို့ ရဲနိုင်ထသွားသည်၊ ဆေးလိပ်တလိပ်ကို လှမ်းယူလိုက်သည်။

" အချစ်ခကာငှားပါ "

" ဒ္ဒ "

ကောင်မလေးက ပါးစပ်တိုလက်ဝါးဖြင့် အုပ်ရယ်ရင်း မီးခြစ်ကမ်းပေးသည်၊ စီးကရက်ကို မီးညှိအောင်ညှိရင်းစကားဆက်သည်။



" ကိုယ့်နာမည်က ထက်ဦးမာန်ပါ "

" စီးကရက်ဝယ်တာ နာမည်စာရင်းပေးဖို့ မလိုပါဘူးရှင် "

ကောင်မလေးက အသွက်လေး၊ ရဲနိုင်တော်တော်အားရှိသွားသည်။

" လိုရမယ်ရ ပြောပြတာပါ၊ ဒီကနာမည်လေးကိုကော မသိရဘူးလား "

" သိန်းသန်းမိုး "

" ကိုယ့်သူငယ်ချင်းတစ်ယောက်က ပြောတော့ ငွေမိုးလှိုင်ဆိုလို့ "

" ဟုတ်မှာပေါ့ "

" ဟာကွာ ဘယ်လိုကြီးတုန်း ဟုတ်မှာပေါ့ရယ်လို့ "

" မြတ်ဆုကုဋေတို့ ဝိုင်းဝိုင်းလည်တို့ နာမည်တွေတောင် မပြောရသေးဘူး၊ နာမည်မေးတဲ့ သူတွေရှိတိုင်း အလွယ်တကူဖြေလို့ရအောင် ထိုဆိုင်နာမည်တွေကို အလွတ်ကျက်ထားတာ "

ရဲနိုင်ခေါင်းကို တဗျင်းဗျင်းထိုးကုတ်လိုက်သည်။ ကောင်မလေးက ရယ်ကျဲကျဲလုပ်နေ၏။

" ဒါဆို ဒီလိုလုပ် ကိုယ့်ကိုမင်းရဲ့ မှတ်ပုံတင်ထဲက နာမည်တိုပြော "

" မဂ္ဂက်ထော် "

ရဲနိုင်ထောင်းခနဲဒေါသဖြစ်သွားသည်။ ခရီးသွားဟန်လွှဲဖို့ထားဦးမှ စိတ်ကူးမိပါသည်၊ အခုတော့ ကိုယ်ကအရိုက်သိမ်းခံနေရလေပြီ။

" မင်းတရားလွန်နေပြီနော်၊ ငါတော်တော်တင်းနေပြီ "

www.burmeseclassic.com

www.burmeseclassic.com



" ဟင်. . . မှတ်ပုံတင်ထဲက နာမည်ပြောဆိုလို့လဲ ပြောရသေး "

ကောင်မလေးမျက်နှာမှာ ချက်ချင်းမှိန်သွားလေသည်။

" တော်စမ်းပါ မင်းရုပ်ရည်နဲ့ မဂွက်ထော်ဆိုတဲ့ နာမည် ဘယ်လိုမှမဖြစ်နိုင်ဘူး "

" ကျွန်မမှာ မှတ်ပုံတင်မလုပ်ရသေးဘူး၊ ကောက်ရလို့ သိမ်းထားတဲ့ မှတ်ပုံတင်ထဲမှာတော့ မဂွက်ထော်လို့ ရေးထားတာပဲလေ "

" ဝူး ဝူး ဝူး "

ရဲနိုင်ဘာဆက်ပြောရမှန်းကို မသိတော့သည့်အဆုံးမှာ သတ္တဝါတစ်ကောင်လိုသာ အော်ဟစ်ပစ်လိုက်မိတော့သည်။ အဲ့ဒီလောက်ကို နောက်တီးနောက်တောက် နိုင်တဲ့ကောင်မလေးပါ။

*

" ဆရာ ကိုဖိုးလုံး "

ကျူရှင်စာရေးမလေး သီသီက အားရဝမ်းသာ လှမ်းနှုတ်ဆက်လိုက်သည်မို့ ဖိုးလုံးပျော်သွားမိသည်။ သီသီတို့ကျူရှင်ခန်းက ကွန်ပျူတာအော်ပရေတာ ကောင်မလေးကို ဖိုးလုံးတစ်ယောက် တည်းကျိတ်ပိုးပန်းနေသည်။ သီသီက စာပေးစာယူလုပ်ပေးနေသည့် အောင်သွယ်တော်။

" အခြေအနေ ဘယ်လိုလဲသီသီ "



" ဆရာကိုဖိုးလုံး ကျွေးဖို့သာပြင်ပေတော့ "

" ကျွေးပါ့မယ် သီသီရယ်၊ ငါ့ကိုဆရာမြင့်မြတ်အောင်လို့ ခေါ်ပါဟာ---ကိုဖိုးလုံးဆိုတဲ့ နာမည်ကြီးက အလုပ်မဖြစ်ပါဘူး "

" ကောင်းပါပြီတဲ့ရှင်--- ဟောဒီမှာ ငြိမ်းယုဝေဆီက ပြန်စာ "

ဖိုးလုံးမှာ မိုးကိုခေါင်းဖြင့် တက်ဆောင့်မိမလား အောက်မေ့သွားရသည်။ ဇာတာစန်းလင် တက်လာပြီဆိုတော့လဲ အဆင်ပြေတာက မြန်လိုက်တာ၊ စာအိတ်ပြာလေးနှင့် ထည့်ထားသောစာကို ဖိုးလုံးကမွှေးမွှေး တစ်ချက်ပေးလိုက်မိသည်။ သီသီက ရယ်ရင်းနှုတ်ဆက်ထွက်ခွာသွားလေသည်။

" ဆရာကိုဖိုးလုံး အဲ ဆရာမြင့်မြတ်အောင်ကြီး သတိလဲထားဦးနော် ကျောင်းသားတွေမြင်သွားလို့ ဟာသအလုပ်ခံနေရဦးမယ် "

သီသီထွက်သွားသည်နှင့် ဖိုးလုံးစာကို အငမ်းမရဖွင့်ဖတ်လိုက်မိသည်။ လက်ရေးကတော့ တော်တော်ညံ့ပါပေသည်။ ကိစ္စမရှိ သူကလေးက ကွန်ပျူတာအော်ပရေတာဆိုတော့ စာမရေးတာကကြာပြီ ဖြစ်မှာကိုး။

ဦးရေ

(ဟ . . . ဦးရေရယ်လို့ သူနဲ့ငါကဖြင့် အသက်ဘာမှ မကွာဘဲနဲ့)

*ဦးပေစာကိုးရတယ်။*

(ဦးပေးတဲ့စာကိုရတယ်ဖြစ်မှာပါ၊ ဘယ့်နှယ်ဦးပေစာကိုးရနေတာတုန်း)

www.burmeseclassic.com

www.burmeseclassic.com



သမီးလေ သိပ်ပျော်တာပဲ၊ ထင်တော့ထင်ပါတယ် ဒီကျူရှင်မှာ အလုပ်စဝင်ကတည်းက တစ်ယောက်မဟုတ် တစ်ယောက်တော့ငြိမှာပဲလို့။

(ဟိုက် . . . ကောင်းလိုက်တဲ့ ရည်ရွယ်ချက်)

ဦးကစာရေးဝါသနာပါပုံရတယ်။ ရေးသားဖွဲ့နွဲ့ထားလိုက်တာ လျှောက်လွှာစာရွက်နဲ့ သုံးမျက်နှာတောင်ရှိတယ်နော်။ တချို့စာပိုဒ်တွေကို အနက်ဖော်လို့မရဘူး၊ ဒါပေမယ့် သိပါတယ်လေ သမီးကိုချစ်နေပြီဆိုတဲ့ အကြောင်းကိုသွယ်ဝိုက်ရေးထားတာ မဟုတ်လား။

(တော်ရှာပါပေ့ကွယ်)

ဦးစာကို အိမ်မှာခိုးဖတ်ရအောာ ဦးရဲ့ သမီးအကိုတွေက ဆိုးတယ်။

(ငါ့ကို ချိန်းခြောက်နေတာများလား)

ဘယ်သူမှ မသိအောင် အိမ်သာထဲမှာ ဝင်ဖတ်တာပေါ့။

(ဟာ . . . ငါ့စာမှာ ရနံ့ပါ ပါသွားပြီ)

ဦးစာက ရှည်လွန်းတော့ ၂ မျက်နှာအပြီးမှာ မတော်တဆ အိပ်ပျော်သွားတယ်။

(အိမ်သာကျင်းထဲများ လိမ့်ကျသွားရင် ငါ့ပယောဂဖြစ်ဦးမယ်)

ဖြစ်ချင်တော့ သမီးရဲ့ညီမလေးက အိမ်သာတံခါးကို ဆွဲဖွင့်လိုက်တယ်၊ သမီးတို့အိမ်က အိမ်သာတံခါးက ဂျက်မရှိတော့ ပွင့်သွားတာပေါ့။

(တော်ပါသေးရဲ့၊ တကယ်အိမ်သာ တက်နေတာနဲ့များ ကြုံ



ရင်ပြီးကြရော။)

သမီးလက်ထဲက စာကိုလည်း ပူးတွဲဖမ်းမိသွားတယ်။

(မှုခင်းသတင်း အရေးအသားကျနေတာပဲ)

နောက်ဆုံးတစ်မျက်နှာကို သမီးမဖတ်လိုက်ရဘူး၊ ဦးက သမီးကို ချစ်တဲ့အကြောင်း ရေးထားမယ်ဆိုတာကိုတော့ သမီးသဘောပေါက်ပါတယ်။ ဒါပေမယ့် သမီးနဲ့တွေ့တဲ့အခါ ဦးရွတ်ပြရမယ်နော်

(ဗုဒ္ဓေါ . . . အချစ်စာအံပွဲလုပ်ရမလို့ ဖြစ်နေပြီ)

ဒါပဲနော်။

ဦးကိုချစ်တဲ့
သမီး
ငြိမ်းယုဝေ

ထိုနေ့က သူတပါးကို ထုတ်မကြွားရဲသော စာတစောင်ကို အိတ်ကပ်ထဲမှာထည့်ပြီး ဖိုးလုံးခမျာ ခြောက်အိပ်မက်ဆိုးများ မက်ရပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

" နမောတာသ၊ ဘဂဝါတော အရဟာတော သမ္မာသ ဗုဒ္ဓသ "

" ဟဲ့အကောင် သေနာကောင်ချက်ကြီး ထပါဆိုဘယ်နှခါ နှိုးနေရမှာလဲ၊ ဒီမနက်ဈေးမှာ အော်ဒါရှိလို့ စောစောထပါလို့ ညကတည်းက မှာထားတဲ့ဟာကို တဂဂတည်းတော် မနှိုးလို့ကတော့ နား နားကပ်ပြီးဆင် အော်ရင်တောင်ထမယ့် ကောင်စားမျိုး မဟုတ်ဘူး "

နံနက်ချိန်ခါ တေးသံသာများနှင့်အတူ ဖိုးလုံးဘုရားရှိခိုးသံလည်း တိုးတိတ်သွားရလေသည်။ အိပ်ရာထဲမှ မထ ချင်ထချင် ထလာသော ရဲနိုင်က မှတ်ချက်ချလိုက်သည်။

" ဒီမိန်းမကြီးကိုတော့ တစ်ခုခုပညာပေးဦးမှ ဖြစ်မယ်၊ မနက်တိုင်း ကျက်သရေကိုမရှိဘူး "

ရဲနိုင်က မျက်နှာသစ်ပြီး အလုပ်စားပွဲမှာ စိတ်မပါဘဲထိုင်လိုက်သည်။ မဂ္ဂဇင်း သရုပ်ဖော်ပုံများကို ညကမရေးဖြစ် သဖြင့် စောစောထိုင်ရေးရလေသည်။ ဒီပဖော်နှင့်ကိုဗိုက်တို့လည်း ရုံးသွားရန် အိပ်ရာမှထဖြီး မျက်နှာသစ် ကိုယ်လက်သန့်စင်ကြသည်။

ဖိုးလုံးကတော့ စာသင်ချိန်ပြီးလျှင် ငြိမ်းယုဝေနှင့်တွေ့ဆုံရန် စိတ်ကူးဇယားဆွဲနေလေသည်။ အားလုံးကိုယ့်အလုပ်ရှိရာ ကိုယ်သွားကြသည့်အချိန်မှာ အဆောင်တွင် ရဲနိုင်တစ်ယောက်တည်းသာ ကျန်နေခဲ့သည်။ ဦးတုတ်က ရဲနိုင်ကိုလက်ဖက်ရည်ဆိုင်သွားထိုင်ရန် အဖော်စပ်သည်။ ရေငတ်တုန်းရေတွင်းထဲကျ ဆိုသလိုပင်၊ ရဲ



နိုင်ပျော်သွားသည်။

" ကျွန်တော်ကတော့ ခမ်းနေပြီ၊ ဦးလေးတိုက်မယ်ဆိုရင်တော့ လိုက်သောက်ရုံပဲ "

" ရပါတယ်ကွာ . . . ညကငါနိုင်ထားတယ်ကွ "

ညက လမ်းထဲမှာ အသုဘအိမ်ဖဲဝိုင်းကို ဦးဘတုတ်သွားတစားပြီး နိုင်ထားခြင်းကို ပြောဆိုခြင်းဖြစ်သည်။ ဒါဆိုဒီမနက်အဝတီးလို့ရပြီ။

သူတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ကိုသွားတော့ ဘိုပြူးတ နောက်ကနေမယောင်မလည်ဖြင့် လိုက်လာသည်။ လက်ဖက်ရည်ဆိုင်ထဲဝင်ထိုင်ကာ ဘဲရှိသေး ဘိုပြူးက ပြဿနာရှာလေသည်။

" ဦးရဲနိုင်ကို သား ပညာစမ်းချင်တယ်ဗျာ "

" အောင်မာ. . . မင်းက ဘာပညာတွေတတ်ထားလို့ ပညာစမ်းချင်ရတာတုန်း "

ရုတ်တရက် ဘိုပြူးက စိန်ခေါ်သလိုလို ပြောလိုက်သည်မို့ ရဲနိုင်နာလိုခံခက် ဖြစ်သွားမိတာတော့ အမှန်ပင်၊ ဦးဘတုတ်က လက်ဘက်ရည်ဒါက္ကာမို့ ခပ်ထိန်းထိန်းပြောလိုက်ရသည်။ တခြားနေရာမှာ ဆိုလျှင်ဗိုက်ခေါက်လောက်တော့ ဆွဲလိမ်မိမှာ အသေအချာပင်။

" ဟေး ကိုဘတုတ်ကြီး ညကအခြေနေကောင်းလို့ မနက်စာအလွတ်လာတီးတာလားဗျ "

တဘက်ဝိုင်းမှာထိုင်နေသော ဦးဘတုတ်နှင့် ဝါသနာတူ ဦးအောင်ပန်းတ လှမ်းနှုတ်ဆက်သည်။ ဦးဘတုတ်လည်း ညကဖဲဝိုင်းကိစ္စ စမြုံ့ပြန်ဖော်ပြန်ဖက် တွေ့သွားပြီမို့ ဦးအောင်ပန်းဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကူးသွားသည်။

" ကြိုက်တာ မှာစားထားနှင့်ကြကွာ၊ ကိုအောင်ပန်းနဲ့ရပ်ရေးရွာရေး ကိစ္စသွား စကားပြောလိုက်ဦးမယ် "

ရဲနိုင်အကြိုက်တွေ့သွားသည်။ လန်ဒန်စီးကရက်တစ်ပွဲ၊ ပေါက်စီတစ်ပွဲ၊ လက်ဘက်ရည် တစ်ခွက်မှာလိုက်သည်။ ငွေပြတ်ပြီဆိုလျှင် ဒီလိုမြက်မြက်သက်သက်လေးတ အလွန်စားချင်တာကိုး။

" ဘယ်လိုလဲ ဦးရဲနိုင်ကြီး ကျွန်တော်နဲ့ ပညာစမ်းမလား "

" ဓော်တော်ကြီးကျယ်တဲ့ကလေး ဘာ ပညာစမ်းမှာလဲ စမ်းမယ်ကွာ "

စားတော့သောက်တော့မည် ဆဲဆဲမို့ ပြီးစလွယ်ပြောလိုက်သည်။ ရဲနိုင်က ပေါက်စီသုံးလုံးထည့်ထားသော ပန်းကန်ဆီသို့ သက်လှမ်းမည် ပြုလိုက်သည်။ ဘိုပြုံးက တားၿ၏။

" နေစမ်းပါဦးဗျာ ကျွန်တော့်ဆီက ပညာကို ဦးရဲနိုင်ရလိုက်ရင် မနက်တိုင်း ပိုက်ဆံမလိုဘဲ ဗိုက်ဝတဲ့နည်းလေး ပေးချင်လို့ပါ "

" ပိုက်ဆံမကုန်ဘဲ ဗိုက်ဝတဲ့နည်း ဟုတ်လား လုပ်စမ်းပါဦး "

ဘိုပြုံးစကားကို နည်းနည်းတော့ စိတ်ဝင်စားသွားသည်။

" ဦးရဲနိုင် ဟိုဘက်ကို ခဏလေးလှည့်ထိုင်နေ၊ ကျွန်တော်ပြန်လှည့်ဆိုမှ ဒီဘက်ကိုပြန်လှည့်ကြည့်နော် "

ရဲနိုင်က ဘိုပြုံးခိုင်းသည့်အတိုင်း တဘက်ကိုလှည့်ပြီး ကောင်တာက ကောင်မလေးကို မျက်စိစားပွဲထိုင်နေလိုက်သည်။



ဘိုပြုံးက အကျီအိတ်ကပ်ထဲမှာ အသင့်ဆောင်လာသော ကျွတ်ကျွတ်အိတ်လေးကို ထုတ်ယူပြီး လုပ်ငန်းစတော့သည်။ သိပ်မကြာလိုက်။

" ရပြီ ပြန်လှည့်တော့ "

ရဲနိုင်က ပြန်လှည့်ရင်း သူ့ရှေ့မှစားပွဲဝိုင်းကို အကဲခတ်လိုက်သည်။ ဘာမှမထူးခြား။ ဘိုပြုံးလက်ထဲမှာ ဘာတွေထည့်ထားမှန်း မသိရသော ကျွတ်ကျွတ်အိတ်ထုတ်လေး။

" ကဲ ကျွန်တော်ကတော့ ပိုက်ဆံမကုန်ဘဲ စားလို့ရတာကို ယူသွားတော့မယ် သွားမယ်နော် "

ဘိုပြုံးက အဖြေကိုပေးမသွား၊ ရဲနိုင်စဉ်းစားကြည့်သည် ဘာလုပ်သွားမှန်း စဉ်းစားမရ လက်ဖက်ရည်တစ်ငုံ ငုံ၊ စီးကရက်တစ်လိပ်ကောက် မီးညှိရှိုက်ဖွာ၊ ကောင်မလေးကို လှမ်းငေးငြိမ့်လို့။

ဦးဘတုတ်က ရဲနိုင်ဝိုင်းဘက်ကို ပြန်ကူးလာသည်။ ဦးဘတုတ်က သဒ္ဒါတရားတွေ ထက်သန်နေသည်။

" မုန့်စားလေကွာ "

ရဲနိုင်က စကားဆုံးအောင်ပင် မစောင့်တော့ဘဲ ပေါက်စီတစ်လုံးကို ကျောက်တိုင်ပြီး ဖင်ဘက်မှ စက္ကူကိုခွာလိုက်သည်။ ပေါက်စီက အခွံပဲကျန်သည်။ အတွင်းက အဆာပလာတွေ မရှိတော့။

" ဟိုက် . . . ဟောင်းလောင်းကြီး "

ရဲနိုင်အသံကြောင့် မျက်နှာချင်းဆိုင်ခုံမှာ ထိုင်နေသော ဦးဘတုတ်က ပုဆိုးစကို အောက်ဆွဲချလိုက်သည်။

" ဒါ ဒါ ဘိုပြုံးလက်ချက် "

www.burmeseclassic.com

www.burmeseclassic.com



ရဲနိုင်က အလန့်တကြားဖြင့် ပေါက်စီများအောက်ခြေမှ စက္ကူများကို လိုက်ခွာကြည့်သည်။ ဦးဘတုတ်က ရဲနိုင်ကိုတမျိုးထင်သွားသည်။

" ဟေ့ကောင် ရဲနိုင်မင်းကို ငါကစေတနာနဲ့ ကျွေးတာကို မင်းက မထေမဲ့မြင်လုပ်ပြီး တမင်သက်သက် ဖျက်လိုဖျက်ဆီးလုပ်ပစ်ပြီး ကြောတဲ့သဘောပေါ့လေ၊ မင်းလုပ်ပစ်တာတွေကို မင်းဖာသာ မင်းရှင်းတော့ ဘတုတ်က စေတနာကို စော်ကားလာရင်မခံဘူးကွ "

ဦးဘတုတ်က ဒေါသတကြီးဖြင့် ဆိုင်ထဲမှ ထထွက်သွားသည်။ ရဲနိုင်ပါးစပ်ဟောင်းလောင်း ပေါက်စီဟောင်းလောင်းများဖြင့် ကျန်ရစ်ခဲ့လေသည်။

" ဒုက္ခ ဒါ ဒါတွေကို ငါဘယ်လိုရှင်းရမလဲ၊ ငါ့မှာလဲ ပိုက်ဆံကတစ်ပြားမှ မပါဘူး အရှက်တော့ကွဲ ကွဲပြီ "

ရဲနိုင်ဇောချွေးများပြန်လာပြီး ဆက်ပဲထိုင်နေရမလို၊ ထပဲထွက်ပြေးရမလို ဖြစ်နေသည်။ ဘိုပြုံးကတော့ တစ်နေရာရာမှာ အကျအနထိုင်ပြီး ပေါက်ဆီ ကလီစာများကို အရသာခံနေမှာ သေချာပါသည်။ ရဲနိုင်တွေးရင်း ဒေါသလည်းဖြစ် ငိုချင်စိတ်လည်း ပေါက်လာသည်။

" ဟေ့ကောင် ရဲနိုင် မင်းက ဒီမှာတစ်ယောက်တည်း ပွဲတော်လာတည်နေတာကိုး၊ မင်းပြောတော့ ရေခံမ်းနေတယ်ဆို "

ဆိုင်ထဲသို့ ကံဆိုးပြီး ဝင်လာသော ဖိုးလုံးက ရဲနိုင်ပုခုံးကို ပုတ်ပြီး နှုတ်ဆက်လိုက်သည်။ ရဲနိုင်မှာ ကိုယ့်အခက်နှင့်ကိုယ်သွေး ...ာန့်ပြီး ထခုန်မိသည်။



" ဪအောင်မလေးဗျ ကျွန်တော်မှားပါတယ် "

" ဟာ . . . ဒီကောင် ဘာတွေ အဲတွေးလွန်ပြီး ထကြောင်တာလဲဟ "

ဖိုးလုံးမှန်း သိတော့မှ ရဲနိုင်အကြောက်ပြေသွားသည်။ ဖိုးလုံးက ခုံလွတ်တစ်လုံးမှာဝင်ထိုင်လိုက်သည်။ ရဲနိုင်က ဖြစ်ကြောင်းရယ်တဲ့ကုန်စင် ရှင်းပြတော့ ဖိုးလုံးက ကြောင်ချောင်းဆိုးသံမျိုးဖြင့် တခွိခွိရယ်ပါသည်။

" ဒီကိစ္စကို စိတ်ပူမနေပါနဲ့ကွာ ငါ ဒီနေ့လခ ထုတ်လာပါတယ်၊ ငါရှင်းပေးမှာပေါ့ ဒါနဲ့မင်းဒီနေ့ မြို့ထဲမသွားဘူးလား "

" မသွားလို့ မရဘူးလေ၊ ဒီနေ့ အယ်ဒီတာတစ်ယောက်ဆီမှာ ပုံတွေအပ်မှ ရေကခပ်လို့ရမှာ သိတဲ့အတိုင်း ဘတ်(စ်)ကားခတောင် မကျန်အောင် ခမ်းနေပြီလေ "

" ဖြစ်ရမယ် ဖြစ်ရမယ် လမ်းစားရိတ် ငါပေးလိုက်ပါ့မယ် "

" ကျေးဇူးတွေ အတွဲလိုက်တင်လိုက်တာ ဖိုးလုံးရာ နေပါဦး- ဘာကိစ္စ ဒီနေ့မှ သဒ္ဓါတရားတွေ ဒီလောက်တောင်ထက်သန်နေတာလဲ "

" ဟေ့ကောင် ငါက အမြဲတမ်း ဘော်ဒါစိတ်အပြည့်ရှိတဲ့ကောင်ပါကွ "

" ဟုတ်ပါတယ် ဟုတ်ပါတယ် "

ဖိုးလုံးက လမ်းမဆီကို မကြာ မကြာ လှမ်းကြည့်နေမိသည်။ ဒီနေ့ သီသီကတဆင့် အသစ်စက်စက် ချစ်သူလေး ငြိမ်းယုဝေကိုချိန်းထားသည်။ တိုက်တိုက်ဆိုင်ဆိုင် ဒီလက်ဘက်ရည်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လေးထဲ မှာ ချွတ်ခြုံကျနေတဲ့ ဘိုင်ကောင်ရဲနိုင်နှင့်မှ လာတွေ့နေရသေး။ မြန်မြန်ပြန်လျှင်ပြီးရောဟု သဘောထားကာ နှစ်ရာတန် တစ်ရွက် ထုတ်ပေးသည်။

" ရှားပါး ငွေနှစ်ရာကြီးများတောင် အလွတ်ပေးလာမှတော့ ဒီနေ့မြို့ထဲသွားမနေတော့ဘူး၊ နှစ်ရာရှိရင် လုံလောက်သွားပြီ "

" ဗုဒ္ဓေါ "

ဖိုးလုံး ခင်မျာ သူ့ပိုက်ဆံနဲ့သူ ဒုက္ခရောက်ရမယ့်ကိန်းဆိုက်သွားသည်။

" မဟုတ်သေးဘူးလေကွာ မင်းကို အလုပ်ကိစ္စအတွက် မြို့ထဲသွားရအောင် ငါကစားရိတ်ထောက်တာလေ၊ မင်းမသွားဘူးဆိုရင် ပိုက်ဆံပြန်ပေး "

" ဒီလိုရှိတယ်လေကွာ မင်းက ငါ့အပေါ် ဒီလောက်ကောင်းနေမှတော့ ဒီနေ့မင်းကို ငါအချိန်ပေးပြီး အဖော်လုပ်ပေးရမှာပေါ့ အေးဆေးပါ၊ အလုပ်က နေ့တိုင်းလုပ်လို့ရတာပဲဟာ "

ရဲနိုင်က ပိုက်ဆံပြန်မပေးဘဲ စကားကြောဆက်ရှည်နေသည်။ ဖိုးလုံးအကြံတော်ဘော် အိုက်သွားရသည်။ ရဲနိုင်က စကားကို အမျှင်ပြတ်မခံ။

" ဖိုးလုံး အချစ်ဆိုတာကို မင်းဘယ်လိုမြင်လဲ "

" အကုသိုလ်လို့ပဲ မြင်တယ် "

ဖိုးလုံးက ညစ်လာပြီး ရွဲ့ပြောလိုက်သည်။ ဒါကိုပင်ရဲနိုင်က အားပါးတရ စားပွဲခုံကိုလက်ဖြင့်ပုတ်ပြီး ထောက်ခံလိုက်သေးသည်။

" အေး မင်းပြောတာ မှန်တယ်၊ ဘာသာရေးအရပြောရင်



အချစ်ဆိုတာ ဘာလဲ တဏှာပဲ၊ တဏှာပေမ ပယောဂနဲ့ လောက အာရုံကာမဂုဏ်တွေပေါ့ကွာ ကမ္ဘာကျော် ပန်းချီဆရာကြီး ဗင်းဆင့်ဗော်ဂိုးဆိုရင် အချစ်အတွက် နားရွက်တစ်ဖက်ကို ပေးခဲ့တာ ဘာလဲတဏှာ တဏှာကြောင့် "

" ငါ့ နားတွေလည်း တော်တော်နာပါပြီကွာ၊ စိတ်ပါ မနာခင် မင်းပြန်ရင်ကောင်းမယ်ထင်တယ် ရဲနိုင် "

ဖိုးလုံးက မျက်နှာကြောတင်းတင်းဖြင့် ဖိဟောက်လိုက်သဖြင့် ရဲနိုင်နည်းနည်းတော့ ဖြုံသွားသည်။

" အဟဲ ငါသိပြီ၊ ဒီဆိုင်မှာ မင်းအကန့်တစ်ခုတော့ ရှိနေပြီထင်တယ် "

" မင်းအလုပ် မဟုတ်ပါဘူး မင်းမသွားရင် ငါသွားတော့မယ် "

ဖိုးလုံးကတကယ် ထပြန်တော့မယောင်လုပ်တော့မှ ရဲနိုင် ထိုင်ရာက ထလိုက်သည်။

" ဆောရီးကွာ အပေါင်းအသင်းချင်း အလိုက်သိရမှာပေါ့၊ ကဲ . . . လစ်မယ် "

ရဲနိုင်က ပြန်တာကို ဆိုင်ထဲက ချက်ချင်းထွက်မသွားသေး၊ ကောင်တာမှာ ဆေးလိပ်မီးဝင်ညှိရင်း ကောင်တာကကောင်မလေးကို ဝင်နှုတ်ဆက်လိုက်သေးသည်။

" ချာတိတ် ကိုပြန်မယ်နော် "

" ဟော့ ကောင်လေး ဒီမှာနင့်ဘကြီးက ပြန်တော့မယ်တဲ့ ရှာကို ဘာမှာလိုက်ဦးမလဲ "

ကောင်မလေးကလည်း ခေသူမဟုတ်၊ စားပွဲထိုးကောင်

www.burmeseclassic.com

www.burmeseclassic.com



လေးကို လှမ်းပြောလိုက်သည်။ စားပွဲထိုးလေးက ချက်ချင်းပေါ်လာသည်။

" ဘကြီး တူမကို ပြောလိုက်ပါ ကျွန်တော်အလုပ်ကြိုးစားနေပါတယ်လို့ "

" ရှိုးတဲ့မှပဲ "

ရဲနိုင်မည်သူ့ကိုမှ မနိုင်သည့်အဆုံး မှုန်တေတေဖြင့် ဆိုင်ထဲမှ အမြန်ထွက်သွားလေတော့သည်။

ဖိုးလုံးမျှော်နေသော သူများကရောက်မလာသေး၊ ဖိုးလုံးမှာရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ရင်း ငြိမ်းယုဝေနှင့် သူဆုံဆည်းခဲ့ရပုံကို ပြန်လည်အမှတ်ရနေမိသည်။

ထိုနေ့က စာသင်ပြီး အဆောင်ကိုအပြန် 'အောင်ပွဲသစ်' ကျူရှင်နှင့်ဘော်ဒါဆောင်ထဲမှ ပြေပြစ်ချောမောသော ကောင်မလေးတစ်ယောက် ခပ်သွက်သွက်ထွက်လာသည်ကို ဖိုးလုံးသတိထားလိုက်မိသည်။ ဖိုးလုံးရှေ့က ဖြတ်အလျှောက်မှာ ကောင်မလေးလက်ထဲမှာ ပွေ့ကိုင်လာသော စာအုပ်တွေထဲက စာအုပ်တစ်အုပ်လျှောကျသွားသည်။ ဖိုးလုံးကလည်း လူမှုရေးသိတတ်စွာပင် စာအုပ်ကိုကောက်ပေးလိုက်သည်။ လူမှုရေးသိတတ်စွာပင် စာအုပ်မျက်နှာဖုံးက နာမည်ကို စက္ကန့်ပိုင်းအတွင်းအလွတ် ကျက်မှတ်လိုက်ပါသည်။ ငြိမ်းယုဝေ----တဲ့။ စာအုပ်က ကွန်ပျူတာနည်းပညာစာအုပ်။ ထိုမျှသာဖြစ်ပါသည်။

သို့သော် နေ့အကူးပင်မခံဘဲ ဖိုးလုံးစုံစမ်းထောက်လှမ်းခြင်း ပြုလုပ်လိုက်ပါသည်။ သိပ်မခက်ပါ 'အောင်ပွဲသစ်' ကျူရှင်မှာ စာရေးလုပ်နေသော သီသီနှင့် ဖိုးလုံးက ခင်မင်ပြီးသား၊ အသုပ်



တစ်ပွဲကျွေးပြီး သီသီကိုမေးကြည့်လိုက်သည်။

" သီသီ၊ မင်းတို့ကျူရှင်မှာ ငြိမ်းယုဝေဆိုတာရှိလား "

" ရှိတယ် ဆရာကိုဖိုးလုံး၊ ကွန်ပျူတာ အော်ပရေတာလေ၊ အလုပ်ဝင်တာ သိပ်မကြာသေးဘူး၊ ဘာလဲ ဆရာကိုဖိုးလုံးနဲ့ သိလို့လား "

" မသိပါဘူး၊ သိချင်လို့ပါ "

" ဟောတော် မသိဘဲနဲ့များ သိချင်ရတယ်လို့နော် "

သီသီပြောလိုက်မှ စကားကပိုရှုပ်သွားသည်။

" အဟဲ ဒီလိုလေ၊ သိတော့မသိဘူး သူ့ကိုစိတ်ဝင်စားလို့ သိချင်တာ "

" သဘောပေါက်ပြီ ဒါဆို ဆရာကိုဖိုးလုံးနဲ့ ငြိမ်းယုဝေကို သီသီက မိတ်ဆက်ပေးရမယ်ဆိုပါတော့ "

သီသီမျက်နှာပေးက ပိုင်ပါတယ် ဆိုတဲ့ပုံမျိုး၊ ဖိုးလုံးတစ်ချက်စဉ်းစားလိုက်သည်။ မိတ်ဆက်ပေးလျှင် ရင်းနှီးသွားမည်၊ ရင်းနှီးသွားလျှင် ဖွင့်ပြောရမှာ အားနာနေရမည်။

" အို့ကေ သီသီ ပေါက်ရင်ပြီးတာပဲ မိတ်ဆက်မပေးနဲ့ဦးတယ်၊ ကြည့်သား တော်တော်ကျတဲ့ အခါကျမှ စာပေး ပေးပေါ့ "

" ဘာလဲ ကြည့်သားတော်တော်ကျတယ် ဆိုတာက "

" ဒီလိုလေ ငြိမ်းယုဝေ အလုပ်သွားအလုပ်ပြန်တဲ့ အခါတိုင်း သူ့ကိုစိတ်ဝင်စားနေတဲ့သူ တစ်ယောက်ရှိနေပါလား ဆိုတာကို သတိပြုမိအောင် လမ်းကနေ အမြဲစောင့်ကြည့်နေဦးမယ်လို့ ပြောတာပါ "

တော်တော်ရှင်းပြယူရသည်။ အခုတော့လည်း ထိုဒါန်းကို

www.burmeseclassic.com

www.burmeseclassic.com



ကျော်လွန်ခဲ့လေပြီ။ သီသီက တဆင့်ပေးလိုက်သော စာလေးတစ်စောင်တည်းဖြင့်ပင် အဆင်ကပြေလိုက်သည့် ဖြစ်ခြင်း။ ဒီနေ့တော့ လူချင်းတွေ့ဆုံ စကားပြောရပေတော့မည်။

" ဆရာကိုဖိုးလုံး အဲ ဆရာကိုမြင့်မြတ်အောင် စောင့်နေရတာကြာပြီလား "

အတွေးအမျှင်တန်းများနှင့် လုံးထွေးရစ်ပတ်နေရာမှ ဖိုးလုံးလန့်နိုးသွားရသည်။ သီသီနှင့် အသားမည်းမည်း အရပ်ပုပုပစ်တိုင်းထောင် ပုံပေါက်နေသော ကောင်မလေးတစ်ယောက် ဖိုးလုံးစားပွဲဝိုင်းမှာ ဝင်ထိုင်ကြသည်။

" နည်းနည်း နောက်ကျသွားတယ် ဆရာကိုမြင့်မြတ်အောင်ရေ . . . ဟောဒီက ငြိမ်းယုဝေလေ စာပြန်တုန်းက သူ့ဟာပြန်ပြီးတော့၊ မျက်နှာချင်းမဆိုင်ရဲလို့ဆိုတာနဲ့ မနည်းဆွဲခေါ်နေရတယ် "

" ဗုဒ္ဓေါ "

ငြိမ်းယုဝေဆိုတာ ဒါကြီးလား။ တစ်ခုခုတော့ အသေအချာလွဲမှားနေပြီ။ မပစ်တိုင်းထောင်(အမည်း)က ရှက်ရွံ့ရွံ့အမူအယာဖြင့် သီသီ၏ ပေါင်ကိုဆွဲလိမ်လိုက်သည်။

" အောင်မလေးတော့် နာလိုက်တာ "

ဖိုးလုံးက သေချာအောင်ထပ်မေးလိုက်ပါသည်။

" ဒီက နာမည်က "

" ကြည့် . . . သူများကိုလာ အကြောင်းရိုက်နေပြန်ပြီ ငြိမ်းယုဝေဆိုတာကို သူသိရဲ့သားနဲ့ဟော ပြောရင်းနဲ့မှ သတိရလာတယ်။ ဦးက သမီးနာမည်ကို ဘယ်လိုလုပ်စသိတာလဲဟင် "



ဟာတွေ့ပြီ။ နာမည်နှင့်လူ လွဲသည့်ကိစ္စကို ဖိုးလုံးသဘောပေါက်တွေ့ရှိသွားလေပြီ။

" ဟိုလေ ငြိမ်းယုဝေရဲ့ ကွန်ပျူတာနည်းပညာ စာအုပ်ကို သူများငှားဖူးလားဟင် "

" ငှားဖူးတာပေါ့ အခုထိတောင် သက်သက်ဆွေဆီက စာအုပ်ပြန်မယူရသေးဘူး၊ ကြာတောင်ကြာနေပြီ၊ ဦးက ဘာဖြစ်လို့မေးတာလဲဟင် "

သေချာပြီ၊ သေပါပြီ။ ဖိုးလုံးက ငြိမ်းယုဝေတို့ အူကြောင်ကြောင်တော်တော်နိုင်စွာ မြုံးဖြီးပြလိုက်ရင်း ထရပ်လိုက်သည်။

" အဟဲ ကိုယ့်တို့ သွားခွင့်ပြုကြပါဦးနော်၊ အရေးကြီးတဲ့ တိစ္စလေးရှိလို့ပါ။ သွားလိုက်ပါဦးမယ် "

" ဟွန့် . . . မီးကဖြင့် ဦးနဲ့တွေ့ရင် ပြောရအောင်ဆိုပြီး အချိစ်ဝတ္ထုတွေ ငှားဖတ်ပြီး အလွတ်ကျက်ထားရတာ ဘာမှတောင် မပြောရသေးဘူး "

ဖိုးလုံးက ရှူးချင်ယောင်ဆောင်ပြီး ထထွက်သွားပါသည်။ ငြိမ်းယုဝေ မည်တွင်သော ဒေါ်ပစ်တိုင်းထောင်မှာ မကျေမချမ်း မြည်တွန်တောက်တီး ကျန်ခဲ့ပါတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



" ဒီမှာကိုဘတုတ် တော့်သားလုပ်ပုံ ကောင်းလားဟင်၊ ဟောဒီမှာ ကျုပ်ကြက်နှစ်ကောင်သေပြီ ဒီအရွယ်ကလေးရှိသေးတယ် လက်ရဲဇက်ရဲတော် သူတပါးအသက်ကို သတ်တဲ့ကောင်လေး တော့်သားလုပ်တာ တော်အလျော်ပေးရမယ် "

အဆောင်ရှေ့တည့်တည့်မှာ ကြက်သေနှစ်ကောင်ကို ခြေထောက်မှ ဆွဲပြီးကြက်သားသည် ဒေါ်အာကျယ်က ခုနစ်သံချီလာဟစ်နေသည်။ ဦးဘတုတ်က ပြုံးစိစိ။ ကြိုးကြာသံနှောပြီး အဆောင်အပြင်ကိုထွက်ပြီးပြောသည်။

" အောင်မလေး မခင်ခင်လေးရယ်၊ တစ်ယောက်နဲ့ တစ်ယောက် အဲ့ဒီလောက်ကြီးပြောနေရမယ့် လူတွေမှမဟုတ်တာဘဲဗျာ၊ ဒီကြက်တွေက ကျုပ်သားဘိုပြူးမသတ်လည်း မခင်ခင်လေးတို့ သတ်မှာပဲ မဟုတ်လား "

" ဘာဆိုင်လို့လဲ ကျုပ်က ရောင်းမယ့်အချိန်နဲ့တွက်ပြီးမှ သတ်တာ အခုဟာက တော့်သားလက်ကမြင်းပြီးသတ်တာ ပေးကြက်နှစ်ကောင်ဖိုးရှစ်ရာ "

" ရှစ်ရာ မဟုတ်ပါဘူးဗျာ တစ်ထောင်ပေးလိုက်ပါ့မယ် အိမ်ထဲဝင်ထိုင်ပါဦးလား "

ဦးဘတုတ်က ဖိတ်မန္တကပင်ပြုလိုက်သေးသည်။ ဒေါ်အာကျယ်က ဦးဘတုတ်ပေးသော ငွေရွှာစ်ထောင်ကို ဆတ်ကနဲ ဆွဲယူကာ မျက်စောင်းတစ်ချက် ထိုးသွားလိုက်သေးသည်။ ဦးဘတုတ်က မနှောတွေ့ခွေ့ သဘောတွေတွေ့ပြီး တဟဲဟဲ ရယ်မောကျန်ခဲ့သည်။

ဦးဘတုတ်နှင့် ဒေါ်အာကျယ်တို့ အခြေအနေကို ပြတင်းပေါက်ဘောင်ပေါ် လက်ထောက်ပြီး တစေ့တစောင်း အကဲခတ်နေ



သော ကိုဗိုတ်က ကျန်သုံးယောက်ဘက်လှည့်ပြောသည်။

" ဇာတ်ရှိန်ကတော့ အတော်ကို မြင့်နေပြီဟေ့ "

" ဒါဆိုလည်း ဇာတ်ပေါင်းပေးဖို့ ငါတို့တတွေမှာ တာဝန်အပြည့်ရှိတာပေါ့ကွာ "

ရဲနိုင်က တပ်လှန့်သည့်သဘောဖြင့် ပြောလိုက်၏။ ဒီပဇော်က ရဲနိုင်စကားကို ထောက်ခံသည်။

" ရဲနိုင်ပြောတာမှန်တယ် ငါတို့လူကြီးဘက်ကတော့ ငြင်းစရာ မဟုတ်ဘူးကွ ဒေါ်အာကျယ်ဘက်ကိုသာ ချဉ်းကပ်ဖို့ မလွယ်ဘာ၊ အင်းလေ သူကလည်း အပျိုကြီးဆိုတဲ့ဂုဏ်ကို ကာကွယ်နေရဦးမှာပေါ့ "

ထိုအချိန်တွင် ဘိုပြူးအဆောင်ထဲဝင်လာ၍ စကားလမ်းကြောင်း ပြောင်းသွားကြရသည်။

" ဟေ့ကောင် ဘိုပြူး မင်းက ဘာကိစ္စ ဒေါ်အာကျယ်ဦးရဲ့ ကြက်နှစ်ကောင်ကို သွားသတ်ရတာလဲ "

" ကျုပ်က သတ်တာမဟုတ်ပါဘူးဗျာ၊ ခြင်းတောင်းကြီးထဲ အနေ အပြင်ထွက်ချင်လို့ ခေါင်းပြူထွက်နေတာကို သနားလို့ဆွဲထုတ်ပေးတာ သူတို့ဖာသာ သေကုန်တာတော့ ဘယ်တတ်နိုင်မှာလဲ "

စာနာစိတ်ပြည့်ဝလှသော ဘိုပြူးကိုပင် ဂုဏ်ပြုရမလိုဖြစ်ကြရပါသည်။ ဘိုပြူးက အဆောင်ထဲမှာ တစုံတစ်ခုကို လှည့်ရှာနေသည်။ ခုတင်အောက်များပါမကျန် ကုန်းဝင်ပြီး ရှာသည်။ ဘိုပြူး ဘာရှာသည်ကို အားလုံးက စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဗိုက် ကုတင်အောက်မှ ဘိုပြူးရှာနေသောအရာကို တွေ့ရှိသွားလေသည်။ ရှာတွေ့လာသည်မှာ တခြားမဟုတ် လေးခွ အဟောင်းတစ်လက်။ ဦးဘတုတ်က အဆောင်ထဲဝင်လာရင်း မြင်သွားသည်။

" ဟောကောင်လေး လေးခွနဲ့ ဘယ်ကိုလျှောက်လက်သရမ်း ဦးမလို့လဲ "

" ဘယ်သူ့ကိုမှ မမှန်စေရပါဘူးဗျာ . . . ကျုပ် သိကြား မင်းနဲ့ စစ်တိုက်မလို့ပါ "

" အောင်မာကြီးကြီးကျယ်ကျယ် သိကြားမင်းက မင်းကို ဘယ်နှယ့်လုပ်လို့လဲ "

" လုပ်တယ် ဟိုတစ်နေ့က ကျုပ်ကျောင်းသွားတုန်း လမ်း မှာ မိုးရွာချတာကို မကျေနပ်လို့ "

ဘိုပြူးက သူ့အဖေ ဦးဘတုတ်ကို ပြန်ပြောပြီးအဆောင်ထဲ မှ ထွက်သွားသည်။

" တော်တော် ပေါက်တီးပေါက်ရှာ ပြောတဲ့ကလေး "

တကယ်က ဘိုပြူးပေါက်တီးပေါက်ရှာ ပြောခြင်းမဟုတ် အမှန်တကယ်ပင် ထိုညက သိကြားမင်းနှင့် ရေကုန်ရေခမ်းစစ် ပါတော့သည်။ အဆောင်ထဲမှာပင် ဖဲဝိုင်းကကောင်းနေသဖြင့် အ လုံးသတိမထားမိလိုက်ကြပါ။ ဘိုပြူးပစ်လွှတ်လိုက်သော လော လုံးအုံးကျည်များက သိကြားမင်းဆီသို့မရောက် လမ်းတစ်ဝက်မှာ ကွေ့ဆင်းပြီး ဒေါ်အာကျယ်တို့ အိမ်ခေါင်မိုးပေါ်ကိုသာ အဆ မပြတ်ကျလေတော့သည်။

" ဟဲ့ ဘယ် မိမဆုံးမ ဖမဆုံးမက ငါ့အိမ်ကို ခဲနဲ့ပေါ



နေတာလဲ၊ ခင်ခင်လေးတဲ့ဟော့ ဘယ်သူ့မှ ဂရုမစိုက်ဘူးနော်၊ သတ္တိရှိ လို့ အပျိုကြီးလုပ်နေတာဟေ့၊ သတ္တိရှိရင် လူချင်းလာယှဉ် "

ဒေါ်အာကျယ်၏ အော်ဟစ်စိန်ခေါ်သံက ညသံဖြစ်၍ တစ်ရပ်ကွက်လုံးကြားရအောင် ဟိန်းထွက်လာသည်။ ဖဲရိုက်နေ သော ဦးဘတုတ်တို့တစ်တွေလဲ ဒေါ်အာကျယ်၏ အသံကြားမှ ဘိုပြူး တို့သတိရသွားသည်။ ဦးဘတုတ်က တိတ်တိတ်ကလေး ဘိုပြူးကို လိုက်ရှာသည်။ မတွေ့၊ ဘိုပြူးကိုသာ မတွေ့တာ ဒေါ်အာကျယ် အိမ်ခေါင်မိုးပေါ်ခဲကျသံက ရပ်မသွား။

ရပ်ကွက်ထဲက လူများထွက်ကြည့်ကြရင်း တစ်ယောက် တစ်ပေါက် ထင်ရာမြင်ရာလျှောက် ပြောကြသည်။

" ဒါ ပုဏ္ဏက တိုက်တာပဲ ဖြစ်ရမယ် "

တချို့ရင်းနှီးသူများက ဒေါ်အာကျယ်ကိုပင် လာရောက် အကြံဉာဏ်ပေးကြသေးသည်။

" ဒေါ်ခင်ခင်လေးကြီး သိတဲ့နားလည်တဲ့သူတွေက ပြော နေကြတယ်၊ အခုဟာ ပုဏ္ဏကတိုက်တာတဲ့တော် "

" ဟုတ်တယ် ဒါမျိုးဆိုတာ ဆဲရင်ဆူရင် ပိုပြီးခဲတွေကျ လာတတ်တယ်လို့ ကြားဖူးတာပဲ "

ဝိုင်းပြောလာကြသူတွေ တစတစပိုများလာတော့ ဒေါ်အာ ကျယ်မှာ ယုံသလိုလိုဖြစ်လာပြီး ဆဲတာဆူတာကို ရပ်ပြီးငြိမ်နေလိုက် သည်။ ခဲကျသံကလည်း တဖြည်းဖြည်းကျဲပါးလာပြီး လုံးဝရပ်ဆိုင်း သွားလေသည်။

မနက်မိုးလင်းသည်နှင့် ဒေါ်အာကျယ်ရဲ့ အိမ်ကိုညက ပုဏ္ဏကတိုက်ခံရသည့် အကြောင်းအထူးအဆန်း သတင်းတရုပ်အ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ရပ်ကွက်ထဲက လူတွေပြောမဆုံး ဖြစ်သွားသည်။ ပုဏ္ဏကာဘို ပြုံးတစ်ယောက် အသစ်တူးထားသော အိမ်သာကျင်းထဲမှာ အိပ်ပျော်နေခဲ့သည့် အကြောင်းကိုတော့ ဦးဘတုတ်၏ ရောမအဆောင်နေသူများမှလွဲ၍ မည်သူမျှ မသိလိုက်ကြပါ။

*

" ဒီအသက် ဒီအရွယ်ရောက်ပြီ ရည်းစားလေးတစ်ယောက်လောက်မှ ၇ရက်ပြည့်အောင် မရှိသေးတာတော့ သိပ်နည်းလမ်းမကျဘူးထင်တယ် "

ကိုဗိုက်က ကုတင်ထက်မှာပက်လက်လှန်ရင်း ညည်းညည်းညူညူပြောလေသည်။ ရဲနိုင်က သရုပ်ဖော်ပုံတစ်ခုကို ဟိုခြစ်ဒီခြစ်လုပ်နေသည်ကို ရပ်လိုက်ပြီး ကိုဗိုက်ကို အမိဝ္ဂါယ်ပါပါကြည့်ပြီး ခေါင်းညိတ်လိုက်သည်။

" အဲ့ဒါမှန်တယ်၊ အဓိကလိုအပ်ချက်က မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်တဲ့အခါမှာ ဗျူဟာ၊ ဗျူဟာက သိပ်အရေးကြီးတယ် "

" ဖိုးလုံးက ဟာသဝတ္ထုစာအုပ်ထဲ အာရုံနစ်နေရင်း ခွိကနဲ ရယ်လိုက်သည်။ ရဲနိုင်က သူ့စကားကို ပြက်ရယ်ပြုသည်ဟု ထင်သွားပြီး ဖိုးလုံးကို လှမ်းဟောက်လိုက်သေးသည်။

" ဟေ့ကောင် ဖိုးလုံး မင်းက ငါ့ကိုလှောင်တာလား "

" ဖစ် . . . ဘာလိုင်းကြီးဝါလား ငါဖာသာစာထဲမှာ ရယ်



စရာပါလို့ ရယ်တဲ့ဟာကို "

ဒီပဇော်က ကြားဝင်ပြီး ချွန်ပေးလိုက်သေးသည်။

" ဖိုးလုံးကလည်း ဖိုးလုံးပဲ ရဲနိုင်ကလည်း ရဲနိုင်ပဲ "

" ဒီပဇော် မင်းစကားကြီးကလဲ ဘယ်လိုတုန်း "

ကိုဗိုက်က နားရှုပ်သွားသည်မို့ မျက်မှောင်ကျုတ်ပြီး မေးသည်။ ဒီပဇော်ကရယ်ကျဲကျဲဖြင့် သူ့စကားသူ တာဝန်ယူသည့်သဘောပြောနေသေးသည်။

" ကျွန်တော့်စကားထဲမှာ ဘာအမှားပါလို့လဲ "

" အမှားတော့ မပါဘူးပေါ့ကွာ ဒါပေမယ့် တမျိုးကြီးပဲ"

" ကဲ တော်ကြပါတော့ဗျာ ခင်ဗျားတို့ ပြောနေတာနဲ့ ကျွန်တော့်စကား ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး "

ရဲနိုင်က သူ့ဆရာကြီး မလုပ်ရမှာစိုးပြီး စကားစကို မရမက ပြန်ကောက်သည်။ ကိုဗိုက်ကထောက်ပေးသည်။

" ဗျူဟာလေကွာ ဗျူဟာ "

" အဲ . . . ဟုတ်ပြီ၊ ခင်ဗျား စိတ်ဝင်စားမယ်ဆိုရင် ဗျူဟာတစ်ခုကို ကျွန်တော်ပြောပြချင်တယ် ယုံကြည်လက်ခံတယ်ဆိုရင်စမ်းကြည့်၊ အောင်ကိုအောင်မြင်ရမယ် "

" ကဲ ပြောစမ်းပါဦး အလကားနေ အလကား နားထောင်ကြည့်ရတာပေါ့ "

ကိုဗိုက်စကားကြောင့် ရဲနိုင်တင်းသွားသည်။

" ကိုဗိုက် ခင်ဗျားပြောပုံက ကျွန်တော်ပါးစပ်ယားလို့ ပြောတာကို မလွှဲသာလို့ နားထောင်မယ်ဆိုတဲ့ သဘောလား "

" အဟဲ အဲ့ဒီသဘောမျိုး မဟုတ်ပါဘူးကွာ "

www.burmeseclassic.com

www.burmeseclassic.com



“ တော်ပြီဗျာ ဗီလင်အောက်သွားပြီ မပြောတော့ဘူး ”

ရဲနိုင်က ဆော့ဖ်ပင်(န်)အဖုံးကို ဖွင့်ပြီး ပုံဆက်ရေးရန်ပြင်လိုက်သည်။ ကိုဗိုက်က ချော့ချော့မော့မော့ စကားဆိုလိုက်သည်။

“ ရဲနိုင်ရာ အချင်းချင်းတွေပဲဟာ ပြောမယ့်ဟာကို ပြောပြစမ်းပါ၊ ဒီမှာ မပြောချင်ရင် လက်ဘက်ရည်ဆိုင်မှာ သွားပြောကြမယ်နော် လာပါကွာ ထစမ်းပါ ငါတိုက်ပါ့မယ် ”

နှစ်ခါပင် မချော့လိုက်ရ ရဲနိုင်ထိုင်ရာမှထပြီး ကိုဗိုက်နောက်က ကောက်ကောက်ပါအောင် လိုက်သွားလေသည်။ ဒီပဇော်နှင့်ဖိုးလုံးတို့လျှောင်ရယ်သံများ အဆောင်ထဲမှာ ကျန်နေခဲ့တော့သည်။

“ ဟီးဟီး ဟားဟား ဟဲဟဲ တော်တော်ရယ်စရာ ကောင်းတဲ့ဗျူဟာငနဲ ”

*



ဗျူဟာ(၁)

စိတ်ဝင်စားစရာကောင်းသော အမျိုးသမီးတစ်ယောက်ကိုတွေ့လျှင် အမြန်ဆုံးချဉ်းကပ်ပြီး သူဘာလုပ်နေသလဲ ဆိုတာကိုကြည့်ပါ။

မီနီမားကတ် တစ်ခုအတွင်းကို ကိုဗိုက်အချိန်ပိုနေအားနေသဖြင့် အပျင်းပြေလှမ်းဝင်လိုက်သည်။ အရောင်းကောင်တာ တစ်ခုရှေ့မှာရပ်နေသော အမျိုးသမီးတစ်ဦး၏ ကိုယ်နေဟန်ထားက ကိုဗိုက် စိတ်ကိုညှို့ယူလိုက်သလို ဖြစ်သွားသည်။ ချက်ချင်းပင် ကိုဗိုက်မှတ်ဉာဏ်ထဲသို့လျှောင်ထားသော ရဲနိုင်၏ ဗျူဟာအမှတ်စဉ်(၁)က ဖျတ်ခနဲလင်းလက်သွား၏။

ကိုဗိုက်က ထိုအမျိုးသမီးနှင့် တစ်ပေခန့်အကွာမှာရပ်ပြီး မျက်နှာလေးကို မသိမသာခိုးကြည့်လိုက်သည်။ ရှားပါးလှမှလှ။ ခပ်ပါးပါးလေး ခြယ်မှုန်းထားသည့်အိုင်-ပင်ကိုယ်အလှက အကြိမ်ကြိမ် ကြည့်မဝအောင် လှတဲ့အလှမျိုး။ အမျိုးသမီးလေးက ထီးလှလှလေး တစ်ချောင်းကို လက်ညှိုးညွှန်ပြပြီး ဖြုတ်ယူပေးခိုင်းသည်။ ကောင်တာအရောင်းစာရေးမလေးက လှမ်းဖြုတ်ယူပေးသည်။

ဗျူဟာ(၂)

ကိုယ်နှစ်သက်သော အမျိုးသမီးနှင့် အကြိုက်ချင်းတူပြပါ။ ( ခြွင်းချက် အမျိုးသမီး သီးသန့်သုံးပစ္စည်းများ အကြိုက်ချင်းလိုက်ညီစရာ မလိုပါ )

ရဲနိုင်ရဲ့ ဗျူဟာအမှတ်(၂)အရ ချက်ချင်းပင်ကိုဗိုက်က

www.burmeseclassic.com

www.burmeseclassic.com



အကြိုက်ချင်းလိုက်တူ ပစ်လိုက်ပါသည်။ ကိုဗိုက်အိုက်တင်က အကယ်ဒမီပေးလောက်ပါပေသည်။

" ဟာ ကြည့်စမ်း၊ ကိုယ်က အဲ့ဒီထီးလေးကို မျက်စိထဲမှာ တန်းမြင်ပြီး ကြိုက်သွားလို့ မေးမယ်ကြံကာ ရှိသေးတယ်၊ ဒီကညီမက ယူပြီးသား ဖြစ်နေပြီ၊ ဟော့ဒီမှာ ဒီအရောင် ဒီ ဒီဇိုင်းမျိုးနောက်တစ်လက်ရှိသေးလား "

ကိုဗိုက်က မင်သေသေဖြင့် အရောင်းကောင်တာမှ စာရေးမလေးကို အတည်ကြီးလှမ်းမေးလိုက်သည်။ ကောင်တာစာရေးမလေးကလည်း နှုတ်ခွန်းချိုသာစွာပင် ပြန်ဖြေပါသည်။

" မရှိတော့ပါဘူးရှင် ဒီတစ်လက်ပဲ ကျန်ပါတော့တယ် "

ကိုဗိုက်က လိုချင်တာကို မရ၍စိတ်ပျက်သွားသော အမူအရာမျိုးဖြင့် ကျွတ်ခနဲစုတ်သပ်လိုက်၏။ ထီးဝယ်နေသော အမျိုးသမီးက အားနာသွားဟန်တူပါသည်။

" ကျွန်မက ကြည့်ရုံပဲ ကြည့်တာပါ၊ ရှင်သိပ်လိုချင်နေရင် ယူလိုက်ပါ "

" အရမ်းကျေးဇူးတင်တယ်ကွာ၊ ဒါပေမယ့် ဒီကညီမကို အားနာပါတယ် "

" အားနာစရာ မလိုပါဘူးရှင်၊ ကျွန်မက တခြားဝယ်စရာတွေရှိနေတော့ ငွေက သိပ်မလုံလောက်ဘူးလေ၊ နောက်တစ်ခေါက်လာရင် ဝယ်ရအောင် လေ့လာတဲ့သဘောပါ "

လိုချင်သည့်လမ်းကြောင်းပေါ်ကို တည့်တည့်ကြီးကို ဝင်လာချေပြီ၊ ကိုဗိုက်ထီးဖိုးငွေချေလိုက်သည်။ ကောင်မလေးက ထိုအရောင်းကောင်တာမှ ခွာသွားပြီး အမျိုးသမီး အသုံးအဆောင်



ပစ္စည်းရောင်းသော ကောင်တာတစ်ခုရှေ့သွားရပ်သည်။ ကိုဗိုက်က မယောင်မလည်ဖြင့် ကပ်လိုက်သွားလိုက်၏။ အမျိုးသမီးလေးက အမျိုးသမီးဝတ်အောက်ခံ စကပ်တစ်ထည်မှာ ကပ်ထားသော ဈေးနှုန်းစတစ်ကလေးကိုကြည့်ရင်း ခပ်တိုးတိုးညည်းသည်။

" ဈေးတွေကလည်း များလိုက်တာ "

ဗျူဟာ(၃)

ကောင်မလေးနဲ့ ပတ်သက်ရင် ရက်ရောပြလိုက်ပါ။

" ညီမလိုချင်ရင် ယူလိုက်လေ အကိုကိုရှိုင်းတယ်လို့ မထင်နဲ့နော်၊ ခင်မင်မှု အမှတ်တရပေါ့ "

ကိုဗိုက်က မြန်ဆန်သွက်လက်စွာပင် ကောင်တာမှာ ငွေချေလိုက်သည်။ အကျိုးအမြတ်က ကောင်မလေးရဲ့ အသိအမှတ်ပြုအပြုံးတပွင့်ကို လတ်လတ်ဆတ်ဆတ်ကြီး ရလိုက်ခြင်းပင်တည်း။

နောက်ကောင်တာတစ်ခုမှာ ကောင်မလေးပြောင်းရပ်ပြန်ပါသည်။ လက်သည်းဆိုးဆေး၊ နှုတ်ခမ်းဆိုးဆေး၊ အတွင်းခံပစ္စည်းများ၊ ကောင်မလေးကိုင်ကြည့်သမျှ ကိုဗိုက်ကငွေ အဆင်သင့်ရှင်းပြီးသား။ ထိုနှိုက်ရက်ရောပြနေပုံကိုသာ အဆောင်ကကောင်တွေမြင်လျှင် ယိုပင်ယိုချင်ကြမည်မထင်။

ကောင်မလေးက မီနီမတ်ကက်ထဲက မြန်မြန်ထွက်ပေလို့သာပေါ့၊ ဒါတောင် ကောင်မလေးလက်မှာဆွဲလာသည့် ပစ္စည်းတွေက ကနင့်တပိုး၊ မီနီမတ်ကက်ထဲက အထွက်မှာ ကိုဗိုက်ဗျူဟာ(၄)ကို ခေါင်းထဲမှာ၊ အမှတ်ရလိုက်သည်။

ဗျူဟာ(၄)

လက်ခံသည့် အမူအယာပြချိန်မှာ အချိန်ယူစကားဖောင်

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ဖြိုးကြီးစားပါ။ (သတိ သာယာကြည်နူးဖွယ်ကောင်းပြီး နှစ် ယောက် ထဲသီးသန့် ပြောနိုင်ဆိုနိုင်သော နေရာဖြစ်ရမည်။

" ညီမနဲ့ကိုယ် မိတ်ဆွေဖြစ်သွားပြီပေါ့နော်၊ ဟိုရှေ့က အအေးဆိုင်လေးမှာ ထိုင်ပြီးစကားပြောကြရအောင် "

ကိုဗိုက်၏ ဖိတ်ခေါ်မှုကို ကောင်မလေးက လှပစွာခေါင်း ညိတ်ပြပြီး သဘောတူလိုက်သည်။ ဒါပဲပေါ့။ ကိုဗိုက်အကျေနပ်ကြီး ကျေနပ်သွားသည်။ ကိုဗိုက်ဦးဆောင်ပြီး အအေးဆိုင်လေးထဲ လှမ်း ဝင်ခဲ့ကြသည်။

" ညီမ ဘာသောက်မလဲပြော "

" ဒိန်ချဉ် "

မြတ်စွာဘုရား၊ ဒီလောက်လှပြီး ဒီလောက်ခေတ်ပေါ် ဒီ ဇိုင်းကောင်မလေးက ဒိန်ချဉ်သောက်ချင်ရတယ်လို့၊ ဗျူဟာ အမှတ် စဉ်(၂)အရ အကြိုက်ချင်း လိုက်တူပြလိုက်ပါသည်။

" ကြည့်စမ်း ညီမနဲ့အကိုက သိပ်အကြိုက်ချင်းတူတာပဲ အကိုလည်း ဒိန်ချဉ်သိပ်ကြိုက်တာ ညီမရဲ့၊ ဟေ့ ညီလေးဒိန်ချဉ် နှစ်ခွက်ကွာ "

ကိုဗိုက်က စားပွဲထိုးကောင်လေးကို ဒိန်ချဉ်နှစ်ခွက်လှမ်း မှာယူလိုက်ပါသည်။

" အကိုနာမည်က ကြည်မောင်မောင်ဦးတဲ့ ဒီက ညီမနာ မည်လေး ပြောပြပါဦး၊ သိထားရတာပေါ့ "

" ညီမနာမည်က ဗန္ဓုလပါ "

ကိုဗိုက်မျက်လုံးပြူးသွားသည်။ ကောင်မလေး မျက်နှာထ အတည်။ ဗန္ဓုလရယ်လို့၊ နာကြားလွဲလေတော့ မဟုတ်တန်ကောင်း



ပါဘူး။ ကောင်မလေးက ဒိန်ချဉ်ခွက်ကိုသာ အရသာခံသောက်နေ ၏။

" ညီမက ရယ်စရာ သိပ်ပြောတတ်တာပဲနော်၊ ဟဲ ဟဲ ဟဲ "

" ဟဲ ဟဲ ဟဲ က ရယ်တာလား "

ခက်တော့နေပြီ။ ဒါပေမယ့် ကိုဗိုက်ကလည်း ခေသူမဟုတ် ပါ။

" ညီမ ဘယ်မှာနေလဲဟင် "

" ကမ္ဘာကြီးပေါ်မှာ "

ကျွတ်ပြီ။ စကားကောင်း ဘာတစ်ခုမှ ပြောရမည်မထင်။ ဘာပြောရလျှင်ကောင်းမလဲဟု ကိုဗိုက်အပြေးအလွှား စဉ်းစားနေ တုန်းမှာပင် ကောင်မလေးက ဒိန်ချဉ်ကို အပြီးသတ်ခွက်စောင်း မှောက်သောက်ချလိုက်ပုံက စိတ်ပျက်စရာ။

" ဒိန်ချဉ်က သောက်လို့အရမ်းကောင်းတာပဲ၊ နောက်တစ် ခွက်ထပ်သောက်ချင်သေးတယ်၊ ဗိုက်ကပြည့်နေလို့သာ "

" အဟဲ ဗိုက်ချောင်သွားအောင်အထိ စကားပြောရင်း စောင့်ပြီး သောက်ပေါ့ ကိုယ်ကတော့ အချိန်ရပါတယ် "

" ကျွန်မက အချိန်သိပ်မရတော့ဘူး၊ ကလေးအတွက် နို့ မှုန့်ဗူးဝယ်ပြီး ပြန်ရမယ်၊ ကလေးက ယောက္ခမတွေနဲ့ ထားခဲ့ရတာ၊ သွားမယ်နော် ရော့ရှင့်ပစ္စည်းတွေ၊ ဗူးကျချင်ရင်လည်း အပျိုအအို ခွဲတတ်အောင် လေ့လာထားဦး ကိုဒိန်ချဉ်ရေ "

ကောင်မလေးက မိန်းမအသုံးဆောင် ပစ္စည်းတွေအားလုံး ကိုဗိုက်ရင်ခွင်ထဲထည့်ပေးပြီး ဆိုင်ထဲမှ ဖွေ့ကနဲ ထွက်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ကိုဗိုက်မှာ ဒေါ်သတွေလည်မျိုတစ်ပြီး စနောင့်စနင်းကြီး ကျန်နေခဲ့ရပါသည်။ တော်တော်နောက်တဲ့ဗန္ဓုလ။

*

ပုဏ္ဏကဘိုပြူး၏ အတိုက်အခိုက်ကို ခံလိုက်ရပြီးသည့်နောက်ပိုင်းသုံးလေးရက်ကြာမြင့်တဲ့အထိ ဒေါ်အာကျယ်၏ ဆဲသံဆူသံကို မကြားရသလောက် ဖြစ်သွားသည်။ တစ်မနက်ခင်းမှာတော့ ဖိုးလုံးပင် ဘုရားရှိခိုးမည်ကြံစည်ကာ ရှိသေး ဒေါ်အာကျယ်၏ နံနက်ချိန်ခါတေးသံသာများက အစီအရီထွက်ပေါ်လာပါတော့သည်။

" ဟဲ့ သေနာကောင် ချက်ကြီးထစမ်း တစ်ညလုံးလဲ ဟိုဘက်အဆောင်က ဗရုတ်သုက္ခအကောင်တွေနဲ့ပေါင်းပြီး အရက်သောက်တယ်၊ ပြန်လာတော့ အိမ်ရှေ့က မဝင်ဘဲ ခွေးတိုးပေါက်ကို ကျယ်အောင်ချဲ့ဝင်လာသေးတယ်၊ အံဖတ်ဆို့သေမယ့်ကောင် ထဆိုထစမ်း "

ဟုတ်တော့လည်း ဟုတ်သည်။ ရဲနိုင်ပေးသော အကြံအရ မနေ့ညက အရက်ဆိုင်မှာ ချက်ကြီးကို သူတို့အုပ်စု အရက်ဝိုင်းတိုက်ပြီး အဆောင်ကို ခေါ်လာသည်။ အဆောင်နှင့် ဒေါ်အာကျယ်တို့ အိမ်ကာရံထားသော စည်းရိုးရှိ ခွေးတိုးပေါက်ကျဉ်းလေးကို



ချက်ကြီးချဲ့ဝင်သွားအောင်လည်း ဝိုင်းမြှောက်ပေးလိုက်ကြခြင်းဖြစ်သည်။ ဟိုဘက် သည်ဘက် လမ်းပေါက်သွားခြင်းမှာ သူတို့အကြံအစည် ပထမအဆင့်အောင် မြင်ခြင်းဖြစ်ပါသည်။

" အားပါးပါး အိပ်ရာက နိုးလာရကတည်းက နားစည်းစိမ်မရှိလိုက်တာ ပါလားနော် "

ရဲနိုင်က အပျင်းကျောဆန့်ရင်း ညည်းညည်းညူညူပြောသည်။ ဒီပဇော်က ထောက်ခံသည်။

" ဟုတ်ပ့ါကွာ ဒီအပျိုကြီးကို ဦးဘတုတ်နဲ့ မြန်မြန်ပေးစားပြီး- ဒီရပ်ကွက်ထဲမနေရဲအောင် လုပ်ပစ်နိုင်မှ ဖြစ်တော့မယ် "

" မင်းတို့ကလည်းကွာ အိပ်ရာက နိုးကာရှိသေးတယ် သူများဒုက္ခရောက်အောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကိုပဲ စဉ်းစားနေတယ် "

ဖိုးလုံးက အိပ်ရာသိမ်းရင်း ရဲနိုင်နှင့်ဒီပဇော်ကို ဝေဖန်လိုက်သည်။ ကိုဗိုက်တ လောလောလတ်လတ်ခံထားရသူမို့ ရဲနိုင်ကို လှမ်းထော့လိုက်ငေါ့လိုက်သေး၏။

" ရဲနိုင်ရာ မင်းကဖျူဟာတွေ ကျွမ်းကျင်တဲ့ကောင်ပဲ ဦးဘတုတ်နဲ့ ဒေါ်အာကျယ်ညားအောင် မင်းပဲ ဗျူဟာခင်းပေးလိုက်ပေါ့ "

" ဘာလဲ ဒိန်ချဉ်ဗျူဟာလား "

ဒီပဇော်က ဝင်ထောက်လိုက်သဖြင့် ကိုဗိုက်ခမျာ ကိုယ့်စကားနှင့်ကိုယ်ခံလိုက်ရသည်။

" ခွီးတဲ့မှပဲ "

" ငါလည်း စဉ်းတော့စဉ်းစားနေတယ်ကွ၊ ညားလည်း

www.burmeseclassic.com

www.burmeseclassic.com



ညားရမယ် ဒီရပ်ကွက်ထဲမှာလဲ မနေရဲအောင် ဖြစ်ရမယ်ဆိုတော့ သိပ်မလွယ်ဘူး "

" ငါတော့ မင်းတို့ကိစ္စထဲမှာ ဝင်မပါဘူး လက်ဖက်ရည်ဆိုင်ကို လစ်တော့မယ် "

ဖိုးလုံးက ပြောပြောဆိုဆိုဖြင့် အဆောင်ထဲမှ ထွက်သွားသည်။ ကိုဗိုက်ကလည်း ဖိုးလုံးနောက်မှ လိုက်သွားရင်း ဇယားခွဲလိုက်သေးသည်။

" ငါလည်း လက်ဖက်ရည်ဆိုင်လိုက်မယ်၊ ဒါပေမယ့် ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ပဲနော် "

" ခင်ဗျားဆီက ဘယ်တုန်းက ကပ်သော့က်ဖူးလို့လဲ "

သူတို့နှစ်ယောက်ကို ဒီပဇော်လှမ်းနောက်ဖြစ်အောင် နောက်လိုက်သည်။

" အပျင်းပြေ လမ်းမှာရန်ဖြစ်သွားကြပေါ့ဗျာ "

ရဲနိုင်က လှဲလျောင်းနေရာမှ ထထိုင်လိုက်ရင်း လက်ဖျောက်တစ်ချက် တီးလိုက်၏။

" ဟား ငါအကြံရပြီ "

" ဘာလဲ ဦးဘတုတ်နဲ့ ဒေါ်အာကျယ် ကိစ္စလား "

" မဟုတ်ပါဘူးကွာ ကိုဗိုက်ကို ပညာပေးလို့ရမယ့် စိတ်ကူးလေးတစ်ခု ရလို့ပါ "

" ဆိုစမ်းပါဦး "

ရဲနိုင်က ဒီပဇော်အမေးကို ချက်ချင်းမဖြေ၊ သရုပ်ဖော်ပုံရေးခရထားသော ပိုက်ဆံထဲမှ ကျန်သောငွေအချို့ကိုထုတ်ပြီး သေချာရွေးနေသည်။ ဒီပဇော်က သိချင်စိတ်ပိုဖြစ်လာရသည်။



" ဟော့ကောင် ဘာလုပ်နေတာလဲ မေးနေတာကို ဖြေဦးလေကွာ "

" ပိုက်ဆံနံပါတ်ကောင်းတာတွေကို ရွေးနေတာပါ၊ ခဏလေး "

ရဲနိုင်က တစ်ရာတန်နှစ်ရွက် နှစ်ရာတန်တစ်ရွက်ကို ဒီပဇော်ဆီ ထိုးပေးလိုက်သည်။ ဒီပဇော်က ဘုမသိဘမသိဖြင့် လှမ်းယူလိုက်သည်။

" ဒီ ပိုက်ဆံတွေက ဘာလုပ်ရမှာလဲ "

" လက်ဘက်ရည်ဆိုင်ကို ငါတို့လိုက်ထိုင်ပြီး ကိုဗိုက်နဲ့ ပိုက်ဆံဂဏန်း ပွတ်ကြည့်ပြီးလောင်းမယ်၊ မင်းလက်ထဲက ပိုက်ဆံဂဏန်းတွေကို ကြည့်လိုက် ဥတွေ၈တွေလေ၊ ဆိုင်မှာထိုင်ရင်း စကားလမ်းကြောင်းလို့ ကိုဗိုက်က ကစားမယ်ဆိုရင် မင်းဆီက ငါ့ပိုက်ဆံလှမ်းတောင်းမယ် "

" ပေါက်ပြီ၊ ဒလျှို ဒလုန်အလုပ်ဆိုပါတော့ "

" ဒါဆို အိုကေ အဝတ်အစားလဲ ပြီးရင်သွားကြမယ် "

ရဲနိုင်နှင့်ဒီပဇော်တို့ မျက်နှာသစ်အဝတ်အစားလဲပြီး လက်ဘက်ရည်ဆိုင်သို့ ထွက်လာခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်မှာ ကိုဗိုက်နှင့် ဖိုးလုံးတို့က ဟိုအကြောင်း သည်အကြောင်း ရောက်တတ်ရာရာ လျှောက်ပြောနေကြ၏။

" ကမ္ဘာ့စီးပွားရေးမှာတောင် အမြင်တွေက ပြောင်းကုန်ပြီကွ၊ ဟိုတုန်းကလို လုပ်ငန်းကြီးကြီးမားမားတွေကို မနိုင်မနင်း မလုပ်ကြတော့ဘူး အသေးစားလုပ်ငန်းလေးတွေကို စထူထောင်နေကြပြီ "

www.burmeseclassic.com



" ဒါဆို ခင်ဗျားလည်း ကမ္ဘာ့စီးပွားရေးအမြင်နဲ့ အဆောင်ထဲမှာတင် လှည့်ပြီးငွေတိုး ပေးစားနေတာပေါ့နော် "

ဒီပဇော်က ခုံတစ်လုံးမှာ ဝင်ထိုင်ရင်းကိုဗိုက်ကို နောက်လိုက်သည်။

" ဟဲ ဟဲ ဟဲ ဒါကတော့ကွာ မင်းတို့တွေရဲ့ အခက်အခဲကို ကူညီဖြေရှင်းပေးတဲ့ သဘောပါ "

" တော်စမ်းပါဗျာ ခင်ဗျားက အတိုးရတာတောင် တခါတလေ အလွယ်တကူ မချေးချင်တဲ့လူ "

ရဲနိုင်က ကိုဗိုက်ကို မခံချင်အောင် ပြောလိုက်သည်။ ဒါမှသူလိုချင်သည့် လမ်းကြောင်းကို ဆွဲခေါ်၍ရပေမည်။ ကိုဗိုက်က စိတ်မဆိုး၊ ဘာမှမဖြစ်တဟဲ ဟဲရယ်ပြီး ဂျပန်နိုင်ငံ၏လက်ရှိ စီးပွားရေးအခြေအနေကို ဆက်ပြောနေသည်။

ဒီပဇော် မျက်လုံးက လမ်းမဆီရောက်သွားသည်။ မိမိလှိုင်ချေးခြင်းသေးသေးလေးကိုကိုင်ပြီး ဆင်မယဉ်သာလျှောက်လာသည်။ ဒီပဇော်က နှားသိုးကြိုးပြတ် ထလိုက်သွားသည်။ ရဲနိုင်က လှမ်းမေးသည်။

" ဟေ့ကောင် ဘယ်လဲဟ "

" ခဏလေးပါ "

" ဒီပဇော် မင်းကြာလို့မဖြစ်ဘူးနော် "

" စကားပြန်ပင်မရ၊ ဒီပဇော်က မိမိလှိုင်အနီးသို့ပင်ရောက်သွားလေပြီ။

" မိ-----ဈေးသွားမလို့လားဟင် "

" ဩော်-ကိုဇော်က မိကိုမြင်သားပဲ၊ ကိုဇော် မမြင်ဘူးထင်



လို့ မိက မမြင်ချင်ယောင်ဆောင်ပြီး ဆက်လျှောက်လာတာ "

" ဟာကွာ မို့စကားကြီးကလဲ "

ဒီပဇော်တော်တော် စိတ်ပျက်သွားသည်။ မိမိလှိုင်က အသံလွင်လွင်လေးဖြင့် ရယ်လိုက်ပြီး စကားကိုဆက်သည်။

" ကိုဇော် ဒီနေ့ ဘယ်သူတိုက်တဲ့ လက်ဘက်ရည် ကပ်သောက်နေတာလဲဟင် "

" မိရာ မိကွာ မိရာမိကွာ "

" ဟောတော် မေးတာကို မဖြေဘဲနဲ့ ရေသန့်ဗူးလာကြော်ငြာနေပြန်ပါပြီ "

ဒီပဇော်က စိတ်ထဲမှာ ကလိကလိဖြစ်ပြီး ဘယ်လိုတုံ့ပြန်ပြောရမှန်းမသိ၍ မိမိလှိုင်ရဲ့ နာမည်ကို အဖျားဆွတ်ပြီး ရေရွတ်နေသည်။ မိရာမိ (miami) သောက်ရေသန့် ကြော်ငြာနေသလို ဖြစ်သွားသည်။ ဒီပဇော် တောက်ခေါက်လိုက်၏။

" တောက်၊ မိက ကိုယ့်ဆိုရင် အမြဲတမ်းအထင်သေးတယ်၊ ဟောဒီမှာ အလုံလောက်ပါတယ် မိ ဘာစားချင်လဲပြော ကိုယ်ကျွေးနိုင်ပါသေးတယ်နော် "

" အဟင်း ဟင်း ဟင်း မိက ကိုဇော့်ကိုနောက်တာပါ။ ကိုဇော်ကျွေးမယ်ဆိုရင် မိဗိုက်ဆာနေတာနဲ့ အတော်ပဲလာ- မုန့်ဟင်းခါးသွားစားကြမယ် "

ဒီပဇော်က မခံချင်စိတ်ဖြင့် ရဲနိုင်ပေးထားသော ပိုက်ဆံများကို ထုတ်ပြပြီး စကားလွန်သွားမိသည်။ မိမိလှိုင်က တကယ်စားမည်ဆိုတော့ ဘာမှမတတ်နိုင်တော့ နောက်ပြသနာနောက်ရှင်းပေါ့လေ။ ချစ်သူရှေ့မှာ သိက္ခာအကျခံလို့မှ မဖြစ်တာ။ မိမိလှိုင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အလိုက်သိစွာပင် မုန့်ဟင်းခါးနှစ်ပွဲစမှာလိုက်သည်။ တစ်ပွဲဖြင့်မဝ၍ နောက်တစ်ပွဲပင် ထပ်မှာစားလိုက်သေးသည်။

လက်ဘက်ရည်ဆိုင်ထဲမှာက ရဲနိုင်တစ်ယောက် ဒီပဇော်ကို မျှော်ရင်းစကားလမ်းကြောင်းကို မရောက် ရောက်အောင်တည်နေရရှာသည်။ ဒီပဇော် ကုပ်ချောင်းချောင်းနှင့် ပြန်လာသည်ကို လှမ်းမြင်လိုက်သည်နှင့် ရဲနိုင်က ကိုဗိုက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ပြောချလိုက်သည်။

" ကျွန်တော်တတော့ ကိုဗိုက်လို နိုင်ငံတကာဈေးကွက်တွေဘာတွေ နားမလည်ဘူး လက်တွေ့ကျကျပဲ အမြတ်အစွန်းရချင်တယ် ကိုဗိုက်နဲ့ကျွန်တော် ပိုက်ဆံဂဏန်းကြည့်ပြီး ဖရိုက်မလား "

" စိန်လိုက်လေ ဒါမျိုးဆို ကြည်မောင်မောင်ဦးတို့က ဘာမှမခတ်စတမ်းဘဲ၊ ဘာကြေးလဲပြော "

" ဒီ လက်ဘက်ရည်ဆိုင်းစာရှင်းကြေး တစ်ပွဲတည်းကစားရင်အစာမကြေဖြစ်မယ် သုံးပွဲကစားကြတာပေါ့၊ သုံးပွဲမှာနှစ်ပွဲနိုင်ရင်ပြတ်ပြီ "

" ဒီပဇော်က မျက်နှာလေး မအီမသာနှင့် ဝင်ထိုင်သည်ကို ရဲနိုင်ဂရုမထားမိ။ ရဲနိုင်က အပိုင်တွက်ပြီး တက်ကြွနေသည်။

" ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ကြည့်ရင်အလွဲအချော်ရှိနိုင်တယ် သံသယ ဖြစ်စရာတွေ ဖြစ်လာရင်မကောင်းဘူး၊ ဟော့ကောင် ဒီပဇော် ငါ့ကိုဗိုက်ဆံသုံးရွက်လောက်ပေးစမ်း၊ ကိုဗိုက်က ဖိုးလုံးဆီက သုံးရွက်ယူလိုက် "

ကိုဗိုက်ကို ဖိုးလုံးက တစ်ရာတန်သုံးရွက် ထုတ်ပေးသည်။ ဒီပဇော်က တွန့်ဆုတ် တွန့်ဆုတ်ဖြင့် အိတ်ကပ်ထဲမှ မုန့်ဟင်းခါးဆိုင်



မှ အမ်းလိုက်သော ငါးဆယ်တန်နွမ်းဖတ်ဖတ် နှစ်ရွက်နှင့်နှစ်ဆယ်တန် တစ်ရွက်ကို ထုတ်ပေးသည်။ ရဲနိုင်မျက်စိမျက်နှာတော်တော်ပျက်သွားသည်။

" ဒီပဇော် မင်းမှာအရွက်ကြီးတွေ မပါဘူးလား "

" အင်း.. အီး... အဲ့ဒါပဲ ကျွန်တော့်တယ်ကွာ "

ကိုဗိုက်က ရဲနိုင်နှင့်ဒီပဇော်တို့ အပြန်အလှန်ပြောဆိုနေကြသည်ကို စိတ်မရှည်စွာဖြင့် လော်ဆော်လိုက်သည်။

" ကြာတယ်ကွာ ရဲနိုင် ပွဲစမယ် "

ကိုဗိုက်က ပိုက်ဆံတစ်ရွက်ကို ခါးမခေါက်ပြီး ပိုက်ဆံနံပတ်ဂဏန်းကို တစိမ့်စိမ့်အရသာခံပြီး ပွတ်ကြည့်နေသည်။ ရဲနိုင်လည်း စိတ်ပျက်လက်ပျက်ဖြင့် ငါးဆယ်တန်အနွမ်းက ပိုက်ဆံနံပတ်ဂဏန်းကို ပြီးစလွယ်ကြည့်လိုက်သည်။ ဘူး၊ စားပွဲခုံထက်ကို ပစ်ချလိုက်သည်။

" ဟ... မင်းဟာ မြန်လှချည်လား ငါတောင်နောက်ဂဏန်းနှစ်လုံးပဲ ကြည့်ရသေးတယ် "

" မြန်မြန်ကြည့်ဗျာကြာတယ် "

ရဲနိုင်က ကိုဗိုက်ကိုဘုတောလိုက်သည်။ ကိုဗိုက်က ဂဏန်းခြောက်လုံးပြည့်အောင် ဆက်ပွတ်ကြည့်ပြီး အားရပါးရ ပြုံးလိုက်သည်။ ပိုက်ဆံကိုပင် အနမ်းတပွင့်ချွေလိုက်သေးသည်။

" ၉ကွ၉ ဟေဟေ့ ရှုံးတ် "

" နောက်တပွဲစမယ်ဗျာ

ရဲနိုင်က မြန်မြန်ပြီးလည်းအေးတာပဲ သဘောထားသောပြောလိုက်သည်။ ကိုဗိုက်က နောက်ထပ်ပိုက်ဆံ တစ်ရွက်ကို ထပ်

www.burmeseclassic.com

www.burmeseclassic.com



ပွတ်ကြည့်ပြန်သည်။ ရဲနိုင်ကတော့ ပွတ်ကြည့်မနေတော့ပါ။ ဒီတခ
ခါတော့ မဆိုးလှပါဘူး။

" ကျွန်တော်က ၇ ရှိတယ် "

" ဟာ နည်းနည်းလေးပဲ ကပ်ကွာသွားတယ်ကွာ "

ကိုဗိုက်စကားကြောင့် ဒီပဇော်နှင့်ဖိုးလုံးတို့ပါ ပွဲကိုစိတ်ဝင်
စားဟန်ပြလာသည်။

" ခင်ဗျားက ဘယ်လောက်လဲ ပြလေ "

ရဲနိုင်က ဒီတပွဲတော့နိုင်ပြီဟုသဘောထားကာ မေးလိုက်
သည်။ ကိုဗိုက်ကစိတ်ပျက်သော အမူအယာဖြင့် ပိုက်ဆံကိုစားပွဲ
ထက်ချပြသည်။ ကျန်သုံးယောက်က ပိုက်ဆံပေါ်က နံပတ်ဂဏန်း
ကို ဝိုင်းကြည့်လိုက်ကြရင်း တပြိုင်တည်း အသံထွက်ကျလာသည်။

" ရှစ် "

ရဲနိုင် အလူးအလဲခံလိုက်ရသည်။ ဒီပဇော်ကိုသာ အွဲထိုး
ချင်စိတ်ပေါက်မိတော့သည်။ ထိုနေ့က လက်အက်ရည်တစ်ဝိုင်းစာ
ရဲနိုင်ရှင်းလိုက်ရပါတော့သည်။

*



" ဒေါ်အာကျယ်၏ တူမရောက်ရှိလာခြင်း "

ကိုဗိုက်က ရုံးအားရက်မို့ အဆောင်ရှေ့ရေတွင်းအနီးမှာ
အဝတ်များကို လျှော်ဖွပ်နေသည်။ ခေါင်းကို နေပူတာမခံနိုင်၍
ဘက်တစ်ထည်ကို ခေါင်းမှာပေါင်းထားသည်။ မိန်းကလေး အသံ
တစ်သံက ကိုဗိုက်နားစည်ကို ညင်သာစွာရိုက်ခတ်လာသည်။

" အဒေါ်ကြီး ဒေါ်ကြီး "

ကိုဗိုက်က ကိုယ့်ကိုခေါ်တာ မဟုတ်မှန်းသိသော်လည်း
ခေါင်းကိုမော့ကြည့်လိုက်တော့မှ ကိုယ်ကိုတည့်တည့်ကြီး ရည်ရွယ်
ခေါ်နေမှန်း သိလိုက်ရတော့သည်။

" အဲတော့ ယောက်ျားကြီးကိုး "

ကောင်မလေးမျက်နှာမှာ အားနာမှု အရိပ်အယောင်လေး
များကိုတွေ့လိုက်ရသည်။ ကောင်မလေးကလည်း တကယ်ကို သွေး
သားရိုး မှားယွင်းခေါ်ဆိုမိခြင်း ဖြစ်ပါသည်။ မှားလိုက်သမှ
ကိုယ်ဝန်ဆောင်သည့် မိန်းမကြီးတစ်ယောက် အဝတ်ထိုင်လျှော်နေ
သည်ဟုပင် ထင်မိလိုက်ခြင်းဖြစ်ပါသည်။ ကိစ္စမရှိ၊ ကိုဗိုက်က
ကောင်မလေးရဲ့ အလှကိုငေးမောနေရာမှ ကောင်မလေးဝတ်ထား
သော တီရှပ်အဝါရင့်ရင့်ပေါ်မှ ရင်ဘတ်တည့်တည့်က စာတန်းကို
ဖတ်လိုက်မိသည်။

" ဟမ်း----ကောင်းမှုကောင်း "

www.burmeseclassic.com

www.burmeseclassic.com



ကိုဗိုက် ကိုယ့်အတွေးနှင့်ကိုယ် ပြုံးစိစိကြီးဖြစ်သွားသည်။ ကောင်မလေးဝတ်ထားသော တီရှပ်မှာ မာမီးခေါက်ဆွဲကြော်ပြာ ဖြစ်သည်။ ကောင်မလေးက ကိုဗိုက်ကို တမျိုးထင်သွားဟန်တူပါ သည်။

" ရှင်ဘာကိုစွ ပြုံးဖြီးဖြီး လုပ်နေရတာလဲ "

" အဟဲ ဟိုလေ ရှင်ဘတ်ကစာတန်း "

ကိုဗိုက်က ရှိုးရှိုးကြီးပြောရင်းစကားပင် မဆုံးလိုက်၊ ကောင်မလေးက သူမရင်ဘတ်ကို တချက်ငုံ့ကြည့်ပြီး ဒေါသထွက်သွားဟန် တူသည်။ ကျောက်ကန့်ထဲက ဒန်ဖလားကိုကောက်ယူပြီး ကိုဗိုက် ခေါင်းကို ဒေါင်ကနဲ နေအောင်ထုချလိုက်သည်။

" အောင်မလေးဗျ "

ဈေးမှုကြက်သားရောင်းပြီး ပြန်လာသော ဒေါ်အာကျယ် က ထိုနေရာအနီးသို့ ရောက်လာသည်။

" တဲ့ ဗိုင်းကြည်ညည်း အိမ်ကိုအလည်လာတာ မဟုတ် လား။ ဒီအကောင်က ညည်းကိုဘယ်လို ကြွေမျက်အောင်လုပ်လို့ လဲ-ပြောစမ်း "

" ကျုပ်က အဒေါ့်အိမ်နေရာကို ဇဝေဇဝါဖြစ်နေလို့ ဒီလူ ကိုမေးမယ်ကြံတာရှိသေး ညစ်တီးညစ်ပတ်စိတ်ကူးနဲ့ ပြောလို့လုပ် ထည့်လိုက်တာ "

" ဟ. . . ငါက ဘာပြောလို့လဲ နှင့်ရင်ဘတ်က စာတန်းကို ဖတ်ပြီးပြုံးမိတဲ့ အကြောင်းပြောတဲ့ဟာကို "

" အဲ့ဒါကိုက ညစ်ပတ်စုတ်ပဲ့တဲ့ စကားပဲ၊ တယ်လေ ထပ်လုပ်ထည့်လိုက်ဖြန်ရော ဘိုယ်ဝန်ဆောင်သည် ယောကျ်ားကြီး



နော် "

ဒေါ်အာကျယ်က သူစားမ သူ့ဆွဲခေါ်သွားရင်း ပြောသွား သေးသည်။

" လာပါ ငါ့တူမရယ် ဒီအဆင့်တွေက ညည်းနဲ့တုဖက်ရ မယ့်အတန်းအစားတွေ မဟုတ်ပါဘူးအေ၊ အလကား အိမ်ခြေယာ ခြေမဲ့တွေ "

" တောက် "

ကိုဗိုက်ဒေါသတော်တော် ဖြစ်တျန်ရစ်ခဲ့ရသည်။ ဖိုးလုံးက ဘုမသိဘမသိနှင့် အနားကိုရောက်လာပြီး ကိုဗိုက်ကိုမေးလိုက် သည်။

" ကိုဗိုက် ခင်ဗျားက ဒေါ်အာကျယ်နဲ့ စကားတွေဘာတွေ ပြောလို့ တော်တော်အဆင်ပြေနေပါလား ဒေါ်အာကျယ်နဲ့ပါလာ တာ ဘယ်ကကောင်မလေးတုန်းဗျ "

" မသိဘူးဟေ့ မသိဘူး၊ မင်းသိချင်ရင် လိုက်မေး "

" ကိုဗိုက်ရာ ခင်ဗျားကလည်း စိတ်တိုတတ်လိုက်တာဗျာ ဒါကလေးမေးမိတာကိုများ "

ကိုဗိုက်က ဖိုးလုံးကိုဘာမှဆက်မပြောတော့ဘဲ အဝတ်များ ကိုသာ သစ်သားတုတ်ဖြင့်တဒိုင်းဒိုင်း ဖိရိုက်လျှော်ဖွပ်နေတော့ သည်။

တကယ်တော့ ဒေါ်အာကျယ်ရဲ့တူမဗိုင်းကြည်က ဒေါ် အာကျယ်ဆီကို အလည်လာခြင်းမဟုတ် အတူနေရန် လာရောက် ခိုဝင်ခြင်းဖြစ်သည်။ ယခင်က ဗိုင်းကြည်ရွာမှ ရန်ကုန်ကိုအဖော် ကောင်း၍ တက်လာရင်း ထောက်ကြန့်ဖက်မှာ အဆောင်ငှားနေ

www.burmeseclassic.com

www.burmeseclassic.com



***ဆရာ၊ တကယ်ပေါက်ဆွဲစက်ရုံမှာ အလုပ်ဆင်းသည်။ ဝိုင်းကြည်က***
ဝိုင်းကြည်မဟုတ်တော့၊ ရန်ကုန်သူ 'နှင်းခလမင်း' ဖြစ်နေပါပြီ။

" ရေစက်ဆိုတာ ဆန်းကျယ်တယ် "

ရဲနိုင်က တလေးတနက်ပြောသည်။ ဒီပဇော်က ရဲနိုင်ကို နားမလည်သလိုကြည့်ရင်း ခပ်ပေါက်ပေါက်ပြောလိုက်သည်။

" ဟေ့ကောင် ဘာကြောင်တာလဲ၊ ဒီလောက်တိုးတက်ထွန်းကားနေတဲ့ ကွန်ပျူတာခေတ်ကြီးထဲမှာ ရေစက်ဆိုတာ ဘာမှ မဆန်းတဲ့ကိစ္စ "

" ငါပြောတာ အဲ့ဒါမဟုတ်ဘူးကွ နှင်းခလမင်း နှင်းခလမင်း "

" ဟာကွာ မင်းဟာရှုပ်နေတာပဲ မော်ဒန်ကဗျာလိုလိုဘာလိုလို လုပ်မနေနဲ့ ပြောမယ့်စကားကိုရှင်းအောင်ပြော "

" လာမယ်လေကွာ ငါပြောနေတာက နိဒါန်းပဲရှိသေးတဲ့ဟာကို၊ စကားဆုံးသွားရင် ဇာတ်ရည်လည်သွားမှာပေါ့ "

ရဲနိုင်က စကားကိုမဆက်သေးဘဲ ဆေးပေါ့လိပ်ကို မီးညှိပြီး ဖွာနေသေးသည်။ ဒီပဇော်က စိတ်မရှည်တော့သဖြင့် ထထွက်ရန် ပြင်လိုက်သည်။

" ဟေ့ကောင် ဘယ်သွားမလို့လဲ ဇာတ်လမ်းက အခုမှစမှာလေကွာ "

" တော်ပြီ နားမထောင်တော့ဘူး၊ ငါ ကောင်မလေးနဲ့ ချိန်းထားတယ် "

ဒီပဇော်က ပြောပြောဆိုဆို ဖြင့်ထွက်သွားသည်။ ရဲနိုင် လျှာယားပြီး ကျန်နေခဲ့သည်။ ကိုဗိုက်က အစဲလျှော်ရေမိုးချိုး



ပြီးပြီမို့ အဆောင်ထဲကိုပြန်ဝင်လာသည်။ ရဲနိုင်က အကြောင်းသုံးပါးနားမလည်စွာပင် လျှာအယားဖျောက်ရန် ပြင်လိုက်သည်။

" ကိုဗိုက် ခင်ဗျားအဖြစ်ကလည်း တော်တော်ဆိုးတာပဲနော် "

" ရဲနိုင် မင်းစောစောစီးစီး သောက်လာပြီးမူးရင် ငြိမ်ငြိမ်နေနော်၊ ငါက ငါ့ဖာသာ စိတ်တိုနေတာ "

" ကျွန်တော်သောက်လာပေမယ့် မမူးပါဘူး ကိုဗိုက်ရာ၊ ခင်ဗျားနဲ့ နှင်းခလမင်းတို့ အကြောင်းတို့ ရပ်ကွက်ထဲမှာ တိုးတိုးကျိတ်ကျိတ်ပြောနေကြတာကို ကျွန်တော်အခုပဲ ကြားလာလို့ စိတ်မကောင်းဖြစ်ပြီး ပြောမိတာပါဗျာ "

ရဲနိုင်စကားကြောင့် ကိုဗိုက်ဇဝေဇဝါ ဖြစ်သွားသည်။ ဘာတွေလဲ၊ ရဲနိုင်ကိုကြည့်ရသည်မှာလဲ မူးနေသည့်လက္ခဏာမဟုတ်။

" ဟေ့ကောင် ဘယ်က နှင်းခလမင်းလဲ "

" ဟိုဘက်အိမ်က ဒေါ်အာကျယ်ရဲ့ တူမနှင်းခလမင်းနဲ့ ဖြစ်သနားဖြစ်တဲ့ ကိစ္စလေ "

" ဗော . . . သူနာမည်က နှင်းခလမင်းဟုတ်လား ငါကြားလိုက်တာတော့ ဝိုင်းကြည်လို့ ဒေါ်အာကျယ်ခေါ်လိုက်တယ်မှတ်တာပဲ၊ ပြီးတော့ သတင်းက မြန်လှချည်လား "

" မြန်ဆို ချက်ကြီးက အရက်ဆိုင်မှာ မူးပြီးလျှောက်ဖွနေတာကိုး၊ ကျွန်တော်လည်း စောစောက ခေါင်းတွေအရမ်းကိုက်လို့ သွားပြေရင်းကြားလာတာလေ "

" တောက် . . . ချက်ကြီးဆိုတဲ့ကောင်ကွာ "

ကိုဗိုက်က ချက်ကြီးကို အပြစ်တင်သည့်လေသံဖြင့် ရေ

www.burmeseclassic.com



ရှုတ်လိုက်သည်။ ရဲနိုင်က ရယ်ကျဲကျဲဖြင့် ဆက်ပြောသည်။

"ကျွန်တော်ကတော့ ချက်ကြီးကို အပြစ်မတင်ဘူး။ သူအမူးလွန်လို့ အိမ်မပြန်နိုင်ဘူးဆိုတာနဲ့ တွဲပို့ပေးထားခဲ့ရင်း နှင်းခလေမင်းရဲ့ အလှကိုသေသေချာချာကြီး မြင်ခဲ့ရတယ်၊ ချက်ကြီးမမူးခင်က ပြောတာကတော့ သူတို့တူမက သူတို့နဲ့ အတူလာနေမှာတဲ့ဗျ အဲဒါ သတင်းကောင်းပဲ"

ကိုဗိုက်က ထိုစကားကိုကြားလိုက်ရတော့ သူခေါင်းသူ ယောင်ယမ်းပြီး လက်ဖြင့်စမ်းလိုက်မိသေးသည်။ ရဲနိုင်ကတော့ ရွှင်နေသည်။

"ကျွန်တော်ကတော့ သူတာလေးကို မြင်လိုက်ရကတည်းက ကိုယ်နဲ့ရေစက်ဆုံချင်လို့ တမင်ကိုရောက်လာတာပဲလို့ ထင်မိတယ်ဗျာ၊ ခင်ဗျားအတွက်ကတော့ ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်း ဆိုသလိုပဲနော်"

" ဟေ့ကောင် တော်. . . တော် ဒီလောက်လက်ရဲဖက်ရဲနိုင်တဲ့ ကာမျိုးတွေနဲ့ ငါလိုကောင်ကလည်း မပတ်သက်ချင်ပါဘူး "

ကိုဗိုက်မှာ အနိုင်ယူပြီးသာ ပြောလိုက်ရသည်။ စိတ်မျက်စိထဲမှာတော့ ကျွတ်ဆတ်ဆတ် မာကျော့ကျော့ ဗိုင်းခေါ် နှင်းခလေမင်း မျက်နှာလေးကို တရေးရေးမြင်ယောင် နေမိတာအမှန်ပင်။

"နေပါဦး အဲဒီကောင်မလေးက ဘာကိစ္စဒီမှာလာနေမှာတဲ့လဲ"

" အရင်က ထောက်ကြံ့ဘက်မှာ အဆောင်ငှားနေပြီး စက်ရုံမှာ အလုပ်လုပ်တာတဲ့ဗျ အခုတော့ စက်ရုံကအလုပ်ထွက်



လိုက်ပြီး ဒီမှာလာနေမှာ၊ ဟောဗျာ ခင်ဗျားပြောတော့ မပတ်သက်ချင်ဘူးဆို အခုကျဘာလို့ ဆက်မေးနေရတာလဲ "

" ဘာရယ် မဟုတ်ပါဘူးကွာ မင်းပြောချင်နေမလားလို့ မေးကြည့်တာပါ "

ကိုဗိုက်ဇာ စကားကိုလျှော့ချပြီး အပြင်ကိုထွက်သွားသည်။ ရဲနိုင်လည်း တဖြည်းဖြည်း အရက်ရှိန်က တက်လာပြီး တချိုးတည်း အိပ်ပျော်သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



နှင်းခလမင်း စတင်ရောက်ရှိလာသည့် နေ့မှစ၍ ရည်းစားလက်မှဲ့ဖြစ်ကြသော ရဲနိုင်၊ ကိုဗိုက်နှင့်ဖိုးလုံးတို့ ဒေါ်အာကျယ် အပေါ်မှာ ဆက်ဆံရေးပြောင်းသွားကြလေသည်။ မလိုအပ်ဘဲနှင့် ဒေါ်အာကျယ်ကို တမင်မျက်နှာချင်းဆိုင်ကာ နှုတ်ဆက်တာမျိုး၊ ပြုံးပြတာမျိုးတွေ နေ့စဉ်လုပ်လာကြလေသည်။ အစပိုင်းတော့ ဒေါ်အာကျယ်က ခပ်ထန်ထန်ပင်တုံ့ပြန်သည်။

" အန်တီခင် နေကောင်းတယ်နော် အဟဲ "

ရဲနိုင်မျက်နှာချိုသွေးလိုက်သည်။ မအောင်မြင်ရှာ။

" နေကောင်းလို့ ဈေးသွားရောင်းထွက်လာတာပေါ့၊ မျက်နှာကိုက စမ်းဖြဲဖြဲနဲ့ "

ကိုဗိုက်ဝင်ရောပုံကျ တမျိုး၊ ကိုဗိုက်နည်းက ဆိုးတော့ မဆိုးပါဘူး၊ သို့သော် သူလည်းပဲမအောင်မြင်ရှာပါ။

" အမကြီးကို အိမ်နီးနားချင်းတွေမို့ ကျွန်တော်အကြံတစ်ခုပေးချင်တယ်၊ ဒီအနီးအနားမှာ အဆောင်တွေ အများကြီးရှိတယ်လေ၊ အထူးသဖြင့် ကျွန်တော်တို့ တဆောင်ထဲကိုပဲ ထမင်းလပေးကျွေးမယ်ဆိုရင် တော်တော်အဆင်ပြေမယ်ဗျနော် "

" ဘာပြောတယ် ငါက ဘာကိစ္စ ထမင်းရောင်းစားရမှာတုန်း၊ သူတပါး ကရိကထကို တာဝန်မယူချင်လို့မှ ကိုယ့်စီးပွားကိုယ်ရှာပြီး အပျိုကြီးလုပ်ပြီနေတာ၊ ရာရာစစတော် "

ဒေါ်အာကျယ်၏ ဖတ်ကြမ်းမတိုက်ရုံတမယ် ပြန်အော်



ခြင်းကိုသာ ကိုဗိုက်ခံခဲ့ရလေသည်။ ဖိုးလုံးကလည်း တစ်ဘာသာ။ လက်ထဲမှာ တရားစာအုပ်လေးတစ်အုပ်ကိုင်ပြီး အရင်းပြု၏။

" ဒေါ်လေးခင် ဒီတရားစာအုပ်လေး အားတဲ့အခါ ဖတ်ကြည့်ပါလား တော်တော်မှတ်သားစရာ တွေပါတယ်ဗျ "

" အောင်မယ် အောင်မယ် နင်က ငါ့ကိုကြက်သားသည် တရားမသိတဲ့ မိန်းမဆိုပြီး လာအရွဲ့တိုက်တာပေါ့လေ၊ နင်လို ကောင်လောက်တော့ ငါ့မှာတရားရှိပြီးသားဟေ့ "

ဖိုးလုံးဇက်ပုခဲ့ရသည်။ အရေးထဲမှ ဦးဘတုတ်က မဆီမဆိုင်ကြောင်သေးသည်။

" ဟေ့ကောင်တွေ၊ မင်းတို့လေးယောက် အခုတလော၊ ခင်ခင်လေးကိုဘာကိစ္စ ရစ်သီရစ်သီသွားလုပ်နေကြတာလဲ ငါတော့မင်းတို့ကို သိပ်မသင်္ကာဘူး၊ ခင်ခင်လေးအပေါ် ငါတိမ်းညွတ်နေတာကို မင်းတို့သိပါတယ်နော် "

" ဟာဗျာ မဦးမချွတ် ခင်ဗျားစဉ်းစဉ်းစားစားပြောစမ်းပါ၊ ဒေါ်အာကျယ်လို အိုမင်းရွတ်တွကြီးကို ကျုပ်တို့က ဘာလုပ်ရမှာလဲ- ခင်ဗျားသာ လူအိုရုံမှာ မင်္ဂလာဆောင်ဖို့ကြိုးစားထား "

ရဲနိုင်က ဖိဟောက်တော့မှ ကိုဘတုတ်ပြုံးဖြဲလေးဖြစ်သွားရသည်။ ရဲနိုင် အကြံတစ်ခုရ၍ ဖိုးလုံးကို လက်ဘက်ရည်ဆိုင် ခေါ်ထုတ်ပြီး စကားသွင်းလိုက်သည်။

" ဖိုးလုံး နှင်းခလမင်းလေးက လှတယ်နော "

" အရှေ့ပြားတစ်ထောက် ကိစ္စတွေပါတွာ "

" ဘာလဲ နှင်းခလမင်းအလှကို မင်းက စိတ်မဝင်စားဘူးလို့ ဆိုလိုတာလား၊ ဒါဆိုလည်း ပြီးရော ငါအကြံတစ်ခုရလို့ ပေး

www.burmeseclassic.com

www.burmeseclassic.com



မယ့်ဟာ ကိုပိုက်ကိုဘဲ ပေးလိုက်တော့မယ် ”

ရဲနိုင်က အံတီးသည်ပေါက်ဖြင့် ကျပ်လိုက်တော့မှ ဖိုးလုံးလျော့ သွားသည်။

“ ငါ့ အလယ်တန်းနေ့တက်တာပါကွ လုပ်စမ်းပါဦး အကြံ ကောင်းဉာဏ်ကောင်းလေး ”

“ အင်း သိပ်တော့ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး ခုတ လော ဘိုပြူးကို နှင်းခလမင်းနဲ့ အတူတွေ့တွေ့နေရတယ်ကွ ”

“ ဘာလဲ မင်းက နှင်းခလမင်းနဲ့ ဘိုပြူး ရည်းစားဖြစ်နေ တယ်လို့ ထင်လို့လား ”

“ မှား အဲလိုတော့မဟုတ်ဖိုးလုံးရာ ”

ဖိုးလုံးတို့ ရဲနိုင်စိတ်ဖျက်လက်ဖျက် ဖြစ်သွားသည်။ တော် တော် ကြောင်စီစီနိုင်သည့်ခနဲ။

“ မင်းပြောသလို ထင်စရာလားကွ ဘိုပြူးက အခုမှ ကလေးပဲ ရှိသေးတဲ့အပြင် ခါးလိုလိုတဲ့ကွ ဖိုးဝတ်ဝန်းကျင်မှာ နှင်းခ လမင်းက အပေါင်းအသင်းမရှိတော့ ဘိုပြူးကိုပဲ အဖော်လုပ်နေရှာ တာ၊ ဒီချာတိတ်ကလည်း တွေ့ရဆော်ကတ်ရလို့ကတော့ လူမမွေးဘူး ”

“ အင်း မင်းပြောတာကို ငါနည်းနည်းသဘောပေါက်သလို တွေ့ရှိလာပြီ ”

“ အဲ့ဒီတော့ ဘိုပြူးကို နည်းနည်းပါးပါး ဆက်သပြီး စာပေး ခိုင်းလိုက်မယ် ဆိုရင် ”

“ ဟား သိပ်ကောင်း ”

ဖိုးလုံးက စားပွဲခုံကို လက်ဖြင့်တအားပုတ်လိုက်သဖြင့် နိုင်လန့်သွားသည်။ ဖိုးလုံးက အောင်ထက်သံဖြင့် ပြောသည်။



“ လာကွာ အဆောင်ကို ပြန်ကြမယ်၊ မင်းအကြံအစည်ကို သူများမသိခင် မြန်မြန်အကောင်အထည် ဖော်ကြရအောင် ”

ဖိုးလုံးက မညှိမခြင်း လက်ဖက်ရည်ဖိုးရှင်းလိုက်သည်။ အ ဆောင်ကို ပြန်ရောက်တော့ ကံကောင်းထောက်မစွာ ဘယ်သူမှ မရှိကြ။ ဖိုးလုံးနှင့်ရဲနိုင်တို့ နှစ်ယောက်တည်း ကျိတ်တိုင်ပင်ပြီး စာ တစ်စောင် အမြန်ဆုံးရေးကြလေသည်။

“ ငါ့မှာ အိုင်ဒီယာ သိပ်မရှိဘူး၊ စာကိုမင်းပဲ အဆင်ပြေ သလို ရေးလိုက်ကွာ ”

“ စာက အဓိကတော့ မဟုတ်ဘူး လူချင်းတွေ့ပြီး စကား ပြောနိုင်ဖို့ ချိန်းရမှာ ”

ရဲနိုင်က သူ့အိုင်ဒီယာ တဝက်တပျက်ကို ရှင်းပြပြီး စာ ရွက်လွတ်တရွက်ပေါ်မှာ စာတောက်ရေးသည်။

*နှင်းခ*

*ကိုယ်မင်းနဲ့ စကားနည်းနည်းပြောချင်တယ်*

*မင်းကို ကိုယ်စိတ်ဝင်စားနေမိပြီ၊ လက်ခံမယ်ဆိုရင် ဒီစာ ဖတ်ပြီးတာနဲ့ လမ်းထိပ်ကို ထွက်လာခဲ့ပါ။ ကိုယ်စောင့်နေမယ်။*

*မြင့်မြတ်အောင်*

(ခ)

ဖိုးလုံး

“ ဟ. . . မင်းစာက တိုလှမြတ်လှ ချည်လား ”

ဖိုးလုံးက စာကိုဖတ်ကြည့်ပြီး ရဲနိုင်ကို အားမလိုအားမရ [illegible]လိုက်သည်။

“ မင်းဟာသာ ရှည်ချင်ရှင် လမ်းထိပ်မှာ သူထွက်လာတော့

www.burmeseclassic.com

www.burmeseclassic.com



မှရှည် အဲ စကားရှည်ရှည်ပြော၊ နေဦး ဘိုပြူးကို ငါလှမ်းခေါ်လိုက်ဦးမယ် "

ရဲနိုင်က အဆောင်အပြင်ထွက်ပြီး ထဖက်အိမ်ထဲမှာ ရှိနေသော ဘိုပြူးကို လှမ်းအော်ခေါ်လိုက်သည်။ မကြာခင်ဘိုပြူး မှုန်ကုပ်ကုပ်ဖြင့် ရောက်လာသည်။

" ဘာကိစ္စ တကြော်ကြော် အော်ခေါ်နေရတာလဲ၊ ကစားရတာ ဖီလင်အောက်တယ် "

" အကြောင်းရှိလို့ ခေါ်တာပေါ့ ကိုဘိုပြူးရယ်၊ ကိုဘိုပြူး အတွက် ရပေါက်ရလမ်းလေးခွင်ဖွင့် ပေးချင်လွန်းလို့ပါ "

" ဆိုစမ်းပါဦး "

ဘိုပြူးက ဆရာကြီးလေသံဖြင့် ခစ်မိန့်မိန့်မေးလိုက်သည်။ ရဲနိုင်က ဖိုးလုံးဘက်ကို လှည့်ပြီး သတိပေးလိုက်သည်။

" ဟေ့ကောင် ဖိုးလုံး ဘိုပြူးအတွက် ဆောင်ရွက်ခလေး ထုတ်ပေးလိုက်ဦးလေကွာ "

" ဟိုး . . . နေဦး၊ ဘာအလုပ်မှန်း မသိဘဲနဲ့ ကျုပ်က ငွေလက်မခံနိုင်ဘူး "

ဘိုပြူးကအလာကြီး၊ ကလေးပိပိပိုက်ဆံရပြီးရော သဘောမထား၊ ရဲနိုင်နှင့်ဖိုးလုံးတို့ ဘိုပြူးကိုပတ်လို့ မရမှန်းသိသည်။ အမှန်အတိုင်းဝန်ခံလိုက်ရ၏။

" ဒီလိုပါ ဘိုပြူးရယ်၊ အခုကိစ္စက ဘိုပြူးပဲ ကူညီလို့ရမယ့် ကိစ္စ ဖြစ်နေလို့ပါ။ အဲဒါကြောင့်လည်း ဘိုပြူးကို အကူညီတောင်းရတဲ့ သဘောပါ "

" ရိုးရိုးလုပ်ပါ၊ သီချင်းဖောနဲ့ မလိုဘူး "



ရဲနိုင်လျှာတွန့် လိပ်သွားသည်။ ဖိုးလုံးကကြားဝင်လိုက်ရသည်။

" ရှင်းရှင်းပြောရရင်ကွာ ဒီစာကို ဟိုဘက်အိမ်က ဒေါ်အာကျယ်ရဲ့တူမကို သွားပေးပေးဖို့ပါ။ ရော့ မင်းအတွက် ဆောင်ရွက်ခ ငွေတစ်ရာ "

" ဖိုးလုံးက ဘိုပြူးကိုငွေတစ်ရာလှမ်းပေးသည်။ ဘိုပြူးက မယူ၊ ခေါင်းကို ဟန်ပါပါ ခါရမ်းလိုက်သေးသည်။

" နိုး နိုး ဒီလိုကိစ္စမျိုးဆိုတာ အခြေအနေမဟန်ရင် မိတ်ပျက်တတ်တယ်၊ လွယ်လွယ်လေးလုပ်ပေးလို့ ဖြစ်တာ မဟုတ်ဘူး"

ဘိုပြူးက ခပ်အင်အင်ပြောလိုက်တော့ ဖိုးလုံးက ရဲနိုင်ကို လှည့်ကြည့်ပြီး စစ်ကူတောင်းသည်။ ရဲနိုင်က အဓိုင်ကြီးချည်ပြောလိုက်သည်။

" ဒီလိုလုပ်ကွာ မင်းလည်းသုံးလို့ စွဲလို့လောက်ငအောင် ဖိုးလုံး-ဘိုပြူးကို နှစ်ရာပေးလိုက် "

" ဟာ. . . ငါက သူ့ကိုနှစ်ရာပေးလိုက်ရင် ဘတ်(စ်)ကားခတောင် ကျန်မှာမဟုတ်တော့ဘူး ငါ့မှာလက်ကျန်ငွေ နှစ်ရာဘဲရှိတော့တာကွ၊ တစ်ရာ့ငါးဆယ် ထားပါဘိုပြူးရာနော် နော် "

ဘိုပြူးက အင်းမလုပ် အဲမလုပ်မို့ ရဲနိုင်က ဖိုးလုံးကိုသာ တိုက်တိုက်တွန်းတွန်း ပြောလိုက်သည်။

" လျှော့မနေစမ်းပါနဲ့ ဖိုးလုံးရာ ခရီးဖင့်နေပါဦးမယ်၊ စကားသွားပြောပြီး ပြန်လာတော့ကိုပိုက်ဆံက အတိုးနဲ့ ထုံးစံအတိုင်းခွဲသုံးလဲ ရတာပဲဟာ "

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ရှိနိုင်စကားအတိုင်း ဘိုပြူးကိုနှစ်ရာပေးပြီး စာပေးခိုင်းလိုက်ရသည်။ အဆင်ပြေမည် မပြေမည်မသေချာလှသော်လည်း ဖိုးလုံးမှာ ဆေးဖော်လီစ်ထင် ဝယ်မသောက်နိုင်သော အခြေအနေသို့ ရောက်ရှိသွားပါသည်။ ဖိုးလုံးချော ရှိနိုင်တိုက်တွန်းချက်အရ လမ်းထိပ်မှာတစ်ယောက်တည်း ယောင်ချာချာ သွားစောင့်နေရသည်။ လမ်းထဲကို လှမ်းမျှော်ကြည့်ရင်း ဘိုပြူးစာပေးမှ ပေးပါ့မလားဟု စိတ်ပူလိုက်ရတာအမော။

ဖိုးလုံးကသာ မောနေသည်။ ဘိုပြူးက အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါးပါပဲ။ စာလေးကို အင်္ကျီအိတ်ကပ်ထဲထည့်ပြီး နှင်းခလမင်းထံတည့်တည့် ပြန်သွားပါသည်။ နှင်းခလမင်းက ဘိုပြူးကိုလှမ်းမေးသည်။

" ဟိုလူတွေ သားကိုခေါ်ပြီး ဘာပြောတာလဲ "

" မသိနားမလည်တဲ့ ကိစ္စပေါ့ မမရယ်၊ ခက်တယ် သူတို့ကိုယ်သူတို့ မသိနားမလည်တာက ပိုခက်တာလေ၊ ကိုယ့်မှာဖြင့် ငွေ ၅၀-၁၀၀တောင် အိတ်ကပ်ထဲမှာ ထည့်မထားနိုင်တဲ့လူက မမကိုရည်းစားစာ ပေးခိုင်းနေသေးတယ် "

" သားက ယူမလာခဲ့ဘူးလား "

" လူမှုရေးအရတော့ ယူလာခဲ့တာပေါ့၊ ဒါပေမယ့် မမလက်ခံချင်မှ လက်ခံပေါ့လေ "

ဘိုပြူးအိုက်တင်က အကယ်ဒမီရှော့ခ်။ နှင်းခလမင်းကလည်း အပျင်းပြေသဘောဖြင့် စာကိုတောင်းယူပြီး ဖတ်ကြည့်လိုက်သည်။ ပြီးတော့ သူမမျက်နှာဝင်းပသွားသည်။

" ဟာ ဒါအကွက်ပဲ သားခဏစောင့် မမအဝတ်သွားလဲ



လိုက်ဦးမယ် "

ဘိုပြူးနှင့် နှင်းခလမင်းတို့ လမ်းထဲက လှမ်းထွက်လာသည်ကို မြင်ရတော့ ဖိုးလုံးမှာဘိုပြူးကို ပြေးဖက်ပြီး မွှေးမွှေးပေးလိုက်ချင်စိတ်ပင်ပေါက်မိသည်။ (ဖြစ်နိုင်လျှင်တော့ နှစ်ယောက်စလုံးကိုပေါ့လေ) နှင်းခလမင်း၊ ရှိုးရိုးယဉ်ယဉ်လေးနဲ့ လင်းလက်လွန်းတဲ့ ကောင်မလေးပါ။ ရွှေညိုရောင်တီရှပ်လက်တိုလေးက ဖြူဝင်းအိစက်နေသည့် သူမအသားအရေဖြင့် လိုက်ဖက်လှသည်။ ပြင်ဆင်ခြယ်သမထားပါဘဲ ရှင်းသန့်နေသော မျက်နှာလေးက အပြစ်ကင်းစင်လှသည်။ တောကတက်လာသည့်သူဟု ပြောလျှင်မည်သူ ယုံနိုင်ပါမည်နည်း။

" စောင့်နေရတာ ကြာသွားသလား "

နှင်းခလမင်း၏ အလှချည်ခင်များ ရစ်ပတ်နှောင်တဲခံရပြီး မင်တက်မိနေသော ဖိုးလုံးကို နှင်းခလမင်းက ရက်ရက်ရောရောပြုံးပြရင်း မေးလိုက်သည်။ ဖိုးလုံးမှာ ရုတ်တရက်ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။

" အင်းပေါ့လေ စောင့်မျှော်နေရသူတွေအတွက်တော့ တစ်စက္ကန့်လောက်ကိုပဲ ဘဒ္ဒကမ္ဘာလောက်ကြာတယ် ထင်တတ်ကြတာ သဘာဝပေါ့နော် "

တောသူလေးရဲ့ နှုတ်ဖျားကထွက်ကျလာသော ဒိုင်ယာလော့ခ်များက နုအိဆွတ်ပျံ့နေ၏။ ဖိုးလုံးမှာ အာစေးထည့်ခံလိုက်ရသူလို၊ အပြုစားခံလိုက်ရသူလို မျှောသွားတာတော့ သေချာသည်။

" စကားပြောမယ်ဆို၊ ဟိုဆိုင်ထဲမှာ ထိုင်ပြောကြရအောင်နော် "

www.burmeseclassic.com

www.burmeseclassic.com



ဖိုးလုံးရေရေလည်လည် ပျော်သွားတာပေါ့။ ရခဲ့တဲ့ မဟာအခွင့်အရေးကြီးတရပ်မို့ အအေးဆိုင်လေးထဲကို ရှေ့ကနေမားမားကြီး ဝင်သွားလိုက်သည်။ စားပွဲဝိုင်းတစ်ခုမှာ ဝင်ထိုင်လိုက်မိသည်နှင့် ဘိုပြုးက နှုတ်သွက်လျှာသွက်ဖြင့် ရေခဲမုန့်တစ်ခွက်ဦးစွာလှမ်းမှာလိုက်၏။ နှင်းခလမင်းကလည်း အားကျမခံ ဒူးရင်းသီးဖျော်ရည်တစ်ခွက်လှမ်းမှာသည်။ ဖိုးလုံးကပါ ဒူးရင်းသီးဖျော်ရည်ကိုမကြိုက်ဘဲနှင့် ကျိတ်မှိတ်မှာရတော့သည်။

" ရှင်ကျွန်မကို စိတ်ဝင်စားနေတယ်ဆိုတာ တကယ်နော်"

" တကယ်ပေါ့ နှင်းခရယ် "

" ဒီလိုပေါ့လေ အောင်မြင်ထွန်းတောက်လာမယ့် ကြယ်တစ်ပွင့်ဆိုတော့လဲ လူတွေဝိုင်းပြီး စိတ်ဝင်စားခံရတာ မဆန်းပါဘူး၊ မြီးခဲ့တဲ့ လထဲကတောင် 'ဖန်တီးသူ' ဂျာနယ်က သတင်းထောက် တစ်ယောက်က အင်တာဗျူးလာလုပ်သွားသေးတယ်၊ သူတမော်ဒယ်လ်လုပ်ရင်အောင်မြင်နိုင်တယ်လို့ ဟောကိန်းထုတ်သွားတာနဲ့ ကျွန်မလည်းအလုပ်ကနေ ထွက်ပစ်လိုက်တာ၊ ကဲရှင်လဲဗျူးတော့လေ "

" မြတ်စွာဘုရား "

ဖိုးလုံးဘုရားတလိုက်မိသည်။ ကောင်မလေးက ဘယ်လိုသဘောပေါက်သွားသည်မသိ။

" ဟုတ်ကဲ့ အဖေဗုဒ္ဓဘာသာ၊ အမေ ဗုဒ္ဓဘာသာ၊ အဘိုးအဘွားတွေကလည်း ဗုဒ္ဓဘာသာစစ်စစ်တွေပါရှင် "

" မဟုတ်ဘူးလေ ဟဲ့ ကိုယ် "

ဖိုးလုံးဘာပြောရမှန်းမသိ ဖြစ်သွားသည်။



" ဪ သိပြီသိပြီ ကိုယ်အတိုင်းအတွာကို မေးချင်တာမဟုတ်လား အရပ်က ၅ပေ၃လက်မပါ "

သွားပြီ၊ လမ်းကြောင်းကြီးက တည့်တည့်ကြီးလွဲသွားပြီမို့ ဖိုးလုံး မထူးတော့တဲ့ အတိုင်းပါးစပ်ထဲတွေ့ကရာတွေ စွတ်မေးပစ်လိုက်မိတော့သည်။

" နောက်တစ်ခု မေးချင်တာက ရည်းစားဘယ်နှစ်ယောက်ရှိလဲ ဘယ်တော့လင်ယူမှာလဲ ဆိုတာလေးသိပါရစေ "

" အဟင်း ဟင်း ဟင်း ရည်းစားက ဆယ့်နှစ်ယောက်လားဆယ့်သုံးယောက်လား မသိဘူးပေါ့နော်၊ အဟင်း ဟင်း ဟင်း . . . ယောက်ျားယူဖို့ကတော့ ဘယ်တော့ဆိုတာ မပြောနိုင်သေးပါဘူး၊ ဘဲ စားလို့သောက်လို့လဲပြီးပြီ၊ သွား ဘိုပြုးသွားကြစို့၊ ကျေးဇူးပါပဲနော် "

ပြောပြောဆိုဆိုနှင့် ဘိုပြုးကိုလက်ဆွဲပြီး နှင်းခလမင်းဆိုင်ထဲမှ ထွက်သွားလေတော့သည်။ အဲ့ဒီတော့မှ အအေးဖိုးတွေရှင်းဖို့ ပိုက်ဆံပါမလာခဲ့တာကို သတိရပြီး ခေါင်းကိုမိုးကြိုးပစ်ချသလိုခံစားလိုက်ရလေသည်။ ထိုနေ့က ကိုဗိုက်သာ ဆိုင်ရှေ့ကဖြတ်လျှောက်မလာခဲ့လျှင် ဖိုးလုံးအဖြစ်က မတွေးရဲစရာပါဘဲ။ ဒါတောင် ဇောခွေးတွေ တစ်ဂါလံလောက် ထွက်ကျခဲ့ရသေးတာ။

*

www.burmeseclassic.com

www.burmeseclassic.com



ရှေးယခင်နေ့ပေါင်းများစွာက ဆိုလျှင် အဆောင်ထဲ၌ အ စောဆုံး နိုးထသူမှာ ဖိုးလုံး။ အားလုံးက နိုးတဝက် သမ်းဝေရင်း အပျင်းကြောဆန့်ထုတ်နေချိန်တွင် မောင်လုံးက မေတ္တာပို့အမျှဝေ ပြီးဖြစ်၏။ ယခုတော့ ထိုသို့မဟုတ်ပါတကား။

အားလုံးက အယုတ္တအနုတ္တ ပြောဆိုနေကြချိန်တွင် ဖိုးလုံး က ကြေးစည်ကို ခပ်သွက်သွက်ထုနှက်ပြီး စကားဝိုင်းထဲသို့ နားစွင့် ခေါင်းပြူဝင်လာတတ်မြဲဖြစ်၏။ ယခုတော့ ထိုသို့မဟုတ်ပါတကား။

အားလုံးက မျက်နှာသစ် ရေမိုးသန့်စင်ပြီးကြပြီ။ အဝတ် အစားများလဲလှယ် ဝတ်ဆင်ပြီးကြပြီ။ ဖိုးလုံးက စောင်ခြုံထဲမှ မထွက်၊ စိတ်လက်ဖျော့မှိန်စွာ စန့်စန့်ကြီးငြိမ်နေတော့သည်။

အားလုံးက စိတ်မကောင်းဖြစ်ခြင်းကြီးစွာဖြင့် ဖိုးလုံး၏ ကုတင်အနီးသို့ ဝိုင်းဝန်းချဉ်းကပ်လိုက်ကြ၏။

ရဲနိုင်က ဖိုးလုံး၏ ကုတင်ခေါင်းရင်းမှ ကြေးစည်ကိုဖြုတ် ယူကာ တော်တော်ကြိုးစားပြီး တစ်ပတ်လည်အောင်ထုနှက်လိုက် သည်။ တုဝေဝေ။ ဒီပဇော်က ဖိုးလုံးကိုလှုပ်နှိုး၏။ ကိုဗိုက်ကကုတင် ထက် တင်ပါးလွှဲထိုင်ကာ နှစ်သိမ့်စကားကို စတင်ပြောကြားသည်။

" ဖိုးလုံးထတော့ကွာ၊ ယောကျ်ားတို့ကောင်းမြည်သည့် ချွှာသော ခွဲလုံ့လကိုအရင်းတည်ပြီး ကြိုးစားအားထုတ်ကြစမြဲကွ ဇနက္ကမင်းရဲ့ထုံးကို နှလုံးမူပြီး ပင်လယ်ပြင်ထဲမှာ ကိတ်ဝင်းစလယ်



ကို ပျဉ်ချပ်ပေါ် တင်ရဲရမယ် "

ကိုဗိုက်က ဇနက္ကဇာတ်တော်နှင့် တိုက်တန်းနစ်ကိုပေါင်း ၍ တွေ့ကရာပေါက်ကရ ပုံဆောင်ပြလေ၏။ ဖိုးလုံးက မလှုပ်မ ယှက်၊ ငြိမ်သက်နေမြဲ။ ရဲနိုင်နှင့် ဒီပဇော်တို့က ပြုံးစိစိ။

" တကယ်တော့ မင်းဖြစ်နေပုံက ပုရွက်ဆိတ်ကိုက်ခံနေရ တာကိုမှန်ဘီလူးနဲ့ကြည့်ပြီး အသံကုန်အော်ဟစ်နေသလိုမျိုးပါကွာ"

ဖိုးလုံးက နည်းနည်းလှုပ်လာသည်။ တရားပြနေသော ကိုဗိုက်အားတက်သွားပုံရသည်။

" အင်းလေ စဉ်းစားကြည့်တော့လည်း ဖြစ်ခဲ့တဲ့ကိစ္စမှာ မင်းမှာတာပါ "

" ဘာပြောတယ်ဗျ၊ ကျုပ်ကဘာမှားလို့တုန်း "

ဖိုးလုံးက မာဆတ်ဆတ်အော်ရင်း ထထိုင်လိုက်သည်။ ကို ဗိုက်မှာ အနည်းငယ်တွန့်သွား၏။ ဖိုးလုံးကို အရေးပေါ် မျက်နှာ ချိုသွေးလိုက်ရသည်။

" အဲ့ စကားဆုံးအောင် နားထောင်ပါဦးကွာ၊ တကယ် တ မင်းအမှားဆိုတာ မင်းအမှားတော့လဲ မဟုတ်ဘူး၊ အမှားတော့ အမှား ဒါပေမယ့်မမှားဘူးပေါ့လေ "

" ကိုဗိုက် ခင်ဗျားစကားလည်း ကြောင်ဝါးဝါးနဲ့ဗျာ၊ ဒီလို ကွ ဖိုးလုံးရ "

ရဲနိုင်က ကိုဗိုက်ကို ဝင်ဟန့်လိုက်ပြီး၊ စကားကိုလုပြော သည်။

" မဟာဗျူဟာ နည်းဗျူဟာရယ်လို့ ရှိတဲ့အတဲမှာ မဟာ ဗျူဟာအရ မင်းကနှင်းခလမင်းကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပေမယ်

www.burmeseclassic.com

www.burmeseclassic.com



နည်းဗျူဟာအရ နည်းနည်းမှားသွားတယ် ဆိုပါတော့ကွာ ”

“ ဘယ်လို နည်းနည်းမှားသွားတာလဲ ”

ရဲနိုင်စကားကို ဖိုးလုံးအတန်ငယ် စိတ်ဝင်စားသွားသည်။ ရဲနိုင်က အောင်မြင်သောနည်းပြဆရာ တစ်ဦး၏ အိုက်တင်မျိုးဖြင့် ဆက်ပြောသည်။

“ ဒါက ဒီလိုရှိတယ်လေ အခုရှင်းပြမှာက သော့ချက်၊ သော့ချက်မှ အဓိကသော့ချက်ကွ၊ မိန်းကီးဆိုပါတော့ကွာ အဲ့ဒီမိန်းကီးကို ကိုဗိုက်ကောဒီပဇော်ပါ မမြင်မသိနိုင်ကြဘူး ”

“ ဟော့ကောင် ရဲနိုင်၊ စကားပြောတာကို ရိုးရိုးပြောစမ်း၊ ဟိုနှိမ်သည် နှိမ်လျှောက်မလုပ်နဲ့ ”

ဒီပဇော်က မခံ၊ ရဲနိုင်ကို ဖိဟောက်ပစ်လိုက်သည်။ ရဲနိုင်က သွားဖြဲလေးနှင့် လက်ကာပြသည်။ ဘာအဓိပ္ပာယ်မှန်းလည်း မသိရ။

“ ဆောရီး၊ မင်းတို့ကို နှိမ်တာမဟုတ်ပါဘူးကွာ၊ ဖိုးလုံးက ဉာဏ်နည်းတဲ့ သူဆိုတော့ ရှင်းရှင်းလင်းလင်း သဘောပေါက်စေချင်လို့ပါ ”

“ ရှီးတဲ့မှပဲ၊ မပြောချင်လည်းနေတော့ကွာ မင်းဟာအကုန်လျှောက်ဖွဲ့နေတော့တာဘဲ ”

“ ဟုတ်တယ်၊ မင်းဆရာကြီးလုပ်နေမယ့်အစား အဲ့ဒီဒေါ်အာကျယ့်တူမ နှင်းခွလမင်းကို မင်းပဲရအောင်ကြိုးစားပြ ”

ဒီပဇော်က ရဲနိုင်မခံချင်အောင်ပြောလိုက်သည်။

“ နှင်းခလမင်းပါကွာ မင်းလုပ်လိုက်မှ နာမည်အလှလေးပျက်သွားပါပြီ၊ ကိုဗိုက်နဲ့ဖိုးလုံး မင်းတို့ဒီပဇော်ရဲ့ အဆိုပြုချက်ကို



လက်ခံလား ”

“ သိပ်လက်ခံတာပေါ့ ”

ကိုဗိုက်နှင့်ဖိုးလုံးတို့က ခေါင်းညိတ်လိုက်သည် ရဲနိုင်က လက်ဖျောက်တစ်ချက်တီးပြီး ကြုံးဝါးလိုက်သည်။

“ အိုကေ ဒါဆို ငါတစ်ပတ်အတွင်း ကြွေလာအောင်လုပ်ပြမယ် ”

“ ကြည့်ကြသေးတာပေါ့ကွာ ”

“ ကြည့်ကြပါခင်ဗျာ ”

*

ရဲနိုင်ဗျူဟာက ရိုးစင်းလွန်းလှပါသည်။

နှင်းခလမင်း၏ ဦးလေးအရင်းခေါက်ခေါက် ချက်ကြီးကို အရက်ဖြူတစ်လုံးတိုက်ပြီး စည်းရုံးခြင်းဖြစ်ပါသည်။ တော်တော်လွယ်လွန်းလို့ ဘယ်လောက်လွယ်ပါတယ် ပြောရမှာပင် ခေါ်ဟာရမရှိ။

www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားကို ခင်လွန်းလို့ ကျွန်တော်ကပြုစုတာနော်၊ ခင်ဗျား ကျွန်တော့်ကို တစ်မျိုးမထင်နဲ့ဦး "

အရက်သောက်တာက ချက်ကြီး၊ မူးနေတာကရဲနိုင်ဟု ထင်စရာပင်။ စကားကို ထပ်ကာ ထပ်ကာပြောနေတော့ ရေချိန်မမှန်သေးတဲ့ ချက်ကြီးက နားကြားပြင်းကပ်လာပုံရသည်။

" သောက်ဗျာ လိုသေးရင်ထပ်မှာ၊ ကျွန်တော့်ကိုတော့ တမျိုးမထင်နဲ့နော် "

" ဟော့ကောင် မင်း ငါ့တူမကို ပိုးပန်းချင်လို့ ငါ့ကို အရက်တိုက်နေတယ်ဆိုတာကို ငါသိတယ်၊ ငါကဘာကိုမှ တမျိုးထင်နေစရာမလိုဘူး "

ရဲနိုင်ဇက်ပုဝင်သွားသည်။ အရှက်ပြေစကားဖာလိုက်၏။

" အဲ့ဒါလည်း အဲ့ဒါပေါ့ဗျာ၊ ဒါပေမယ့် "

" ဒါပေမယ့်မနေနနဲ့ ငါ့တူမနဲ့ ဖတ်သက်ပြီး မင်းငါ့ကို ဘာလုပ်ပေးစေချင်သလဲ ဆိုတာကိုသာပြော "

ချက်ကြီးက ဒဲ့။ ဒီလောက်ကြီး လွယ်လွယ်ကူကူ လမ်းဖွင့်ပေးနေမှတော့ ရဲနိုင်အမြန်ဆုံး ပစ်သွင်းရတော့မှာပေါ့။

" ဒီလိုဗျ ကိုချက်ကြီးရဲ့တူမ နှင်းခလမင်းလေးကို စမြင်တွေ့ဖူးတာက ကိုချက်ကြီးအမူးလွန်နေလို့ ကျွန်တော် အိမ်ကိုလိုက်ပို့တဲ့နေကပေါ့ဗျာ "

" ဟော့ကောင် မင်းဟာ အဲဒီလောက် ပေရှည်နေမှတော့ မဟုတ်တော့ဘူး၊ တစ်ပိုင်းထပ်မှာလိုက်၊ သရက်ချဉ်သုပ်တစ်ပွဲပါထပ်မှာ၊ ပြီးမှ မင်းဖြစ်ချင်တာကိုပြော "

ချက်ကြီးခိုင်းစေသည့်အတိုင်း ရဲနိုင်လုပ်ပေးလိုက်ရသည်။



ပြီးမှ လိုရင်းတိုရှင်းကို မနည်းစဉ်းစားပြီး ပြောလိုက်လေသည်။ ချက်ကြီးက အရက်တစ်ပိုင်းကို နှစ်ခါဘဲမော့သောက်ပစ်လိုက်၏။

" အဲ . . . ကိုချက်ကြီးတူမကို ကျွန်တော်ချစ်မိနေပြီဗျာ အဲ့ဒီကိစ္စကို သူသိစေချင်တယ်၊ ပြီးတော့ သူ့သဘောထား ဘယ်လိုရှိတယ်ဆိုတာကိုလဲ ကျွန်တော် အမြန်ဆုံးပြန်သိချင်တယ် "

" ဖြစ်တယ်၊ ဒီကပြန်ရင် မင်းငါတို့ အိမ်ရှေ့ကစောင့်၊ အိမ်ကိုပြန်ရောက်ရောက်ချင်း ငါ့တူမကို အေ့ ငါပြောပြလိုက်မယ် အေ့ပြီးရင် မင်းကိုထွက်တွေ့ပြီး စကားပြန်ခိုင်းပေးမယ်၊ ကဲ ၄်ျ၊ ကျေနပ်လား "

" ဟာဗျာ ဝမ်းသာလိုက်တာ၊ သိပ်ကျေနပ်တာပေါ့ ကိုချက်ကြီးရာ "

" အေး အေ့ ကျေနပ်ရင် တစ်ပိုင်းထပ်မှာလိုက် "

" ဗုဒ္ဓေါ "

နာဠိကာရှိသေးလို့များ ဝင်စားလေသလားမသိ၊ ချက်ကြီးသောက်သည့် စံချိန်က တော်တော်များလွန်းသည်။ အရက်နှစ်လုံးကုန်တော့မှ ဆိုင်မှထသည်။ လမ်းလျှောက်တော့ ချက်ကြီးခြေလှမ်းများက မြွေလိမ်မြွေကောက်ဖြစ်နေပြီ။ ကျိန်ထိုးတာကလည်း အဆက်မပြတ်။

" ကိုချက်ကြီး ရမှါမလား "

" ဟော့ကောင် စကားပြောတာ အေ့ ဆင်ခြင် အေ့၊ ဂန္ထဝင်ချက်ကြီးကွ အေ့ ဘယ်လောက် မူး မူး ငါလုပ်ရမယ့် အလုပ်အေ့ ငါသိတယ်၊ ငါ့တူမကို မင်းကြိုက်နေတဲ့ အကြောင်းအေ့ အိမ်ရောက်

www.burmeseclassic.com



ရောက်ချင်း အော့ငါပြောပေးမယ် အော့ ဘာမှမပူနဲ့ အေးဆေးပါကွာ "

တွန့်ကာလိမ်ကာဖြင့်ပင် မကြာခင်အချိန်အတွင်းမှာ ချက်ကြီးတို့ အိမ်ရှေ့ကို ရောက်လာခဲ့ကြလေတော့သည်။

" ကိုချက်ကြီး ကျွန်တော်အပြင်ကဘဲ စောင့်နေမယ် ခင်ဗျားအပီအပြင်ပြောပေးနော် "

" စိတ်ချစမ်းပါကွာ၊ မင်းကိုအော့ ငါ့တူမချက်ချင်းထွက်အဖြေပေးစေရမယ်၊ ကဲ ငါသွားပြီ "

ချက်ကြီးက ဒယိမ်းဒယိုင်ဖြင့် အိမ်ထဲကိုလှမ်းဝင်သွားသည်။ ချက်ကြီးက လွန်စွာအရက်အပေါ်မှာသစ္စာရှိပြီး တာဝန်ကျေသူဖြစ်ပါသည်။ ချက်ကြီးပြောဆိုနေသော အသံများကို အိမ်အပြင်က ပင်ကြားနိုင်ပါသည်။

" ဟော့ ငါရှင်းရှင်းပဲပြောမယ်-နင့်ကို ဟိုဘက်အဆောင်ကရဲနိုင္ဆိုတဲ့ကောင်က ကြိုက်နေလို့တဲ့ အခုငါ့ကို အရက်တိုက်ပြီးပြောခိုင်းလိုက်တယ်အော့ နင်ကြိုက်မကြိုက်အော့ အပြင်ကိုထွက်တွေ့ဦးအော့ အကြောင်းပြန်လိုက်အော့-ရဲနိုင် အပြင်မှာအော့ စောင့်နေတယ်အော့ "

" တောက် တွေ့မယ်၊ ဟဲ့ အကောင် နင်လိုအစုတ်အပြတ်ပန်းချီကောင်ကများ ငါ့ကိုကြိုက်သလေး ဘာလေးနဲ့ လာခဲ့စမ်းကြက်ကိုလည်လိမ်သလို လှည့်နှံတုံးသွားအောင်လိမ်ပစ်မယ် "

ရဲနိုင်ကံဆိုးရှာပါသည်။ ချက်ကြီးက မူးနေတော့သူအမေဒေါ်အာကျယ် ဈေးကအိမ်ကို ခဏပြန်လာသည်နှင့်ကြုံပြီး နှင်းခလမင်းအမှတ်ဖြင့် ပြောချလိုက်မိခြင်းဖြစ်သည်။ ရဲနိုင် ခမျာအ



ဆောင်ထဲ အရောက်မြန်လို့သာတော်တော့သည်။ မဟုတ်လျှင် တကယ်လှည့်နှံတုံးသွားပေလိမ့်မည်။

*

" ဩော် နှင်းခလမင်း နှင်းခလမင်း "

ကိုဗိုက်သံဝေဂ ဆန်ဆန်ရေရွတ်ရင်း အိမ်နောက်ဖေးမှာထမီရင်လျားလေးဖြင့် အဝတ်လှမ်းနေသော နှင်းခလမင်းကို အဆောင်ပြတင်းပေါက်ကနေ လှမ်းကြည့်နေမိသည်။ ထိုနေ့က အဆောင်မှာ ကိုဗိုက်တစ်ယောက်တည်းရှိနေသည်။ ဒေါ်အာကျယ့်အိမ်မှာလည်း ယခုအချိန်ဆိုလျှင် နှင်းခလမင်းတယောက်တည်းရှိသည့်အချိန်။

ကိုဗိုက် စိတ်ကိုမနည်းကြီး ထိန်းကွပ်နေရသည်။ မထိန်းကွပ်လို့ကတော့မဖြစ်။ ရဲနိုင်နှင့်ဖိုးလုံးတို့ ရှေ့သွားအဖြစ်တွေကရှိထားသည်မို့ ကိုဗိုက်ရင်ထဲက ဖျို့ဖျို့တက်လာသည့် အချစ်စိတ်ကိုမနည်းကြီး မြိုမြိုချနေရသည်။ ယခုလို ထမီတပိုင်းရေစိုနှင့် ဖြူဝင်းစိုရွှန်းသော အပေါ်ပိုင်းပင်ကိုယ် အလှလေးကို မြင်နေရပြန်တော့လည်း အသည်းတွေအူတွေက ယားကျိကျိ။

ကိုဗိုက်မျက်တောင် မခတ်စတမ်း ငေးကြည့်နေစဉ်အတွင်းမှာပဲ အခြေအနေတစ်ခုက နတ်တို့ဖန်ဆင်းစေခိုင်းလိုက်သည်အလား မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားသည်။ ဟုတ်မှ ဟုတ်ပါရဲ့လား။ နှင်းခလမင်းက အဆောင်ဘက်ကို တည့်တည့်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမူပြီး ပြုံးချိုချိုမျက်နှာထားဖြင့် လက်ယပ်လှမ်းခေါ်နေသည်။

" ဘုရား ဘုရား၊ ငါ့အမြင်အာရုံတွေများ မှောက်မှားနေတာလား "

ကိုဗိုက် ရင်မှာဖားဖိုကြီးတစ်ခုလို နိမ့်ချည်မြင့်ချည်ဖြစ်နေသည်။ နားထဲမှာလဲ ငလျှင်တော်လဲ သံတွေလိုဆူပွက်သွားသည်။ နှင်းခလမင်းက ခေါင်းကဆံပင်လေးကို ဝှေ့ဝဲသွားအောင် ရမ်းခါလိုက်၏။ ကိုဗိုက်ကို လက်ညှိုးလေးထိုးညွှန်ပြီး မပွင့်တပွင့်လေးလှမ်းပြောလေသည်။

" ဟေး . . . ဒီမှာ ခေါ်နေတယ်လေ "

ကိုဗိုက်က သူ့ကိုခေါ်နေတာလားဆိုသည့်သဘောဖြင့် ရင်ဘတ်ကို လက်ဝါးဖြင့်ပုတ်ပြလိုက်သည်၊ နှင်းခလမင်းက သူ့ခေါ်နေသည်ကို ချက်ချင်းမလာသဖြင့် စိတ်ကောက်သော လေသံလေးပြောင်းပြော၏။

" ဟွန်း . . . မလာချင်လဲနေပေါ့ "

ကိုဗိုက်စိတ်တွေ ဘယ်လိုမှဆောက်တည်ရာ မရနိုင်တော့ပါ။ ထိုင်နေရာမှ ချက်ချင်းထရပ်လိုက်သည်။ ဘာမှ စဉ်းစားနေစရာ အကြောင်းမရှိတော့။

" ဒီအခွင့်အရေးမျိုးကိုမှ ငါလက်လွှတ်ခံမယ်ဆိုရင် ငါ့လောက်နွားကျတဲ့ ကောင်ရှိမှာ မဟုတ်တော့ဘူး-သွားမယ် ဖြစ်သမျှအကြောင်း အကောင်းဘဲပေါ့ ဟေ ဟေ့ ကြည်မောင်မောင်ဦးတို့တော့ မိန်းမလှလှရရချည်သေးရဲ့ ဟိုအကောင်တွေ နောက်ကောက်ကျပေဦးတော့ "

ကိုဗိုက်က ခွေးတိုးပေါက်ထဲမှ တိုးဝင်ပြီး ဝေါအာကျယ်တို့



ခြံထဲသို့ ကူးသွားလိုက်တော့သည်။ ကိုဗိုက်တိုးဝင်လာသည်ကို စည်ပိုင်းကြီးကွယ်နေ၍ နှင်းခလမင်း ချက်ချင်းမမြင်၊ ပြီးတော့ အဆောင်အနီးမှာဆော့နေသော ဘိုပြူးဆီကို အာရုံကရောက်နေသည်။

" ဒီကောင်လေး မနေ့က ငါနောက်လိုက်တာကို စိတ်ကောက်နေတုန်းပဲထင်တယ် "

နှင်းခလမင်းက ဘိုပြူးကိုပိုမြီး စိတ်ဆိုးအောင်စချင်နောက်ချင်စိတ်က ပေါ်လာသည်။

" ဘိုပြူး-လာမှာလား မလာဘူးလား၊ မလာရင် ဦးဘတုတ်ကို အရှူးမကြီးနဲ့ တကယ်ပေးစားလိုက်မှာနော် "

ဟိုက်သွားပြီ။ ကိုဗိုက်ခေါင်းမှာ ခြောက်ပေါင်တူနှင့် အထုခံလိုက်ရသလို ခံစားလိုက်ရသည်။ ကိုဗိုက်နှုတ်မှ 'ဟိုက်' ဟူသော အသံထွက် ကျသွားသော့မှ နှင်းခလမင်းက သတိထားမိသွားတော့သည်။ ပထမ အံ့ဩတုန်လှုပ်သွားပြီး နောက်မှဒေါသအမျက်တို့ ချက်ချင်းစီးဝင်လာသည်။

" ဟင် ရှင် ရှင် ဘာအကြံအစည်နဲ့ ဒီအိမ်ဝင်းထဲကို ခိုးဝင်လာရတာလဲ၊ ရှင်လူယုတ်မာ "

" ဟာ မဟုတ်ဘူး မဟုတ်ဘူး ကိုယ်ရှင်းပြပါရစေဦး "

" ဒီမှာရှင် လာကြ ရှင် ရှင် အခုမှ ထွက်မပြေးနဲ့နော်"

" ပြေးရမှာဘဲ ပြေးမှာဘဲနော် "

အရပ်ထဲမှ လူများဝိုင်းမလာခင် ကိုဗိုက်ခွေးတိုးပေါက်ထဲမှ ကမန်းကတန်းတိုးဝင်လိုက် အပြီးအဆောင်ဘက်ကို ကူးရန်ကြိုးစားလိုက်သည်။ ကံဆိုးချင်တော့ ပုဆိုးစက သံတစ်ချောင်းဖြင့် ငြိ

www.burmeseclassic.com

www.burmeseclassic.com



ပြီးကျွတ်ကျန်ခဲ့သည်။ မတတ်နိုင် ဆက်တိုးနေစဉ် လွတ်လုလွတ်ခင်လေးကျမှ နှင်းခလမ်မင်းက ခြေကျင်းဝတ်ကို ဖမ်းပြီးအားကုန်ကန်ဆွဲလိုက်၍ ကိုယ်တစ်ပိုင်းလောက်ပြန်ပါသွား၏။

" အောင်မလေး အီး ဟီး "

တော်ပါသေးရဲ့ နှင်းခလမင်းလန့်ပြီး လွှတ်လိုက်ပေလို့။ မဟုတ်လျှင် အခုလောက်ဆို ဒဏ်ရာဒဏ်ချက်တွေနဲ့ ကိုဗိုက်အချုပ်ခန်းထဲရောက်နေလောက်ပြီ။ ဒါတောင်မှ ဒေါ်အာကျယ်ကြီးက အဆောင်ကိုလာပြီး ပွဲကြမ်းနေလို့မနည်းကြီး တောင်းပန်ရှင်းပြရသေးသည်။

ကြောက်လည်းကြောက်တယ်၊ ကြွေလည်းကြွေပါတယ် နှင်းခလမင်းရယ်။

*



တိရစ္ဆာန်ဥယျာဉ်ထဲမှာ ဒီပဇော်နှင့် မိမိလှိုင်တို့ အတူတွဲလျှောက်လာကြသည်။ ချစ်သူချင်းတွေ့ဆုံရသော နေ့ကလေးများမှာ ကြည်နူးပျော်ရွှင်စွာ ပြောဆိုရန်စကားများက ကိုယ်စီကိုယ်ငှ။

" ကိုယ်တော့ မိနဲ့အမြန်ဆုံး လက်ထပ်ချင်ပြီကွာ "

" စောပါသေးတယ် ကိုဇော်ရယ်၊ ဘာမှ အဆင်သင့်မဖြစ်သေးဘဲနဲ့ လက်ထပ်ကြရင် ရှေ့ရေးသာယာနိုင်မှာ မဟုတ်ဘူး "

" ကိုယ့်ချစ်သူရဲ့ ဆန္ဒကိုလိုက်လျောတာ အချစ်လို့ပြောလို့ရရင် မိက ကိုဇော်အပေါ် အချစ်မရှိသလို ဖြစ်နေမှာပဲနော် "

" ကိုဇော်က ဟိုရှေ့က ကျားလှောင်အိမ်ထဲ ဝင်ချင်တယ်ဆိုရင် မိကလိုက်လျောမယ်လေ "

သေပါတော့၊ ဒီပဇော်ခေါင်းကို တဖျင်းဖျင်းထိုးကုတ်လိုက်သည်။ မိမိလှိုင်က သူ့စကားသူသဘောကျကာ ရယ်လေသည်။

" အလကားနောက်တာပါ ကိုဇော်ရယ်၊ မိဆိုလိုတာက ဒုက္ခတွေ အခက်အခဲတွေတွေ့ကြတဲ့အခါကျမှ တစ်ယောက်ကိုတယောက် အကြင်နာတွေ လျော့ပါးသွားကြရတာမျိုးကို မလိုလားလို့ ပြောနေရတာပါ "

အဲ့ဒီလိုကျတော့လည်း မိမိလှိုင်က သိပ်လူကြီးဆန်တာပဲလို့ ဒီပဇော်က ကျေနပ်ဂုဏ်ယူစွာ တွေးလိုက်မိသည်။

" ဒီနေရာလေးက အရိပ်သိပ်ကောင်းပြီး အေးနေတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ခဏာထိုင်ကြရအောင်နော်မိ ”

သမင်များထားသောနေရာနှင့် မျက်နှာချင်းဆိုင်ရှိ သစ်ပင်ကြီးအောက်မှာ ဒီပဇော်ထိုင်လိုက်သည်။ မိမိလှိုင်ကလည်း ဒီပဇော်နှင့် ပူးကပ်ပြီးထိုင်လိုက်သည်။ ဒီပဇော်က မိမိလှိုင်၏ ပုခုံးလေးကို ခပ်ဖွဖွဆုတ်ကိုင် သိုင်းဖက်ထားလိုက်သည်။ မိမိလှိုင်၏ပါးပြင်နုနုလေးကို နမ်းမွှေးလိုက်လျှင် ကောင်းမလားဟု ဒီပဇော်စဉ်းစားနေသည်။

“ သမင်လေးတွေက အရမ်းကိုဆော့တာပဲနော်၊ ဟိုမှာကြည့်စမ်းပါကိုဇော်ရယ် သမင်တစ်က တစ်ကောင်အပေါ်ကို တက်ခွစီးဖို့ကြိုးစားနေတယ် ”

ဒီပဇော်ကမိမိလှိုင် ညွှန်ပြရာကိုလှမ်းကြည့်လိုက်သည်။ ဒီပဇော်လန့်သွား၏။

“ ဟာကွာ အဲဒါ တက်ခွစီးဖို့ ကြံနေတာမဟုတ်ဘူး ”

“ အဲ့ဒါဆို ဘာလုပ်တာလဲ ”

“ အဲ ဟို ဘာမှမလုပ်ပါဘူး ”

“ ကြည့် အဲ့ဒီလို လက်တွေ့မြင်နေရတာကိုတောင် ကိုဇော်က ကြောင်ငြင်းချင်သေးတယ် ”

သေစမ်း၊ စောစောကမှ လူကြီးဆန်တယ်လို့ မှတ်ချက်ချပြီး ကျေနပ်နေတာလေးတောင် ဘယ်ရောက်သွားမှန်း မသိ၊ ချင်းချင်းကြီး ကလေးဆန်သွားတဲ့ မိမိလှိုင်။ ပါးစပ်ကယောင်ထွက်သွားသည်။

“ လူကြီးကလေး ”

“ ဘာပြောတာလဲဟင် ”



“ ဘာမှမပြောတော့ပါဘူး ”

“ ကြည့် လုပ်ပြန်ပြီ အသည်းယားအောင်နော် ”

မိမိလှိုင်က ဒီပဇော်ရဲ့ နားရွက်ကိုဆွဲလိမ်လိုက်၏။

“ သေပါပြီဗျ ”

“ ဟဲ ဟဲ ”

အဆောင်ထဲသို့ ဦးဘတုတ်လှမ်းဝင်လာရင်း ဘာအဆက်အစပ်မှ မရှိဘဲ ဟဲဟဲလိုက်သည်မို့ အားလုံးကြောင်သွားရသည်။

“ ဘာ ဟဲ ဟဲ လည်းဗျ ကေန္တစောစောစီးစီး ဖဲနိုင်လာထင်တယ် ”

ကိုပိုက်က ဦးဘတုတ်ကိုကြည့်ပြီး ကောက်ချက်ချလိုက်သည်။ ဦးဘတုတ်က လက်ထဲကိုင်လာသော ဖိတ်စာလေးကိုမြှောက်ပြရင်း ဝမ်းမြောက်ဝမ်းသာ အသံကြီးဖြင့်ပြောသည်။

“ ဖဲနိုင်တာထက်ပိုပြီး ဝမ်းသာရမယ့်ကိစ္စကွ၊ ဟောဒီမှာ ဆွမ်းကျွေး ဖိတ်စာလေ၊ ခင်ခင်လေးတို့ အိမ်မှာမနက်ဖြန်မနက်ဖြန်မနက် ဆွမ်းကျွေးလုပ်မယ်တဲ့ ”

“ အဲ့ဒါများ အထူးအဆန်းလုပ်လို့ဗျာ၊ သူ့ဖာသာ ဆွမ်းကျွေးမှာကို ခင်ဗျားကဘာကိစ္စ ကြားဝင်ဝမ်းသာနေရတာတုန်း”

ဒီပဇော်က ခပ်ကန်ကန်ပြောလိုက်သည်။ ဦးခလမင်းကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စား နေကြကုန်သောကျန် သုံးယောက်က ခေါင်းများထောင်ထလာသည်။

" ငါ့စကားက မဆုံးသေးဘူးလေကွာ၊ မနက်ဆွမ်းကျွေးဖို့အတွက် ငါတို့အုပ်စုက ညကတည်းက ဆွမ်းချက် ဆွမ်းဟင်းချက်ပေးဖို့ တာဝန်ယူလာခဲ့တယ် "

" ကျွန်တော်ကတော့ အိပ်ရေးပျက်မခံနိုင်ဘူး၊ ကျန်တဲ့ကောင်တွေ ခေါ်ချင်ခေါ်သွား "

ဒီပဇော်က ငြင်းလိုက်သည်။ ကျန်သုံးယောက်က တညီတညွတ်တည်း လှမ့်ရှေးသိတတ်နေကြသည်။

" အိမ်နီးချင်းတွေပဲ လုပ်ပေးရမှာပေါ့ "

" အေါ် ကုသိုလ်ရေးပဲကွာ ဝိုင်းဝန်းပါရမီဖြည့်ရမှာပေါ့ "

" မှန်ပါ့ မှန်ပါ့ "

ကိုဗိုက်က အကဲဆုံးဖြစ်သည်။

" ဒါဆို ဝယ်ဖို့ခြမ်းဖို့ ငှားဖို့ရမ်းဖို့ ညနေကတည်းက သွားစီစဉ်ကြမှ ကောင်းမယ်ထင်တယ် "

" ညနေမှဆိုရင် ဈေးပိတ်သွားဦးမယ်၊ ခုကတည်းက သွားကြပါလား "

ဒီပဇော်က တမင်ရွဲ့ပြောသည်။ ရဲနိုင်က အတည်ယူ၏။

" ဒီပဇော် ပြောတာမှန်တယ်၊ အခုပဲ သွားကြရအောင်လား "

ကိုဗိုက်နှင့် ဖိုးလုံးတို့ကမငြင်း၊ ဦးဘတုတ်ကတော့ တဟဲဟဲလုပ်နေသည်။ ကိုဗိုက်က အဝတ်အစားကောင်းကောင်း တစ်စုံကိုထုတ်သည်။ ဘောင်းဘီတိုမဟုတ် ဘာမဟုတ် ပစ္စည်းတစ်ခုကို



ဝါ သေတ္တာထဲမှ ထုတ်လာသည်။ ဖိုးလုံးက တအံ့တသြမေးသည်။ ကျန်တဲ့သူများကလည်း ဝိုင်းစိတ်ဝင်စားနေကြသည်။

" ကိုဗိုက် အဲ့ဒါကြီးက ဘာကြီးတုန်း "

" ဗိုက်စည်းလို့ခေါ်တယ်ကွ၊ ဟောဒီ ပူနေတဲ့ဗိုက်ကို ဟောဒီလို ခစ်ကျပ်ကျပ်လေးစည်းလိုက်ရင် ဗိုက်ပူတာ ချပ်သွားရော "

သူ့ဟာနှင့်သူတော့ ဟုတ်နေသည်။ ရခိုင်ပုဆိုးနှင့် လည်တုံး အဖြူကိုဝတ်ဆင်လိုက်တော့ ကိုဗိုက်အသွင်အပြင်က တော်တော်ကြည့်လို့ကောင်းသွားသည်။

ဦးဘတုတ် ဦးဆောင်ပြီး ကိုဗိုက်၊ ရဲနိုင်၊ ဖိုးလုံးတို့တတွေ ဒေါ်အာကျယ်တို့ အိမ်ဘက်ကို အကြောင်းပြချက်ခိုင်လုံစွာဖြင့် ကူးသွား ကြသည်။ ဒေါ်အာကျယ်ကလည်း ဘာကြောင့် ဤသို့စိတ်အား ထက်သန်စွာ လာရောက်ကြသည်ကို ရိပ်စားမိသည်။ သို့သော် အိမ်ရှင်ကောင်းပီသစွာပင် ညှေ့ထောက်ခံပြုပါသည်။

" ကိုဘတုတ် တို့ပါလား၊ လာကြပါရှင် ထိုင်ကြပါ "

" ဦးလေးဘတုတ်က အမကြီးရဲ့ ဆွမ်းကျွေးအတွက်ကူညီပေးဖို့ အရမ်းကို စိတ်အားထက်သန်နေလို့ ကျွန်တော်တို့ ဝိုင်းကူပေးရအောင် လိုက်လာကြတာခင်ဗျ "

ကိုဗိုက်က ဦးဘတုတ်ကို ပို့ပေးရင်း ကိုယ့်အတွက်ကိုယ် ဘာကွယ်လိုက်သေးသည်။ ရဲနိုင်က အိမ်ထဲကို မျက်စိဝေ့ကြည့်ရင်း မေးလိုက်သည်။

" ချက်ကြီးတစ်ယောက်ကော မမြင်ပါလား "

" ချက်ကြီးအကြောင်းလည်း သိရဲ့သားနဲ့ကွယ်၊ ဒီအချိန်ဆို အရက်ဆိုင်ရောက်နေပြီလေ "

www.burmeseclassic.com

www.burmeseclassic.com



ရဲနိုင်မေးသည်က ချက်ကြီးမဟုတ်မှန်း အားလုံးကသ
ဘောပေါက်ပါသည်။ နှင်းခလမင်းမှာ အရိပ်အယောင်ပင် မမြင်ရ

" ခင်ခင်၊ အကိုကြီးအိမ်မှာ ထမင်းစား စားပွဲတစ်ချပ်တော့ ရှိတယ် လေးငါးယောက်ဝိုင်းထိုင်စားလို့ရတယ်၊ အခုယူထားမလား"

" အင်း ကောင်းသားပဲ "

ဦးဘတုတ်က အခေါ်အဝေါ်လေးပြောင်းပြီး ရင်းရင်းနှီးနှီးပြောကြည့်သည်။ အခြေအနေက မဆိုးလှ။ ကိုဗိုက်က လျှင်သည်။

" ဟော့ ဖိုးလုံးနဲ့ရဲနိုင် အပေါ်ထပ်ကထမင်းစားပွဲကို သွားသယ်လိုက်ကြကွာ ငါနဲ့ဦးလေးဘတုတ်တို့က ဝယ်စရာခြမ်းစရာရှိတာ သွားဝယ်လိုက်မယ် "

ဖိုးလုံးနှင့်ရဲနိုင်မှာ ကိုဗိုက်လှူလည်ကျသည်ကိုသိ၍ သိပ်မကျေနပ်ချင်၊ သို့သော် ငြင်းလျှင်လည်း မကောင်းတတ်၍ ထွက်သွားကြရသည်။

" ဝိုင်းရေ လက်ဖက်သုပ်ခဲ့ပါဦးကွယ် ဒီက ဧည့်သည်တွေကို ကျွေးရအောင် "

ဒေါ်အာကျယ်က အသံပြုလိုက်တော့ ကိုဗိုက်မရိုးမရွဖြစ်သွားသည်။ ခဏအကြာမှာ ရှိုးရိုးယဉ်ယဉ်လေးဝတ်စားထားပြီး ကျစ်ဆံမြီးလေးကျောမှာ ချထားသော ဝိုင်းခေါ် နှင်းခလမင်း လက်ဖက်သုပ် ပန်းကန်လေးကိုင်ပြီး ထွက်လာသည်။ ကိုဗိုက်နှင့်ဦးဘတုတ်တို့ ရှေ့မှာလက်ဖက်သုပ် ပန်းကန်လာချပေးတော့ နှင်းခလမင်းပါးထက်က သနပ်ခါးရနံ့လေးကို ကိုဗိုက်အမိအရရှူလိုက်ရသေးသည်။ နှင်းခလမင်းက ဒေါ်အာကျယ်အနီးမှာ ပုံပုံရိုရို လေးဝင်ထိုင်လိုက်သည်။ ကိုဗိုက်မှာ မကြာမကြာခိုးကြည့်ရင်း ရင်ခုန်



လိုက်ရတာအမော။

" ညလည်လောက်မှာ ချက်မှာဆိုတော့ မီးကြိုဆင်ထားရင် ကောင်းမယ်ထင်တယ် "

" ဟုတ်ကဲ့ ကိုဘတုတ်တို့ အဆင်ပြေသလိုသာလုပ်ပါ၊ ဟိုမှာဝိုင်ယာကြိုးခွေတွေလည်း ရှိတာပဲ "

" မောင်ဗိုက်အဲ မောင်ကြည်မောင်မောင်ဦးရေ ဟိုဝိုင်ယာကြိုးကို ထုတ်တန်းပေါ်ကကျော်ပြီး အပြင်ကိုချပေးကွာ၊ လာ ဒီစားပွဲခုံ အမြင့်ကို အလည်ခေါင်ရွှေ့ရအောင် "

ဦးဘတုတ်နှင့်ကိုဗိုက်တို့ စားပွဲခုံကို နေရာရွှေ့သည်။

ကိုဗိုက်က စားပွဲခုံထက်သို့တက်ပြီး ဝိုင်ယာကြိုးကို ထုတ်တန်းထက်မှ ကျော်ယူပြီး အပြင်သို့ ချပေးရန်ကြိုးစားသည်။ တန်းထက်ကို လက်လှမ်းရာ မမှီတမှီဖြစ်နေ၍ ခြေဖျားထောက်ပြီး နှစ်ကြိမ်သုံးကြိမ် ကြိုးစားယူနေရ၏။

" ဖွီး ဖွီး ဖွီး "

" အာ ဟီး ဟီး ဟီး "

နှင်းခလမင်းက ရယ်ရင်းအခန်းထဲကို ဝင်ပြေးသည်။ ရယ်သံများထွက်လာမှ ကိုဗိုက်သတိထားမိသည်၊ ပုဆိုးကွင်းလုံးပုံ ကျနေသည်ကို ဗိုက်စည်းကာခံနေ၍ သတိမပြုမိ၊ သိလျှင်သိချင်း ပုဆိုးကို တုန်းကောက်ပြီးဝတ်ရင်း အိမ်ထဲမှ ထွက်ပြေးသွားလေတော့သည်။

အဆောင်ထဲမှ စားပွဲခုံထုတ်ယူလာသော ဖိုးလုံးနှင့်ရဲနိုင်တို့မှာ ကိုဗိုက်အဖြစ်ကို မသိဘဲလှမ်းမေးလိုက်ကြသေးသည်။

" ကိုဗိုက် ကောင်မလေး အပြင်ထွက်လာပြီလား "

" မသိဘူးကွာ မသိဘူးဟေ့ "

www.burmeseclassic.com

www.burmeseclassic.com



ကိုဗိုက်က ခုတင်ထက်မှာ စောင်ကိုခေါင်မြီးခြုံပြီး ကုန်းအော်သည်။ ရဲနိုင်က မှတ်ချက်ချခဲ့သည်။

" ကိုဗိုက် မီးယပ်ချုမ်းထလာထင်တယ် "

ဒေါ်အာကျယ်တို့ အိမ်ကိုရောက်မှ မျက်ရည်ထွက်အောင်ရယ်မဆုံး ဖြစ်နေကြသော ဦးဘတုတ်နှင့် ဒေါ်အာကျယ်တို့က ရှင်းပြသည်။ ဖိုးလုံးနှင့် ရဲနိုင်တို့ပါရယ်ကြသည်။ ကြာကြာပင် မရယ်လိုက်ရပါ။ နှင်းခလမင်း တစ်ယောက် ခရီးဆောင်အိတ်ကလေးတိုင်ပြီး အပြင်သို့ထွက်လာသည်။

" ဒေါ်လေး နှင်းခသွားတော့မယ်နော် "

" အေး အေး ဒီက အလုပ်သေချာပြီ ဆိုတာနဲ့ စာလှမ်းရေးလိုက်မယ် စိတ်ချ၊ သူကလေးကလည်း ရွာမှာ သူ့အမေတော်တော်နေမကောင်းဖြစ်နေလို့ အရေးတကြီး ပြန်ရရှာတာလေ၊ တော်သေးတာပေါ့ ကိုဘတုတ်တို့တတွေ အခုလိုလာကူကြပေလို့ပေါ့ "

ဒေါ်အာကျယ်က ဦးဘတုတ်ဘက်ကိုလှည့်ပြီးရှင်းပြသည်။ ဖိုးလုံးနှင့် ရဲနိုင်တို့ အကြီးအကျယ် စိတ်ပါတ်ကျသွားသည်။ အခုအခြေအနေကျမှ မကူညီတော့ဘူး ဆိုလို့လည်း မဖြစ်တော့၊ အိပ်ရေးပျက်တာပဲ အဖတ်တင်ပေတော့မည်။

ဦးဘတုတ်ကတော့ ဟန်ကိုကျလို့ အဆောင်ဘက်ကို ခဏပဲ ထမင်းလာစားသည်။ တစ်နေကုန် ဒေါ်အာကျယ်အနားမှာ ထိုင်ပြီး လေပန်းနေ၏။ ဘာအလုပ်မှ ဟုတ်တိပတ်တိမလုပ်။ ဖိုးလုံးနှင့် ရဲနိုင်ကိုသာ ဟိုခိုင်းသည်ခိုင်း လျှောက်ခိုင်းနေသည်။

" အမှန်ကအလုပ် လုပ်ရတာမခက်ဘူး စိစဉ်ညွှန်ကြားရတာသာ ခက်တာ ခင်ရဲ့ "



ကိုယ်ရည်သွေးစကားပြောရင်း အခေါ်အဝေါ်တွေက အဆင့်တက်လာသည်။ ဖိုးလုံးနှင့်ရဲနိုင်တို့ကလည်း သူ့အရှိန်နှင့်သူလိမ့်ပါစေဟု သဘောထားကာ ဘာမှမပြောတော့၊ ညဦးကတည်းက တလှုပ်လှုပ်ဖြင့် ဟိုလုပ်သည်လုပ် လျှောက်လုပ်နေကြရသည်။ ချက်ကြီးကလည်း တာဝန်ကျေလှသည်။ ဖိုးလုံးနှင့်ရဲနိုင် တို့သောက်ရစားရအောင်ဟု အကြောင်းပြကာ သူ့အမထံမှ ပိုက်ဆံတောင်းသွားပြီး အရက်သုံးလုံးနှင့် အမြည်းများဝယ်လာ၏။

ဖိုးလုံးနှင့်ရဲနိုင်တို့ပင် တစ်ခွက်မှ မသောက်လိုက်ရသေး၊ ချက်ကြီးက တစ်လုံးကုန်အောင် သောက်ပြီး အစောကြီးမှောက်သွားသည်။ ရဲနိုင်က မာကာလုပ်ပြီး အရက်ငှဲ့ပေးသည်။

" ဖိုးလုံးချကွာ ဦးဘတုတ် ခင်ဗျားလည်းရဲဆေးတင်တဲ့သဘော အနေနဲ့ တစ်ခွက်နှစ်ခွက်တော့သောက်ဗျာ "

" ဟ--- ရဲဆေးတင်ရအောင် ငါက ဘာလုပ်ရမှာမို့လဲ "

" ခင်ဗျားကလည်း အခုမှ'အ' ချင်ယောင်ဆောင်နေပါပြီ၊ ဒီလောက်ကောင်းတဲ့ အခွင့်အရေးကြီးကို လက်လွှတ်ခံတော့မလို့လား "

" မလုပ်ပါနဲ့ကွာ ငါက နှုတ်ကသာရဲတာ လက်တွေ့ကျမလုပ်ရဲဘူးကွ၊ တော်ကြာ ဟိုက အော်လိုက်လို့ ဒုက္ခရောက်သွားမှဖြင့် မတွေးရဲစရာ "

ဦးဘတုတ်က အကြောက်အကန်ငြင်းနေသည်။ ရဲနိုင်နှင့် ဖိုးလုံးတို့က အမျိုးမျိုးမြှောက်ပေးလိုက် သောက်လိုက်လုပ်နေကြသည်။ ထမင်း ဟင်းများက ကျက်နပ်နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



" ဘလိုင်းကြီးတော့ ဘယ်ပခုတ်မှာလဲဗျာ၊ ဗျူဟာနဲ့ တဆင့်ချင်း တက်ယူရမှာပေါ့ "

" ဒါဆိုလည်း လုပ်စမ်းပါဦး မင်းဗျူဟာလေး "

ရီဝေဝေ ဖြစ်လာတော့ ဦးဘတုတ်လည်းစိတ်ပါလာသည်။ရဲနိုင်က အရက်ခွက်ကို ကမန်းကတမ်းမော့သောက်လိုက်ပြီး လည်ချောင်းရှင်းလိုက်၏။ လေသံတိုးတိုးလေးဖြင့် တပ်ပြောသည်။

" ဆယ်မိနစ်ခြားတစ်ခါလောက် တံခါးခေါက်ပြီး အချိုမှုန့် ရှိသေးလား၊ ဆားနည်းနည်း ထပ်လိုချင်တယ် ဆိုတာမျိုးလေးတစ်ရာမှာပေါ့ဗျာ "

" ဟ. . . သူက အလုံအလောက် ဝယ်ပေးထားပြီးသားလေကွာ "

" ခင်ဗျားကလည်း ရှာကြံပြီးတိုးနေပြန်ပါပြီ၊ ရဲနိုင်ပြောတာကို သဘောမပေါက်ဘူးထင်တယ် "

ဖိုးလုံးကဝင်ထောက်လိုက်တော့မှ ဦးဘတုတ်မြင်သွားသည်။

" ပေါက်ပြီ ပေါက်ပြီ၊ အခုဘဲစစမ်းကြည့်လိုက်မယ် "

ဦးဘတုတ်က ချက်ချင်းထိုင်ရာမှ ထသွားလေသည်။ အစတော့ မရဲတရဲနှင့် တံခါးကိုခေါက်သည်။ အိပ်ရာထတ်မှာ လှဲသာနေသော်လည်း ဒေါ်အာကျယ်မှာ အိပ်မပျော်နိုင်၊ သူမ၏ အပျိုကြီးဘဝကို အပြီးအပိုင် စွန့်လွှတ်လိုက်ရလျှင် ကောင်းမလားဟု အကြိတ်အနယ် စဉ်းစားနေခြင်းဖြစ်သည်။ တံခါးခေါက်သံကြားတော့ ရင်တဖိုဖိုဖြစ်သွား၏။ တံခါးထဖွင့်ပေးလိုက်တော့ ထင်ထားသည့်အတိုင်း ဦးဘတုတ်ဖြစ်နေသည်။ ဦးဘတုတ်ပင် အချိုမှုန့်



တောင်းရကောင်းနိုး၊ ဆားတောင်းရကောင်းနိုး စဉ်းစားနေတုန်းရှိသေးသည်။ ဒေါ်အာကျယ်က စကားလမ်းကြောင်းပေးလိုက်သည်။

" ဟွန်း ဘာမှန်းလည်းမသိဘူး၊ သူများမှာရင်တွေကို ဖိုသွားတာပဲ "

" အချိုမှုန့်အဲ ဘာလို့ ရင်ဖိုတာလဲဟင် "

" စဉ်းစားကြည့်ပေါ့လို့ ရှင့်လူတွေက မပြန်ကြသေးဘူးလား "

" ကိုယ်ပြန်ခိုင်းလိုက်မယ်လေ၊ ရပါတယ်ကွာ အဲ့ဒီကောင်တွေက နှုတ်လုံပါတယ် "

ဦးဘတုတ်က ရဲနိုင်နှင့်ဖိုးလုံးတို့ လက်ဖြင့်အချက်ပေးပြီး ပြန်ခိုင်းလိုက်လေသည်။ ရဲနိုင်နှင့်ဖိုးလုံးမှာ တော်တော်အံ့ဩသွားကြသည်။ ရဲနိုင်ကို ဖိုးလုံးက အိမ်ဝင်းထဲမှအထွက်မှာ နောက်လိုက်သည်။

" ရဲနိုင် အဘိုးကြီးက မင်းဗျူဟာထက်တောင် သွက်သေးတယ်နော် "

" သူ မြန်မြန်အောင်မြင်သွားတော့ ငါတို့စောစောအိပ်ရာဝင်ရတာပေါ့ကွာ "

စောစောအိပ်ရာဝင်ပြီး အိပ်ရာမှ နိုးလာသူက ဘိုပြူး၊ ညနေက ဟင်းမကြိုက်၍ ထမင်းမစားဘဲဂျိုကျပြီး အိပ်ပျော်သွားခဲ့သည်။ အိပ်ရာနိုးသည့်အချိန်မှာ အချိန်ကိုက်ဆိုသလိုပင်၊ တဖက်အိမ်က ကြက်သားဟင်းနံ့လေးက ဘိုပြူးနှာခေါင်းကို ပွတ်သပ်ကာ စယ်လာလေသည်။ အပေါ်ထက်ကနေ တစ်ဖက်ကအိမ်ထဲကို ချောင်းကြည့်လိုက်၏။ ထမင်းအိုးဟင်းအိုးများနှင့် မီးဖိုနှင့်မလှမ်းမကမ်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ခင်းထားသော ဖျာထက်မှာ ချက်ကြီးတကွေးငွေးလေး အိပ်ပျော်နေသည်။

" ဒါ-အကွက်ပဲ "

ဘိုပြူးက အောက်ကိုဆင်းလာပြီး ခွေးတိုးပေါက်မှ တဆင့် တစ်ဖက်အိမ်ဝင်းထဲကို တိုးဝင်သွားလိုက်သည်။ ဘုန်းကြီးငါးပါး ဆွမ်းကပ်ရန် ချက်ပြုတ်ထားသော ကြက်သားအိုးကို လှပ်ကြည့်ပြီး ဗိုက်ဆာဆာနှင့်ပင် တစ်အိုးလုံးပြောင်အောင် အားရပါးရစားပစ်လိုက်၏။

" သူခိုးဗျို့ သူခိုး သူခိုး လာကြပါဦး သူခိုး သူခိုး "

ချက်ကြီးအော်သံကြောင့် ဘိုပြူးလန့်များပင် လန့်သွားမိသည်။ တကယ်တော့ ချက်ကြီးက အိပ်မက်ယောင်ပြီး အော်နေခြင်းသာ ဖြစ်သည်။ နောက်တစ်ကြိမ်ထပ်အော်တော့ ရပ်ကွက်ထဲက လူများ ဒေါ်အာကျယ်တို့ အိမ်ထဲသို့ပင် ရောက်နေကြလေပြီ။

အပြင်ဘက်မှာ ဖြစ်နေသောအခြေအနေကို မသိဘဲ၊ သူခိုးအော်သံကြား၍ ဦးဘတုတ်နှင့် ဒေါ်အာကျယ်တို့ ကပျာကယာထပြီး တံခါးဖွင့်ထွက်လိုက်မိကြသည်။

" ဟာ ဦးဘတုတ်က ဒေါ်အာကျယ့် အခန်းထဲဘယ်လိုလုပ်ရောက်နေတာလဲ "

" ပြန်ကြရအောင်ပါကွာ သူများတွေအနှောက်အယှက်ဖြစ်ကုန်ပါပြီ "

တစ်ယောက်တစ်ပေါက် ပြောဆိုကာ ဒေါ်အာကျယ့်အိမ်ဝင်းထဲမှ ပြန်ထွက်သွားကြလေသည်။

" ရှက်တယ် ရှက်တယ် ခင်ရှက်လို့သေရပါတော့မယ် "



" အခုမှတော့ ရှက်မနေပါနဲ့တော့ခင်ရယ်၊ မနက်မိုးလင်းတာနဲ့ ရပ်ကွက်ရုံးမှာ ကိုကိုတို့တရားဝင်လက်မှတ်ထိုးပြီး လူသိရှင်ကြားပေါင်းသင်းကြတာပေါ့ "

ယင်းသို့ဖြင့် မနက်ခင်းဆွမ်းကျွေးမှာ မင်္ဂလာဦးဆွမ်းကျွေးအဖြစ်ပြောင်းလဲ သွားပါတော့သည်။ သံဃာတော်များမှာတော့ ကြက်သားဟင်း ဘုန်းမပေးလိုက်ကြရတော့ပါ။

*

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဦးဆွမ်းကျွေး အပြီးတစ်ပတ်ကျော်သာကွာမည်၊ ဒေါ်အာကျယ်တို့ အိမ်မှာနောက်ထပ် ဆွမ်းကျွေးတစ်ခုထပ်မံ ပြုလုပ်ရပြန်ပါသည်။ အကြောင်းကား ချက်ကြီးအတွက်သက်ပျောက် ဆွမ်းကပ်ရခြင်းပါတည်း။

ထိုညက ဒေါ်အာကျယ်တို့အိမ်မှာ ဖဲဝိုင်းအကြီးအကျယ် ဖြစ်မြောက်သည်ကိုတော့ အထူးပြောစရာပင် မလိုပါပေ။ တန်ဆောင်မုန်းည အဒေးဓါတ်အောက်မှာ ရောမအဆောင်သားတို့ ချွေးသံ တရွှဲရွှဲဖြင့် ကြိုးစားပမ်းစားဖဲရိုက်နေကြပါသည်။

" တော်ပြီကွာ ဖဲက တော်တော်ကို ဘူနေမှတော့ အရက်သောက်တာပဲကောင်းတယ် "

ရဲနိုင်ခင်ဗျာ ရှိသမျှလေးကုန်သည့်အဆုံး ဘေးထွက်ထိုင်ပြီး အလကားရသော အရက်ကိုသာ အလျှံပယ်ဖိသောက်နေလေတော့သည်။

" ဟား ဟား ဟား ဇကွ ဇ "

" ဦးဘတုတ် ခင်ဗျားဟာ ဟုတ်မှဟုတ်ရဲ့လားဗျာ-အလှည့်တိုင်နီးနီး ခင်ဗျားချည်းပဲ အကုန်စားနေတော့တာပဲ "

ကိုဗိုက်က ဦးဘတုတ်ကို မယုံသင်္ကာစားဆိုသည်။ ဒေါ်အာကျယ်ကဆတ်ဆတ်ထိမခံ။

" ဟဲ့ ငါ့ယောက်ျားက အဖြူသာလာဘ်ရှင်လို့ နေတဲ့ဟာကို



မကျေနပ်ရင်မကစားနဲ့ပေါ့ ကိုယ်သွေးကြောင်တာနဲ့ ဟိုလူ့ရမ်း ဒီလူ့ရမ်းမလုပ်နဲ့ "

ကိုဗိုက်ဇက်ပုသွားရပါသည်။ အားလုံးဖဲဝိုင်းထဲမှာ အာရုံနစ်သွားကြပြန်သည်။ ရဲနိုင်တစ်ယောက်သာ မူးပြီးချက်ကြီး အလောင်းပြင်ထားသည့် အနီးမှာအိပ်ပျော်သွားသည်။ ဉာဥ့်နက်လာသည်နှင့်အမျှ အဒေးဓါတ်က ပိုကဲလာသည်။ ရဲနိုင်က ချက်ကြီးအပေါ်မှာ လွှမ်းထားသော စောင်ကိုဆွဲယူခြုံလိုက်သည်။

" ဟာ မီးဖျက်သွားပြီဟ. . . ဖယောင်းတိုင် ဖယောင်းတိုင် ရှာစမ်းပါဦး "

ဦးဘတုတ်က ဂက်စ်မီးခြစ်ကိုခြစ်ပြီး မြှောက်ကိုင်ထားသည်။ ဒေါ်အာကျယ်က ကြွက်လျှောက်တန်းပေါ်မှာ ဖယောင်းတိုင်ကို စမ်းယူတမ်းပေးသည်။ ရဲနိုင်တရေးနိုးလာပြီး ရေသောက်ရန် ကုန်းထလာ၏။

" အလောင်းကြီး အလောင်းကြီးက ကုန်းထလာပြီဟ "

ဖိုးလုံးက ဦးစွာမြင်ပြီး အလန့်တကြားအော်ဟစ်ကာ ပြေးထွက်သွားသည်။ ဒီပဇော်နှင့် ကိုဗိုက်ကလည်း မြင်သွားသည်။

" အောင်မလေး သူရဲ သူရဲ "

ဒေါ်အာကျယ်နှင့် ဦးဘတုတ်တို့လည်း ပြေးထွက်သွားကြ၏။ ရဲနိုင်ခမျာလည်း သူ့ကိုပြောသည်ဟုမထင်၊ သူများကသူရဲဆို၍ သူကပါကြောက်လန့်ပြီး ရှေ့ကပြေးသူများ နောက်ကိုစွတ်လိုက်တော့သည်။

" သူရဲက နောက်ကလိုက်လာပြီဟ. . . ပြေး ပြေး လွတ်အောင်ပြေး "

www.burmeseclassic.com

www.burmeseclassic.com



ဦးဘတုတ်က သွေးလန့်ပြီး ညာသံပေး၍ပြေးသည်။ ဒေါ်အာကျယ်မှာ ခလုပ်တိုက်လဲပြီး သတိမေ့နေလေတော့သည်။ ရပ်ကွက်တစ်ခုလုံးဆူညံပြီး လူတွေထွက်လာကြသည်။

" ဟေ့လူတွေ ဘာဖြစ်ကြတာတုန်း "

ရပ်ကွက်လူကြီးနှင့် မီးသတ်တပ်ဖွဲ့ဝင် လူငယ်တချို့က ဦးဘတုတ်တို့ လူသိုက်ကိုတားပြီး မေးသည်။ အားလုံးက တစ်သံတည်းထွက်သည်။

" သူရဲ သူရဲ "

" ဘယ်မှာလဲ သူရဲက "

ထိုစဉ်ရဲနိုင် အနီးသို့ရောက်လာသည်။

" ဦးဘတုတ် ခင်ဗျားမိန်းမကြီးဟိုမှာ လဲနေရစ်ပြီ "

" ဟင် . . . ရဲနိုင်၊ မင်းက ဘာကိစ္စ ချက်ကြီးစောင်ကို ယူခြုံထားရတာလဲ "

" ဟာ ဟုတ်သားပဲ အောင်မလေး ကျောယားလိုက်တာနော် "

ကိုဖိုက်က ပြောတော့မှ ရဲနိုင်က စောင်ကိုခွာပြီး မြေကြီးပေါ်ပစ်ချလိုက်သည်။ သူရဲကိစ္စ ရှင်းသွားသည့်တိုင် ဒေါ်အာကျယ်ကို ထော်တော်နှာနှပ် ယူလိုက်ကြရလေသည်။

*



" ဟေ့ကောင်တွေ လူမှုရေးအသိလေးနဲ့ ဒီမှာလာပြီး ဝိုင်းကူကြပါဦးဟ "

အသုဘရက်လည်ပြီး နောက်တစ်ရက်မှာပဲ ဦးဘတုတ်နှင့် ဒေါ်အာကျယ်တို့ အထုပ်အပိုးများ မနိုင်မနင်းဖြင့် အဆောင်ထဲကို ဝင်လာကြသည်။

" အဲ့ဒါက ဘယ်လိုဖြစ်လာကြတာလဲဗျ "

ဦးဘတုတ်တို့ လင်မယားကိုကြည့်ပြီး ကိုဖိုက်က မျက်လုံးပြူးမျက်ဆံပြူးဖြင့်မေးသည်။ ဦးဘတုတ်က ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့်ဖြေ၏။

" သျှောင်နောက်ဆံထုံးပါ ဆိုပါတော့ကွာ၊ ခင်ကငါ့ဇနီးမယားဖြစ်ပြီဆိုတော့ ငါ့အိမ်မှာပဲပေါင်းနေရမှာပေါ့ သူ့အိမ်ကို ရောင်းပစ်လိုက်ပြီလေကွာ "

အဆောင်နေသူအားလုံး ကြက်လည်လိမ်သလို ဖြစ်ကုန်ကြရသည်။ ထိုနေ့ညမှာပင် ဒေါ်အာကျယ်၏ အစွမ်းကစတင်ပြပါတော့သည်။

" ကိုကိုတုတ် ဒီသေနာလေးက ကျုပ်တို့ကုတင်မှာ တက်အိပ်နေတာ ဘယ်လိုလုပ်မှာတုန်း "

သားလေးဘိုပြူး သားက လိမ္မာပါတယ်ကွာ၊ ဘုရားခန်းမှာ သားအဖို့က် အိပ်ရာပြင်ထားတယ်လေ အဲ့ဒီမှာ သွားအိပ်နော်၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းမှာ အိပ်တော့ တစ္ဆေတွေ သူ့ရဲတွေမလာရဲဘူး "

" ကျွန်တော်မှ တစ္ဆေသူရဲတွေ မကြောက်တာ၊ လာချင်လည်း လာပါစေ လေးခွနဲ့ဆော်ထည့်လိုက်မယ် "

ဘိုပြူးအသံက ဂျစ်ကန်ကန်၊ ဘယ်လို ချော့ရမလဲဟု ဦးဘတုတ်စဉ်းစားလိုက်သည်။

" သားကို အဖေ မနက်ကျရင် မုန့်ဖိုးတွေအများကြီးပေးမယ်နော်၊ သွားအိပ်လိုက်ပါကွာ "

" မုန့်ဖိုးမလိုချင်ပါဘူး ဖဲဝိုင်းမှာ အကောက်ကောက်လို့ရထားတာတွေရော၊ ဘေးလောင်းလို့ နိုင်ထားတာတွေကော အများကြီးရှိသေးတယ် ငွေများများကိုင်ထားရင် လူပျက်စီးတတ်တယ်တဲ့ ကိုယ့်ရှိတဲ့ငွေတောင် ကိုဖိုးလုံးနဲ့ကိုရဲနိုင်ကို အတိုးနဲ့ချေးထားရသေးတယ် "

" ဗုဒ္ဓေါ "

ဦးဘတုတ်တို့သားအဖ ဆွေးနွေးခန်းဖွင့်နေကြသည်ကို ဒေါ်အာကျယ်က ကြာကြာသည်းခံနိုင်ပုံမရတော့၊ အော်လိုက်သည့်အသံက တော်တော်ကျယ်သွားသည်။

" ကိုဘတုတ် တော်တို့သားအဖကို ကျုပ်သည်းမခံနိုင်တော့ဘူး၊ ကျုပ်ဖာသာတစ်ယောက်တည်း ဘုရားခန်းမှာ သွားအိပ်မယ် တော်လည်း ဒီအခန်းထဲမှာပဲ အိပ်ရစ်၊ ကျုပ်နောက်လိုက်မလာနဲ့ "

" အဲ အဲ့ဒီလိုတော့ မလုပ်ပါနဲ့ မိန်းမရယ် ကိုကိုတုတ် သားကိုနားဝင်အောင် ပြောပါရစေဦး "

ဦးဘတုတ်က သိမ်မထည့်တဲ့လှည်းက အသံထွက်မျိုးဖြင့်



ဒေါ်အာကျယ်ကိုချော့သည်၊ ဒေါ်အာကျယ်ကမပျော့။

" တော့်ဖာသာ နားဝင်တာ မဝင်တာမသိဘူး၊ ကျုပ်ကတော့ အိပ်ရာဝင်တော့မယ်၊ တကာတည်းတော် "

ဒေါ်အာကျယ်က ဗျစ်တောက် ဗျစ်တောက်ပြောရင်း ဘုရားခန်းထဲသို့ လှမ်းသွားလေတော့သည်။ အောက်ထပ်က ဖိုးလုံးက ဘုရားရှစ်ခိုးပြီးပြီမို့ အမွှပေးဝေပြီး ကြေးစည်ထုလိုက်သည်။

" သတ္တဝါတွေ ဝေနေယျအပေါင်းတို့ ချမ်းသာကိုယ်စိတ်မြဲကြပါစေ "

တူဝေ ဝေ ဝေ ဝေ

*

မနက်မိုးလင်းတော့လည်း ဒေါ်အာကျယ်ရဲ့ ထုံးစံကပြန်လည်နိုးထလာပြန်ပါသည်။

" ဟဲ့ သေနာကောင် ချက်ကြီး ထတော့လေ ဘယ်အချိန်ရှိအဲတော့ ချက်ကြီးကသေပြီးလို့ လတောင်လည်တော့မှာပဲ၊ ကဲ မထူးပါဘူး ကိုယ်နှိုးနေမှတော့ သူများလဲ ထမှဖြစ်မှာပေါ့ ကိုဘတုတ် ကိုဘတုတ် ဘယ်အချိန် ရှိပြီလဲ တော့်မလဲ သေပဲသေနိုင်လွန်းတယ် "

ချက်ကြီးကို နှိုးစရာမရှိတော့ ဦးဘတုတ်ကိုနှိုးသည်။ ဦးဘတုတ်ညက တော်တော်နှင့်အိပ်မပျော်ခဲ့တာမို့ ပေပြီးအိပ်နေလိုက်ပုံရသည်။ ဒေါ်အာကျယ်က ခြေသံပြင်းပြင်းဖြင့် လှမ်းသွားပြီမည်သို့ပြုလုပ်လိုက်သည်မသိ၊ ဦးဘတုတ်ထံမှ မချိမဆန့်အော်သံကြီး

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာသည်။

" အောင်မလေး သေပါပြီဗျ၊ တကယ့်နေရာမှ လုပ်ရက်တယ် မိန်းမရာ "

တစ်ညလုံးအလုပ်လုပ်ပြီး မိုးလင်းကာနီးမှ အိပ်ပျော်ခဲ့သော ရဲနိုင်မှာ အပေါ်ထပ်မှ ဝရုန်းသုန်းကား အသံများကြောင့် မျက်လုံးကြောင်တောင်ဖြင့် ငုတ်တုတ်ထထိုင်လိုက်သည်။ တခြားသူများက မျက်နှာသစ် အဝတ်အစားများပင်လဲလှယ်ပြီး နေကြပြီ။

" စောစောစီးစီး အပေါ်ထပ်က ဘာတွေဖြစ်နေကြတာလဲ "

" သိချင်ရင် အပေါ်တက်ကြည့်ချေပါလား ဟဲ ဟဲ "

" ငါတို့ ဦးဘတုတ်တော့ အညွန့်ကျိုးရှာပြီ ထင်ပါရဲ့ ဟီး ဟီး "

တစ်ယောက်တစ်ပေါက် လျှောက်ပြောပြီး ရယ်ပွဲဖွဲ့နေကြ၏။ ဦးဘတုတ်၏ ချွဲပျစ်ပျစ် အသံကြီးထပ်မံထွက်ပေါ်လာမှ အဖြေက ရှင်းသွားတော့သည်။

" ထဆို ထတော့လေ၊ ဘာကိစ္စ အပျင်းကြောဆွဲနေတာလဲ "

" မထနိုင်လို့ပါ ခင်ရယ်၊ ခင်က ညို့သကျည်းရိုးကို ရိုက်ထည့်လိုက်တာ လမ်းတောင်လျှောက်နိုင်ပါ့မလား မသိပါဘူး။ ကိုကိုတုတ်ကို တွဲပါဦး "

" ဟွန်း အခုမှ အဖြစ်သည်းနေလိုက်တာ ကဲ ထ ထ။ ဖာင် ရှင် ရှင် သေးတွေ အိပ်ရာထဲပေါက်ထားတယ်ပေါ့လေ နံလိုက်တာ ဟောင်နေတာပဲ "



" ဟာကွာ ကိုကိုတုတ်က ဒီအရွယ်ကြီးကျမှ အလကား အိပ်ရာထဲ သေးပေါက်ပါ့မလား တိုကောင်လေး ဘိုပြူးပေါက်တာပဲ ဖြစ်မှာပေါ့ "

ကိုဗိုက်တို့ ဦးဆောင်ပြီး နားစွင့်ပွဲကြီးကို ရပ်ဆိုင်းလိုက်သည်။

" လက်ဘက်ရည်ဆိုင် သွားကြ ယ်ဟေ့ ပွဲကသိပ်နား ထောင်လို့ မကောင်းတော့ဘူး "

အားလုံး လက်ဘက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။ လက်ဘက်ရည်ဆိုင်မှာ သူတို့လေးယောက် အရေးပေါ်ဆွေးနွေးစရာ အကြောင်းအရာတစ်ခုက ရှိလာလေသည်။ စတင် အဆိုပြုလာသူက ဒီပဇော်ဖြစ်သည်။

" ငါတို့ ဒီအဆောင်မှာ ကြာကြာစခန်းသွားလို့ ဖြစ်ပါ့မလားကွာ "

" ယုတ်တယ် ငါလဲ အဲ့ဒါကိုတွေးမိတယ် "

ဖိုးလုံးက ဒီပဇော်စကားကို ထောက်ခံလိုက်သည်။ ကိုဗိုက်က လူကြီးဆန်ဆန် ဝင်ပြောသည်။

" မင်းတို့ကလဲကွာ ဒေါ်အာကျယ် အသံကိုများ အခုမှ အဆန်းလုပ်လို့၊ ဒီအဆောင်လောက် လွတ်လပ်ပြီး အဆင်ပြေတဲ့ အဆောင်မျိုး မင်းတို့က ရှာနိုင်လို့လား "

အားလုံးငြိမ်သွားသည်။ ရဲနိုင်က စိတ်ဝင်စားဖွယ် အကြောင်းအရာတစ်ရပ် အဆိုတင်သွင်းလာပြန်သည်။

" နေဦးကွ ဒေါ်အာကျယ့်အိမ်ကို မနေ့ညနေက အိမ်ဝယ်လိုက်တဲ့ လူသစ်တွေပြောင်းလာတယ် အိမ်ရှင်အသစ်မှာ သမီး

www.burmeseclassic.com

www.burmeseclassic.com



ချောချောလေးတွေများ ပါလာမလားမသိဘူး ”

“ မနေ့က ငါလှမ်းကြည့်နေတာတော့ မိန်းမနဲ့တူတာ တောင် မပါဘူး ”

ဖိုးလုံးဝင်ထောက်ပြလိုက်သဖြင့် မျှော်လင့်ချက်မဲ့သလိုဖြစ် သွားကြသေးသည်။ ရဲနိုင်က မလျှော့သေး။

“ ဒီနေ့မှ ပြောင်းချင်ပြောင်းလာကြမှာပေါ့ ”

“ စောင့်ကြည့်ကြသေးတာပေါ့ကွာ ”

လက်ဖက်ရည်ဆိုင်ကအပြန် ဒေါ်အာကျယ်ရောင်းခဲ့သော အိမ်ဘက်ကို အကဲခတ်ရင်း အဆောင်မှအပြင်သို့ မထွက်ဖြစ်ကြ။ ဒီပဇော်တစ်ယောက်သာ တိစ္စတစ်ခုရှိသည်ဟုဆိုကာ မြို့ထဲကိုထွက် သွားသည်။

ဦးဘတုတ်နှင့် ဒေါ်အာကျယ်တို့က ထမင်းစားပြီးချိန်တွင် အိမ်ပေါ်သို့ ရှေ့ဆင့်နောက်ဆင့် တက်သွားကြသည်။ ရဲနိုင်က ဦး ဘတုတ်တို့ စုံတွဲကို မေးငေါ့ပြပြီး အချက်ပေးလိုက်သည်။ ဖိုးလုံးနှင့် ကိုဗိုက်တို့က ပြုံးဖြီးဖြီးလုပ်နေကြ၏။

မကြာခင် အပေါ်ထပ်မှ ခပ်တိုးတိုး ခပ်အုပ်အုပ်အသံများ ထွက်လာသည်။ မကြားရမည်စိုး၍ ဦးဘတုတ်တို့ အိပ်ခန်းနှင့်တည့် တည့် ကိုဗိုက်ကုတင်ထက်မှာ သုံးယောက်လုံးတက်ပြီး မတ်တတ် ရပ်နားစွင့်နေကြသည်။

“ ခင်မှောက်လိုက်လေ ”

ဦးဘတုတ်အသံက အထူးပျော့ပြောင်းလွန်းနေသည်။ အောက်ထပ်ရှိ ကုတင်ထက်မှ သုံးယောက်က ကျောက်ရုပ်များအ လား။



“ အား ကျွတ် ကျွတ် ကျွတ် နာလိုက်တာတော် ”

“ အဖျားလေးမှိပါကွာ ”

ကိုဗိုက်တို့ သုံးယောက်မျက်လုံးပြူးပြီး ပါးစပ်များဟောင်း လောင်းပွင့်သွားသည်။

“ အီး မခံနိုင်တော့ဘူး ဆင်းတော့ သေနာကြီး နာပါတယ် ဆိုမှ ခြေချောင်းအဖျားကိုချည်း တမင်ကျိတ်ကျိတ်နင်းနေတာပဲ၊ စေတနာမရှိရင်လည်း အစကတည်းက မနင်းနဲ့ ”

“ ဝုန်း ”

ကိုဗိုက်ကုတင်က ကျွံကျသွားသည်။ ကံကောင်းလို့ မကျိုး မပဲ့ကြတာလေ။

“ ကော် ကော့ ငွဲ ”

“ ဟ . . . ဘေးအိမ်က ဘာသံကြီးလဲဟ ”

သတ္တဝါတကောင်ရဲ့ အသံတော့မဟုတ်၊ ဘာသံကြီးမှန်း လည်းမသိ။ လူကြီးတစ်ယောက်ရဲ့ အသံက မာမာထန်ထန် ထွက် ပေါ်လာသည်။

“ မင်းကို မှတ်မိလွယ်အောင် ခဏ ခဏပြောပေါင်း မ နည်းတော့ဘူး။

တဖက်အိမ်မှ အသံများကြောင့် ကိုဗိုက်တို့ သုံးယောက် လိုက်မမီအောင် ဖြစ်သွားကြသည်။ ခဏအကြာမှ ထော့နင်းထော့ နင်း ဂီတသံထွက်ပေါ်လာလေသည်။

“ တော် တီး တဲ့ တဲ့ တော် တွီ ”

“ ဟာ . . . နှံ့မှုတ်တာဟ ”

အိမ်အပေါ်ထပ်မှ ဆင်းလာသော ဦးဘတုတ်ကို ကိုဗိုက်က

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေးသည်။

" ဟိုဘက် အိမ်ကဘာတွေလဲဗျ "

" ငါ့မိန်းမရဲ့အိမ်ကို ဝယ်လိုက်တဲ့လူက နိုင်ငံကျော်နဲ့ဆရာကြီး စိန်ထပ်တစ်ရာဆိုတာပေါ့။ သူက လူပျိုကြီး၊ သူ့တပည့်တွေကို နဲ့သင်ပေးနေတာ ဖြစ်မှာပေါ့ "

ဦးဘထုတ်ကတော့ ပေါ့ပေါ့လေးပြောလိုက်သည်။ ကိုဗိုက်တို့တတွေမှာ ရုတ်တရက်ကြီး ငရဲခန်းတစ်ခုတည်းရောက်သွားသလို ခံစားလိုက်ရလေတော့သည်။

မိတ်ဆွေနားထဲမှာ ကြားယောင်ကြည့်လိုက်စမ်းပါ။ ရော အဆောင်ရဲ့ မိုးလင်းမှ မိုးချုပ်နေ့စဉ်ကြားနေရမယ့် သံစဉ်လှလှ လေးတွေ။

" ဟဲ့ သေနာကောင်လေး ငါ့ထမီကို ဘယ်ဆိုင်မှာ သွား ပေါင်ထားတာလဲ မှန်မှန်ပြော ကိုဘတုတ် တော်ကန်းနေလား။ ထ လေ "

" တော် တော် တီ တော် တဲ့တော်တူ "

" ကော် ကော့ ကော့ ဂစ် တွိ "

" လေးပေါက်ကို သက်ပြန်မမှတ်နိုင်ဘဲ မမှတ်ရဘူး။ နားလည်လား။ တျာအသတ်က တီကနဲ လေမပြတ်သ၍ နှံမမှတ် တတ်သေးဘူး "

" ကိုဘတုတ် တော့်သားလုပ်ပုံကောင်းလား၊ မစိန်ငွေ အိမ်က မှန်တံခါးကိုလေးခွနဲ့ ပစ်သွားလို့တဲ့ ဒီမှာလာတိုင်နေတယ် "

အဲ့ဒီလိုလေ---။

တစ်ရက်တစ်ရက် ဒေါ်အာကျယ်ရဲ့ ပတ်ကြွမ်းတိုက်သံ၊ နဲ့ဆရာနှင့် သူ၏တပည့်များ၏ ပါးစပ်အစွမ်းပြသံများကြောင့် ရော မအဆောင်သားများ စိတ်ဆင်းရဲ နားဆင်းရဲ ဒုက္ခကိုအလူးအလဲ ခံနေကြရပါသည်။ ဒေါ်အာကျယ်နှင့် ဦးဘတုတ်တို့မရှိတုန်း ကိုဗိုက်၊ ဖိုးလုံးနှင့်ရဲနိုင်တို့သုံးယောက် အစည်းအဝေးထိုင်နေကြ၏။ ဒီပဇော်က ကိစ္စရှိလို့ဆိုပြီး မြို့ထဲကိုထွက်သွားသည်။

" နားဒုက္ခကို ငါတော့ဆက်ခံစားနိုင်မှာ မဟုတ်တော့ဘူး "

ကိုဗိုက်ကစပြီး ညည်းညည်းညူညူပြောသည်။ ဖိုးလုံးက မထူးဆန်းပါဘူး ဆိုသောလေသံဖြင့် ဝင်ပြောသည်။

" ဘယ်သူကတော့ ခံနိုင်မှာတုန်းဗျာ မနက်မိုးလင်းတာနဲ့ "

" ကော် ကော့ ကော့ ဂစ် ဂစ် "

" ဟော စပြီ "

ဖိုးလုံးစကားပင် မဆုံးလိုက် တစ်ဖက်အိမ်မှ နဲ့ဆရာတို့ လေ့ကျင့်ခန်းက စတင်ပါတော့သည်၊ ရဲနိုင်က ခေါင်းကိုခါရမ်းပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



" မဖြစ်ဘူး မဖြစ်ဘူး ဒီအဆောင်မှာ ဆက်နေဖို့ကတော့ လုံးဝကို မဖြစ်နိုင်တော့ဘူး၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် အဆောင် ပြောင်းမှကို ဖြစ်မယ် "

" ငါလည်း မင်းပြောသလို စဉ်းစားတာပါပဲကွာ၊ ဒါပေမယ့် နှင်းခလမင်းက ငြိနေသေးတယ် "

ကိုဗိုက်ကလွမ်းတသသ ပြောလာသည်။ ဖိုးလုံးက ဝင်ဖြည့် စွက်လိုက်သေးသည်။

" နှင်းခလမင်း ဒီလကုန်ရင် ရန်ကုန်ကိုပြန်လာမယ်လို့ ဦးဘတုတ်ကို ဒေါ်အာကျယ်ပြောနေတာ ငါနားစွန် နားဖျားကြား မိတယ် "

ဖိုးလုံးစကားကြောင့် ရဲနိုင်သူစကားသူ ပျော့ချလိုက် သည်။

" တစ်ခုတော့ ရှိတာပေါ့လေ တခြားအဆောင် ဆိုတာ လည်း ငါတို့'ရောမ'လောက်တော့ အဆင်ပြေဖို့ သိပ်မလွယ်ဘူး "

တကယ်တော့ ဘာပဲပြောပြော သူတို့သုံးဦးလုံးဆန္ဒတ နှင်းခလမင်းရောမအဆောင်ကို ရောက်လာလျှင် ဆိုသောမျှော်လင့် ချက်က တူညီနေပါသည်။ သုံးဦးသား စကားပြောနေစဉ် အဆောင် ရှေ့ကို ကားရပ်သံကြား၍ ခေါင်းထောင်ကြည့်လိုက်ကြသည်။ တား က နောက်ဆုံးပေါ် အဖိုးတန်ကားကြီး။

" အိမ်မှားပြီးရပ်တာ နေမှာပါကွာ "

ကိုဗိုက်မှတ်ချက်ချလိုက်သည်က လွဲသွားသည်။ ကားပေါ် မှ ပုခုံးမြင့်ပြီး ခေါင်းမော့ဆင်းလာသူကား ဒီပဇော်ပင်တည်း။ အား လုံးပါးစပ် ဟောင်းလောင်းဖြစ်သွားကြလေကုန်၏။



" ဟယ်လို ရောမသားဘော်ဒါအပေါင်းတို့ ကိုယ်ဒီနေ့ပဲ ကိုယ့်ဦးလေးနဲ့ မြို့လည်ခေါင်မှာ အမှတ်မထင်သွားဆုံလာတယ်၊ ဒီအဆောင်ကို ဝမ်းနည်းစွာနဲ့ပဲ လာရောက်နှုတ်ဆက်လမ်းခွဲ ကြောင်းလာ အသိပေးတာပါ၊ ဒါပဲနော် ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်း တွေကိုလည်း ဘော်ဒါတို့ကို စွန့်ကျဲလှူဒါန်းခဲ့ပါတယ်ကွာ၊ အိုကေ ဘိုင့် ဘိုင် "

ဒီပဇော်က သူစားပွဲပေါ်ကို သေတ္တာသော့ချထားခဲ့ပြီး အမြင်ကပ်ဖွယ်ဆောင့်ကြွားကြွား အမူအယာဖြင့် လှမ်းထွက်သွား လေသည်။ ဖိုးလုံးက ကြေးစည်လေးကိုထုပြီး အမျှဝေလိုက်၏။

" ဒီပဇော်ရေ အမျှ အမျှ အမျှ "

" တူဝေ ဝေ ဝေ "

ရောမအဆောင်ထဲမှာ ရယ်သံများကျန်နေခဲ့တော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဒီပဇော်ဦးလေး ကိုမင်းစိန်ပိုင်ဆိုင်သော တိုက်ကြီးထဲကို စရောက်စဉ်က ဒီပဇော်မှာအိပ်မက်တိုင်းပြည်ကြီးထဲ ရောက်သွားသလိုခံစားလိုက်ရလေသည်။ ကနုတ်ထွင်းထုထားသော ဆိုဖာဆက်တီကြီးတွေပေါ်မှာ ဒီပဇော်ရှိုးတိုးရှန့်တန့် ထိုင်ခဲ့ရ၏။ ခေတ်ပေါ်အသုံးအဆောင်များ အလှဆင်ပစ္စည်းများ၊ ခန်းနားထည်ဝါလှသော ပန်းချီကားများ၊ ဧည့်ခန်းထဲကို ဝင်မိသည်နှင့်ပင်၊ တကယ့်နတ်ပြည်နတ်နန်းကြီးတမျှပင်။

" မင်း ဒီမှာဘဲနေ၊ အလုပ်ကထွက်လိုက်တော့ ရှေးဟောဒါ မီးခံသေတ္တာသော့၊ ဒါကဘဏ်မှာ အပ်ထားတဲ့ငွေတွေလို အပ်ရင် ထုတ်သုံးဖို့ ချက်(စ်)စာအုပ် "

" ဟင် ကျွန်တော်က ဒါတွေကို ကိုင်ထားတော့ ဦးလေးက ကျွန်တော့်ဆီက ပြန်တောင်းနေရမှာပေါ့ "

" မလိုဘူး ငါက ဆရာကောင်းကပ်မိသွားပြီ၊ မင်းလည်းကံကောင်းတာပဲ နောက်နှစ်ရက်ဆိုရင် ငါက ဆရာကြီးနဲ့အတူဂန္ဓာရီခရီးထွက်တော့မလို့၊ ပေါက်မြောက်မှာတော့ မဟုတ်ပါဘူး"

ကိုမင်းစိန်စကားကို ဒီပဇော်နားမလည် နိုင်အောင်ဖြစ်သွားသည်။ ဘယ်လိုကြီးမှန်းမသိ။

" ကျွန်တော် နားလည်အောင်လည်း ရှင်းပြပါဦး ဦးလေးရယ်၊ ဂန္ဓာရီခရီးထွက်တယ်ဆိုတာ ဝိဇ္ဇာလမ်းကို လိုက်တယ်လို့ပဲ ကျွန်တော်သိထားတာ အခု ဦးလေးဟာ ဘယ်လိုကြီးတုန်း "

" မင်းနားလည်အောင်ရှင်းပြမယ်၊ ဒီလိုကွ ငါ့ဆရာကြီးရဲ့ ဆရာကြီးတုန်းကလည်း ဂန္ဓာရီခရီးတွေထွက် ခါတ်ခန်းတွေဝင်



လုပ်ခဲ့တယ်၊ ဒါပေမယ့် မပေါက်မြောက်ခဲ့ဘူး၊ မပေါက်မြောက်ပေမယ့် လူတွေက အထင်ကြီးတော့ ချမ်းသာသွားတယ်၊ ငါ့ဆရာကြီးက သူ့ဆရာကြီးနောက်ကကပ်လိုက်ရင်း ရောရောင်ပြီး အထင်ကြီးခံရလို့ အဆင်ပြေတယ်၊ အခုငါ့ဆရာ ကြီးက သူ့ဆရာကြီးလိုဂန္ဓာရီခရီးထွက်ရင် လူတွေကဝိုင်းအထင် ကြီးလေးစားကြဦးမယ်၊ အဲ့ဒီတော့ ငါက ငါ့ဆရာကြီးကိုကပ်လိုက်မယ် အဲ့ဒါပဲ "

ဘာတွေမှန်းလည်းမသိ၊ ရှင်းပြလိုက်မှ ပိုရှုပ်ကုန်သည်။ သိတာ မသိတာအသာထား လောလောဆယ်တော့ ဦးလေးစည်းစိမ်နှင့် ဒီပဇော်ရုတ်တရက်ကြီး လူချမ်းသာဖြစ်သွားတာတော့ လက်တွေ့ပင်။ ဦးလေးဂန္ဓာရီ ခရီးထွက်သွားပြီး ၂ရက်၃ရက်ကြာတော့ ဒီပဇော်နေရထိုင်ရတာ ပျင်းလာသည်။ အလုပ်ကလည်း ဘာမှမယ်မယ်ရရမရှိ၊ အိမ်ကိုစိတ်မချ၍ ဘယ်ကိုမှလည်း သိပ်မထွက်ဖြစ်။

ချစ်သူလေး မီမီလှိုင်ကို ဖုန်းဆက်ပြီး ခေါ်တွေ့ရရင် ကောင်းမလား၊ ရောမအဆောင်တာ ဖွတ်ကျားတွေဆီ သွားလည်ရလျှင်ကောင်းမလား၊ အဲ့ဒါကိုတော့ ကောင်းမည်မထင် ပါသလောက် အကုန်ခွေးသေကောင်ကို လင်းတတွေဝိုင်းဆွဲသလို ဝိုင်းဝန်းစားသောက် တောင်းရမ်းလိုက်ကြမှာ အမှန်ပင်။ လူဆိုတာ ငွေရှိလာတာနဲ့အမျှ ငွေကိုအလဟဿ သုံးစွဲပစ်ရမှာ ပိုကြောက်လာသလိုပဲဟု ဒီပဇော်တွေးလိုက်မိသေးသည်။ ထိုစဉ် လူခေါ်ဘဲလ်တီးသံကြား၍ ဒီပဇော်လန်းဆန်းတက်ကြွစွာ ခြံဝင်းတံခါးဆီသို့သွားလိုက်သည်။ ခြံတံခါးကို ဖွင့်ကြည့်လိုက်တော့ ရုပ်ရည်သနားကမား အဝတ်အစား ခပ်နွမ်းနွမ်းဖြင့် **မိန်းကလေးတစ်ယောက်**။

www.burmeseclassic.com

www.burmeseclassic.com



" ဘာကိစ္စများပါလိမ့် "

ကောင်မလေးက စိုးရိမ်ပူပန်သောမျက်နှာလေးဖြင့် ဒီပဇော်ကို မရဲတရဲကြည့်ရင်းမေးသည်။

" ဒါ ဒါ ဦးမင်းစိန်အိမ် ဟုတ်ပါတယ်နော် "

ကောင်မလေးလက်မှာ ခရီးဆောင်အိတ် အဟောင်းလေးကိုဆွဲလာသည်မို့၊ ခရီးဝေးကလခဲ့ရခြင်း ဖြစ်မည်ဟု ဒီပဇော်ခန့်မှန်းလိုက်မိသည်။

" ဟုတ်ပါတယ် ကိစ္စကိုပြောဦး "

" ကျွန်မ ဦးလေး ဦးမင်းစိန်နဲ့တွေ့ပါရစေ "

" ဦးလေးက အိမ်မှာမရှိဘူး ခရီးထွက်သွားတယ် "

" ဟင် ဒုက္ခပါဘဲ ခရီးထွက်တာက ဘယ်နေ့ပြန်ရောက်မှာတဲ့လဲရှင် "

" အဲဒါလည်း အတတ်ပြောလို့ မရဘူး ညီမ "

" အမလေး ကိုယ်ကျိုးတော့ နည်းပါပြီ အစ် အစ် ဟီး အီး "

ကောင်မလေးက မြေကြီးပေါ် ခြေပစ်လက်ပစ်ထိုင်ချပြီး ရှိုက်ကြီးတငင်ငိုချလိုက်သည်။ ကောင်မလေး ငိုသံကြောင့် ဘေးအိမ်များက စူးစမ်းသောအကြည့်များဖြင့် ထွက်ကြည့်ကုန်ကြသည်။

" ဟာ ဟော့ ဟော့ မငိုနဲ့လေ ဟာဒုက္ခပါဘဲ "

" ကျွန်မငိုရုံပဲရှိတော့တာ ငိုမှာပဲ အီး . . . ဦးလေးရဲ့ ဟစ် ဟစ် အီ အစ် အီး "

ဒီပဇော်ခေါင်းကို တဖျင်းဖျင်းထိုးကုတ်လိုက်သည်။ ဒီပုံအတိုင်းဆို ဘေးအိမ်တွေက ယုံထင်ကြောင်ထင် ထင်ကုန်ကြပေ



တော့မည်။ ဒီပဇော် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားရသည်။

" ကဲ ကလေးမ မင်းငိုချင်ရင်လဲ အိမ်ထဲဝင်ပြီး အကျိုးအကြောင်းပြောပြပြီးမှ ငိုလာ . . . လာနော် ပတ်ဝန်းကျင်က ဝိုင်းကြည့်နေကြတယ် ရှက်စရာကြီး "

မနည်းကြီးချော့မော့ခေါ်တော့မှ ကောင်မလေးက မဝင်ချင်ဝင်ချင်ဖြင့် အိမ်ထဲကို လိုက်ဝင်လာလေသည်။ ဧည့်ခန်းထဲရောက်သည်အထိ အငိုကမရပ်သေး။

" မင်း ဒီအတိုင်းဆက်ငိုနေလို့ ဘာအကြောင်းထူးမှာလဲ ငါ့ကိုလည်း အကျိုးအကြောင်း ရှင်းပြဦးမှပေါ့ "

" ဟုတ်ပါတယ်ရှင်၊ ကျွန်မ သိပ်ဝမ်းနည်းသွားလို့ပါ၊ ကျွန်မမှာတော့ ဦးလေး ဦးမင်းစိန်ကို အားကိုးတကြီးလာခဲ့ရတာ အခုတော့ အခုတော့ အစ် အစ် အီး "

" ဟာကွာ မင်းဟာ အငိုသန်ပဲ သန်နိုင်လွန်းတယ်၊ နေစမ်းပါဦး မင်းကဘယ်ကလာခဲ့ရတာတုန်း ဦးလေးနဲ့ ဘယ်လိုပတ်သတ်တာတုန်း အဲ့ဒါကို အရင်ပြောဦး "

ဒီပဇော်က ဝေါက်ဆက်ဆက်ပြောလိုက်တော့မှ ကောင်မလေးက မျက်ရည်တွေကို လက်ခုံဖြင့်ပွတ်သုတ်ပစ်ပြီး တုန်တုန်ရင်ရင် ရှင်းပြသည်။

" ကျွန်မက ဦးလေးဦးမင်းစိန်ရဲ့ မိန်းမဒေါ်သန္တာအေးရဲ့ သမီးပါ။ တောင်ကြီးမှာ နေပါတယ် "

" ဟ . . . ဘယ်လိုကြီးတုန်း ဦးလေးမိန်းမရဲ့ သမီးဆိုတော့ ဦးလေးသမီး မဟုတ်ဘူးလား "

" မဟုတ်ပါဘူးရှင် ကျွန်မက ဦးမင်းစိန်ရဲ့ မယားပါသမီး

www.burmeseclassic.com

www.burmeseclassic.com



ပါ "

လာပြန်ပြီ ဦးလေးရဲ့ မယားပါသမီး ဆိုပါလား၊ ဒီပဇော် လည်းသိတာမဟုတ်၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ ကောင်မ လေးကိုကြည့်ရတာ ရိုးပုံရိုးပန်းလေးပါ။

" ကဲ ဆက်ပြောပါဦး "

" ဦးလေး ဦးမင်းစိန်နဲ့ ကျွန်မမေမေတို့ အိမ်ထောင်ကျ ပြီး သုံးနှစ်လောက်အကြာမှာ ဦးလေးက ရန်ကုန်မှာ အခြေချနိုင် အောင်သွားစီစဉ်ဦးမယ်၊ အရေးအကြောင်းရှိရင် ဖုန်းဆက်၊ လူ လိုက်လာဖို့ လှမ်းခေါ်ရင်လည်း တစ်ခါတည်းလိုက်လာခဲ့ကြလို့ မှာသွားပါတယ် "

" ဒါဆို ဦးလေးက လှမ်းခေါ်လို့ မင်းကလိုက်လာတာ လား "

" အစ် အစ် အီး "

ကောင်မလေးက မေးတာကိုမဖြေဘဲ ကြားဖောက်ပြီးငို ပြန်ပါသည်။ ပြီးမှ ငိုသံနှောပြီး အဖြစ်အပျက်ကိုဆက်ပြောသည်။

" ပြီးခဲ့တဲ့တပတ်က ကျွန်မမေမေဆုံးပါးသွားလို့ ဦးလေး ဦးမင်းစိန်ရဲ့ လက်ကိုင်ဖုန်းကိုဆက်တော့ ဖုန်းခေါ်လို့လုံးဝမရပါ ဘူး။ ကျွန်မမှာ ဆွေရယ်မျိုးရယ်လို့လည်း အားကိုးစရာမရှိတာ ကြောင့် ကိုယ့်အပေါ် သမီးအရင်းလို ချစ်တဲ့ ဦးလေးဦးမင်းစိန်ကို ပဲ အားကိုးပြီး ရန်ကုန်ကို အရဲစွန့်လိုက်လာခဲ့တာပါ-အခုတော့ အခုတော့ "

" ဟော့ ဟော့ တော်ပြီ မငိုနဲ့တော့၊ ငါသဘောပေါက်သွား ပြီ၊ မင်းဘာမှမပူနဲ့ မင်းအတွက်ငါ အဆင်ပြေအောင်စီစဉ်ပေး မယ် "



ဒီပဇော်စကားကြောင့် ကောင်မလေးက စိတ်အားတက် ကြွသွားပုံရသည်။ သို့သော် ဒီပဇော်ကိုမယုံမရဲတော့ ဖြစ်နေဟန် ရှိ၏။

" နေပါဦး ဒါထက်ရှင်က ဦးလေးဦးမင်းစိန်နဲ့ ဘယ်လို ပတ်သက်လို့လဲ "

" ငါက ဦးလေးဦးမင်းစိန်ရဲ့ တစ်ဦးတည်းသောတူ၊ တူဆို ပေမယ့် သားတစ်ယောက်ဆိုရင်လည်း မမှားဘူး၊ အမွေစားအမွေခံ တူလို့လဲပြောလို့ရတယ် "

ဒီပဇော်က ကောင်မလေးအမေးစကားကို မခံချင်သဖြင့် လိုအပ်သည်ထက် ပိုပိုသာသာလေးကြွားပစ်လိုက်၏။

" ငါ့နာမည်က ဒီပဇော်လို့ခေါ်တယ်၊ မင်းနာမည်ကို ပြော ပါဦး "

" ကျွန်မ နာမည်က ခင်ဖြူစင်လို့ခေါ်ပါတယ်ရှင် "

" ကောင်းပြီ ခင်ဖြူစင်၊ လောလောဆယ်တော့ ဒီတိုက်နဲ့ ဥစ္စာပစ္စည်းတွေကို ဦးလေးကငါ့ကို လွှဲပေးထားခဲ့တယ်၊ ဒီမှာငါတစ် ယောက်တည်းပဲနေတယ် ၊ မင်းငါ့အပေါ်မှာ ယုံကြည်စိတ်ချတယ် ဆိုရင် ဒီမှာပဲနေနိုင်တယ်၊ ဦးလေးပြန်ရောက်လာတဲ့ အခါတော့ သင့်တော်သလို စီစဉ်ပေးလိမ့်မယ် "

ခင်ဖြူစင်ဆိုသောကောင်မလေး တွေသွားသည်။ ခဏ ကြာမှ သက်ပြင်းမောလေး ခပ်ရှည်ရှည်ချလိုက်ပြီး လေးလေးတွဲ့ တွဲ့ပြောရှာသည်။

" အင်းလေ ကျွန်မမှာလဲ ဘယ်ကိုမှမသွားတတ် မလာ

www.burmeseclassic.com

www.burmeseclassic.com



တတ်နဲ့ဆိုတော့ ရှရှဲစီစဉ်ပေးတဲ့အတိုင်းပဲ နေရတော့မှာပေါ့ "

ခင်ဖြူစင်အတွက် အခန်းတစ်ခန်းသီးသန့် စီစဉ်ပေးလိုက်သည်။ ရေချိုးခန်း၊ အိမ်သာမီးဖိုခန်း စသည်တို့ကို လိုက်ပြပေးလိုက်သည်။ မဆိုးပါဘူး၊ တစ်ယောက်တည်း နေရသည်နှင့်စာလျှင်တော့ စကားပြောဖော်ရတာပေါ့။ ကောင်မလေးရုပ်ကလည်း နာမည်နှင့်လိုက်အောင် ဖြူဖြူစင်စင်လေး မဟုတ်လား။

*

ခင်ဖြူစင် အိမ်ကိုရောက်လာပြီး နောက်တစ်နေ့မနက်ကစပြီး ဒီပဇော်ရဲ့အိမ်ဟာ အစစအရာရာပြောင်းလဲသွားသည်။ အိမ်တအိမ်လုံး ပြောင်လက်သန့်ရှင်းသွားသည်။ မနက်စာ ညစာဟင်းကောင်းကျွေးကောင်းနှင့်စားရသည်။ စားပြီးသားပန်းကန်များ ယခင်ကလို ပုံးလိုးပက်လက်မကျန်ရစ်တော့။ ဒီပဇော်စားပြီးသည်နှင့် ခင်ဖြူစင်က ပန်းကန်ကိုဆွဲယူပြီး ဆေးကြောပေးသည်။ ဒီပဇော်တားသည့်ကြားက ဒီပဇော်အဝတ်အစားများကို ခင်ဖြူစင်က ယူပြီး လျှော်ဖွပ်ပေးသည်။ မီးပူတိုက်ပေးသည်။



အိမ်ချင်းကပ်လျက်မှအိမ်က ဒေါ်စပ်စုကပင် ဒီပဇော်ကို ထုံးစံအတိုင်းစပ်စုခြင်းအမှု ပြုလာသည်။ ဒီပဇော်ကလည်း နောက်တီးနောက်တောက် ပြန်ပြော၏။

" မသိလို့မေးတာနော် မောင်ဒီပဇော် အိမ်ထောင်ပြုလိုက်ပြီလား "

" မှည့်ချိန်တန်မှည့် ညှစ်ချိန်တန် ညှစ်ပေါ့အန်တီရာ "

" ဟဲ့ ဘာလဲ မင်းစကားက "

" ဩော် အန်တီကလည်း သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ဆိုတဲ့ စကားကမော်ဒန်မဖြစ်တော့ဘူးလေ ဟဲဟဲ "

ဒီပဇော်က နောက်ပြောသည်ကို ဒေါ်စပ်စုက အတည်မပြု၊ ခင်ဖြူစင်ကိုလည်း တီးခေါက်ကြည့်လိုက်သေးသည်။

" မသိလို့မေးတာနော် မောင်ဒီပဇော်က နောက်တီးနောက်တောက်ဆိုတော့ အန်တီက မယုံလို့ သမီးက မောင်ဒီပဇော်ရဲ့ ဇနီးဆိုတာ ဟုတ်ရဲ့လား "

" ဩော် အန်တီရယ် သူက သူ့ဇနီးပါလို့ပြောနေမှတော့ မေးနေစရာလိုသေးလို့လား "

အမှန်က ခင်ဖြူစင်ဒေါသဖြစ်၍ ဒေါ်စပ်စုကိုဘုတောလိုက်ခြင်းဖြစ်သည်။ ထိုအကျိုးဆက်ကား နေ့ပင်မကူးဘဲ တည့်တည့်ကြီးတိုးဝင်လာပါသည်။

ဒီပဇော် ခြေရာဖျောက်နေသလို ဖြစ်နေ၍ မိမိလိုင်းက မရမက စုံစမ်းကာ ဒီပဇော်အိမ်ကိုလိုက်လာပါသည်။ လမ်းသာသိပြီး အိမ်နံပါတ်မသိ၍ စမ်းတဝါးဝါး ဖြစ်နေတုန်း ဒေါ်စပ်စုနှင့်

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ကြီးပင်ဝင်တိုးတာပါ။

" အန်တီ ဒီလမ်းထဲမှာ ဒီပဇော်ဆိုတဲ့ သူတစ်ယောက်ကို များ သိမလားရှင် "

" အမလေး ဒီလမ်းထဲမှာ အန်တီမသိတဲ့သူ ရှိကိုမရှိဘူး အဲ့ဒါဒီပဇော်တို့ လင်မယားနေတဲ့တိုက်ပဲ၊ ဒီပဇော်တော့ စောစော က အပြင်ထွက်သွားတာမြင်တယ်၊ သူ့မိန်းမတော့ ရှိလိမ့်မယ် "

မိမိလှိုင်ရင်ထဲကို မီးစဖြင့်ထိုးသလို ခံစားလိုက်ရသည်။ ဒေါသခြေလှမ်းများဖြင့် လမ်းထဲက ပြန်အထွက်၊ လမ်းထိပ်မှာ ဒီပ ဇော်ကို ဘွားကနဲ တွေ့လိုက်ရသည်။ ဒီပဇော်မျက်နှာကို အစိမ်း လိုက်ဝါးစား မလိုကြည့်လိုက်ပြီး လက်ကလေထဲမြှောက်တက်သွား၏။

" နင့်လောက် သစ္စာမဲ့တဲ့ကောင်၊ ကဲဟယ် "

" ဖြန်း "

ဒီပဇော်ဘာမှ ဖြေရှင်းချိန်ပင်မရလိုက်၊ မိမိလှိုင်က ရပ် ထားသောအငှားကားပေါ် တက်ပြီး ဝေါကနဲထွက်ခွာသွားလေတော့ သည်။ ပြီးပြီ၊ ဒီပဇော်အတွက် ဇာတ်လမ်းတစ်ခု မလှပစွာပြီးဆုံး သွားခဲ့လေပြီ။

*



အဲဒီနေ့က ရောမဆောင်မှာ ကိုဗိုက်၊ ဖိုးလုံး၊ ရဲနိုင်နှင့် အဆောင်ရှင်ဦးဘတုတ်တို့ ဒေါ် အာကျယ်အပြင်သွားသည့်အခိုက် ကျိတ်ဝိုင်းလေးဖြစ်ကြသည်။ ကိုဗိုက်က ဖဲချပ်ကိုဖြည်းဖြည်းလေး ပွတ်သပ်ကြည့်နေရင်း ဦးဘတုတ်ကို လှမ်းမေးလိုက်သည်။

" ဦးဘတုတ် ခင်ဗျားချစ်သည်းကြီးက ဒီနေ့ဘယ်သွား တာတုန်းဗျ "

" ဘုတာမှာ သူ့တူမ သွားကြိုမယ်လို့ ပြောသွားတာဘဲ "

ဦးဘတုတ်က ပေါ့ပေါ့ပါးပါးလေး ပြောလိုက်သော်လည်း ကျန်သုံးယောက်မှာ ဖဲချပ်များကိုပင် စိတ်မဝင်စားနိုင်အောင် ဖြစ် သွားကြသည်။ ဖိုးလုံးက သေချာအောင်မေးလိုက်သေးသည်။

" နှင်းခလမင်းကို ပြောတာမဟုတ်လား ဦးဘတုတ် "

" ငါ့မိန်းမပြောတာတော့ ဝိုင်းကြည်ဆိုလားပါပဲ "

" ဟာ အဲ့ဒါ နှင်းခလမင်းရဲ့ ပထမနာမည်ဗျ "

" ဟောဒီမှာ ဉဗျာ လှလိုက်တဲ့ဖဲ ဟား ဟား ဟား "

ဦးဘတုတ်က တဝိုင်းလုံးကငွေများကို သိမ်းလိုက်သည်။ ကိစ္စမရှိ၊ ဖဲဝိုင်းကို ဘယ်သူမှ စိတ်မဝင်စားတော့၊ သူတို့စိတ်ကူး ဖဲရိုက်နေသည်က နှင်းခလမင်း။ ရဲနိုင်က မေးသည်။

" နေပါဦး နှင်းခလမင်းက ခင်ဗျားတို့နဲ့ပဲ အတူနေမှာ မဟုတ်လား "

" မသိပါဘူးကွာ . . . ခင်လေးကလဲ ငါ့ကိုဘာမှမပြော သေးဘူး "

သူတို့စိတ်ဝင်တစား စုံစမ်းစပ်စုနေကြတုန်းမှာပင် အဲ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရှေ့မှ ခေါ်သံထွက်ပေါ်လာသည်။ ဒေါ်အာကျယ်ရဲ့အသံ။

" ကိုဘတုတ် ကိုဘတုတ် "

အားလုံးတက်ကြွစွာ ပြတင်းပေါက်မှ စုပြုံပြီးလှမ်းကြည့်လိုက်ကြသည်။

" ဟိုက် " " ဟာ " " ဘယ်လိုဖြစ်သွားတာတုန်း "

ဒေါ်အာကျယ်နှင့် အတူဝင်လာသော နှင်းခလမင်းမှာ ကလေးတစ်ယောက်ကို လက်ဆွဲလာသည်။ သူနှင့်ယှဉ်လျက်တော ကျကျ အမျိုးသားတစ်ယောက်။ ဘာတွေဖြစ်ကုန်းမှန်းမသိ။

ကိုဗိုက်၊ရဲနိုင်နှင့်ဖိုးလုံးတို့ ပြောပြသောအဖြစ်အပျက်ကို နားထောင်ရင်းဒီပဇော်ပါ နားမလည်နိုင်အောင်ဖြစ်သွားသည်။ သောက်လက်စဆေးလိပ်ကို ထိုးချေရင်း ဒီပဇော်က မေးလိုက်သည်။

" ကဲ ဆက်ပြောစမ်းပါဦး ဘယ်လိုဖြစ်လို့ ယောက်ျားနဲ့ ကလေးက ပါလာရတာလဲ "

" ရှင်းပါတယ်ကွာ ဝိုင်းကြည်က အစကတည်းက ကလေးနဲ့ ယောက်ျားရှိတယ်ကွ လင်မယားချင်းကွဲပြီး ရန်ကုန်မှာ အလုပ်လာလုပ်နေတာတဲ့ အခုတော့ ပြန်ပေါင်းထုတ်သွားပြီ ဆိုပါတော့ ကွာ "

ထိုတော့မှ ဒီပဇော်က တဟီးဟီးရယ်လေတော့သည်။ ဒီပဇော်ကိုကြည့်ပြီး ဖိုးလုံးက စိတ်မသက်မသာဖြင့်ပြောသည်။

" အေး မင်းကတော့ ရယ်နိုင်မှာပေါ့ကွာ၊ ငါတို့မှာသာ နားပူနားဆာဆောင်က ဘယ်ကိုပြောင်းပြေးရမှန်း မသိဖြစ်နေကြတာ "



" ဟုတ်ပ မင်းက မင်းဦးလေးစည်းစိမ်ပေါ် တက်ထိုင်ပြီး ဇိမ်ကျနေတာ၊ ငါတို့နားတွေက ဘက်ဂဒက် စစ်မြေပြင်ကို ရောက်နေသလိုခံစားနေရတယ် "

ရဲနိုင်က ဖြည့်စွက်ခံစားပြလိုက်သေးသည်။ ဒီပဇော်က မိန့်မိန့်ကြီးပြုံးပြီး ခေါင်းညိတ်ပြသည်။

" မှန်တယ် မင်းတို့ သိသလောက်ဆိုရင် ဦးလေးရဲ့စည်းစိမ်ပေါ် တက်ထိုင်ပြီး ဇိမ်ကျနေတာပေါ့လေ၊ အေး တကယ်က အဲဒီ ထက်ပိုအဆင်ပြေနေတာက ငါလက်ထပ်ယူမယ့် မိန်းကလေးတစ်ယောက်ကိုပါ နတ်ကောင်းနတ်မြတ်တွေက စေလွှတ်ပေးလိုက်တယ် "

" ဘယ်သူလဲ ဘယ်ကလဲ "

" မင်းတို့ကို မိတ်ဆက်ပေးချင်လွန်းလို့၊ အခု မင်းတို့ကို လာခေါ်တာလေ၊ ငါလက်ထပ်မယ့် မိန်းကလေးက, ငါ့အိမ်မှာအဆင်သင့်ရောက်နေပြီ၊ အိမ်ကိုမင်းတို့လိုက်ခဲ့ကြ၊ ငါလက်ထပ်ပြီးတာနဲ့ မင်းတို့နေဖို့ထိုင်ဖို့ အကောင်းဆုံးစီစဉ်ပေးမယ် "

" ဟိုက် ရှားပါး ငါတို့အားလုံးထဲမှာတော့ မင်းကသေချာ ရေရာတဲ့ အစီအစဉ်တွေနဲ့ နေထိုင်ခွင့်ရတဲ့သူပါပဲကွာ "

" ကဲသွားကြစို့ "

သူတို့အုပ်စု ဒီပဇော်ရဲ့ကားလေးပေါ် တက်ထိုင်လိုက်ကြပြီး လက်ဘက်ရည်ဆိုင်ရှေ့မှ ထွက်ခွာခဲ့ကြသည်။ မကြာခင် ဒီပဇော်၏ အိမ်ဂေဟာရှေ့သို့ ကားလေးထိုးဆိုက်လေသည်။ ခေါ်စပ်စုက ဒီပဇော်ကားပေါ်က ဆင်းသည်နှင့် အနားသို့လာရပ်ပြီးမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



" မောင်ဒီပဇော် ဘာမေ့ကျန်ခဲ့လို့လဲကွယ် "

" ဗျာ . . . အန်တီ ဘာမေးလိုက်တာလဲ "

" မင်းတို့စောစောကပဲ လော်ရီကားကြီးဖင်ထိုးပြီး ပစ္စည်းတွေတင် အိမ်ပြောင်းသွားကြတာလေ၊ အန်တီတောင် မင်းကိုမမြင်လို့မေးတော့ ခင်ဖြူစင်က ပြောသေးတယ် တိုက်သစ်မှာစီစဉ်စရာတွေစီစဉ်နေတယ်ဆိုလို့ "

ဘာတွေမှန်းမသိ၊ ဒေါ်စပ်စု ဦးနှောက်မှုကောင်းသေးရဲ့လား။ ဒီပဇော်က ခင်ဖြူစင်ကို အသံပေးရင်း စေ့ထားသောအိမ်တံခါးကို တွန်းဖွင့်လိုက်သည်။ မရှိ ဘာဆိုဘာမှ မရှိတော့။ အိမ်တစ်အိမ်လုံးပြောင်တလင်းကို ခါလို့။ ဧည့်ခန်းနံရံပေါ်မှာတော့ ဆေးဖြပင်န်နှင့်စာလုံးကြီးကြီး စာတန်းတစ်ခု ရေးထားခဲ့လေတော့သတည်း။

" ကျေးဇူးတင်ပါသည်ရှင် "

နေညြိယျာ

www.burmeseclassic.com